http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။




အပူမာဒေါ် အမတ်ံ ပဒံ

ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းသည်
သေခြင်းကင်းရာ နိဗ္ဗာန်၏ အကြောင်းဖြစ်သည်။

အပ္ပမာဒ စာစဉ်

အမှတ်(၁၀၉)၊ ရွှေဝါထွန်း(၂)လမ်း၊ (၃၃)ရပ်ကွက်
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်။
ဖုန်း-၅၀၄၇၃၀

http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

**မောင်မိုက်ခြင်းရဲ့အဓိပ္ပါယ် အလင်းတန်းတွေ့ရင်သိလိမ့်မယ်**

**ပထမအကြိမ် ၊ အုပ်ရေ (၂၀၀၀) ၊ ၂၀၀၁ခုနှစ် ၊ ဇူလိုင်လ**

စာမူခွင့်ပြုချက် - ၃၅၉/၂၀၀၁ (၆)
အဖုံးခွင့်ပြုချက် - ၃၂၀/၂၀၀၁ (၆)
မျက်နှာဖုံးပန်းချီ - ပန်းချီ သန်းထိုက်
အတွင်းသရုပ်ဖော် - ပန်းချီ မောင်မောင်သိုက်
စီစဉ်ဖြန့်ချိသူ - ဒေါ်သီဂီမိုး
ထုတ်ဝေသူ - ဦးမောင်ကလေး (မြ-၀၀၆၅)
သောကြာစာပေ
(၁၅)၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
အဖုံးနှင့်အတွင်းပုံနှိပ် - ရွှေနိုင်ငံပုံနှိပ်တိုက်
ဦးမောင်မောင်လှ၊ (မြ-၀၅၇၄၅)
အမှတ်၉၀(စီ)၊ကမ္ဘာအေးဘုရားလမ်း
ရန်ကုန်မြို့ ။
ဖြန့်ချိရေး - အပ္ပမာဒဓမ္မရသစာပေတိုက်
အမှတ်(၈၈)၊ ၃၇လမ်း (အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**တန်ဖိုး - ( ၆၀၀ ) ကျပ်**

အပ္ပမာဒ
စာစဉ်

# မြသန်းစံ

# မောင်မိုက်ခြင်းရဲ့အဓိပ္ပါယ် အလင်းတန်းတွေ့ရင် သိလိမ့်မယ်

http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

# မာတိကာ

## စာရေးသူ၏ နိဒါန်းစကား


၁။ မှောင်မိုက်ခြင်းရဲ့အစိပ္ပါယ် အလင်းတန်းတွေရှင်သိလိမ့်မယ် ၁

၂။ မနောကံ၏နယ်ပယ် ၁၅

၃။ အဖေ့နေရာကို ချဲ့ပွားခံစားမိခြင်း ၂၇

၄။ မိုးမှန်တိုင်းတွေကြားမှာ ၄၁

၅။ သိမ်မွေ့သောရန်သူ ၅၉

၆။ အဝေးမြေးသံဝေဝ ၇၃

၇။ ပုဂ္ဂိုလ်ရေးနှင့် ဓမ္မရေး ၇၉

၈။ ဂုဏ်ပယ်ပေမယ့် ဂုဏ်မငယ်တဲ့မုံလယ် ၁၀၇

၉။ အသေမဦးခင် ဉာဏ်ဦးအောင် ၁၂၉


## စာရေးသူ၏ နိဒါန်းစကား

ဤစာအုပ်နှင့်ပါဆိုလျှင် စာအုပ်အရေအတွက်အားဖြင့် (၁၀)အုပ် ရှိခဲ့ပြီ။ ဆောင်းပါးအရေအတွက်အားဖြင့်ကား မနည်းလှတော့ပေ။ ၁၉၉၆ခုနှစ် အကုန် ၁၉၉၇ခုနှစ်မှ စတင်ရေးသားခဲ့သောစာများကို ပြန်လည်ငဲ့စောင်း ကြည့်မိသည်။ နှစ်အားဖြင့် (၅)နှစ်ကျော် (၆)နှစ်နီးပါး စွန်းထင်းလာခဲ့ပြီ။ ဤစာများကို ရေးဖြစ်ခဲ့သည်မှစ၍ ဘဝအချိုးအကွေ့သည်လည်း သိသိ သာသာပြောင်းလဲခဲ့ပြီ။

လွန်ခဲ့သော (၆)နှစ်ကျော်၏ ဟိုမှာဘက်ဆီတွင် ကျန်ရစ်ခဲ့သော ပုံရိပ်များကား လိုက်မလာနိုင်တော့ပေပြီ။ သီချင်းရေးသူ၊ ကဗျာရေးသူ၊ ရုပ်ရှင်ရိုက်သူ၊ သရုပ်ဆောင်သူ၊ ဝတ္ထုရေးသူ၊ ဇာတ်ညွှန်းရေးသူ၊ အထွေထွေ ဆောင်းပါးများရေးသူ၊ ရုပ်သံအစီအစဉ်များစီစဉ်ခဲ့သူ စသည်ဖြင့် ပုံရိပ်တို့သည် မှုန်ပျပျနှင့်ကျန်ရစ်ခဲ့လေပြီ။

ထိုအလုပ်တွေကို အရှုးအမူးလုပ်ခဲ့ရင်းမှပင် မမျှော်လင့်ပါဘဲ အာရုံ အသစ်တစ်ခုနှင့် ထိတွေ့ခွင့်ရခဲ့သည်။

“ဓမ္မ”

တကယ်တော့ မွေးစမှသည် ယခုအချိန်အထိ ကြုံခဲ့ရသမျှ

http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖြစ်စဉ်တန်းကြီးသည် ဓမ္မဖြစ်စဉ်တန်းကြီးသာဖြစ်သည်။ ဓမ္မဖြစ်စဉ်တန်းကြီးဟု မသိခဲ့ခြင်းနှင့် ဓမ္မဖြစ်စဉ်တန်းကြီးပါလားဟု သိခွင့်ရလိုက်ခြင်းသာ ကွာခြား ပေသည်။ သို့သော် ထိုကွာခြားမှုကြီးသည် ပင်လျှင် လူ့ဘဝတွင် အတွေး အခေါ်၊ အသိအမြင်၊ ဉာဏ်ပညာ ပြောင်းလဲမှုတို့ကို ဖြစ်ပေါ်စေမှန်း ယခုမှ သတိထားမိတော့သည်။

အောင်မြင်မှု၊ချမ်းသာသုခ၊ ဥစ္စာစည်းစိမ်၊ လက်ခုပ်သံ၊ ဝမ်းမြောက် ဂုဏ်ယူမှုစသည်တို့ကို လိုလားနှစ်သက် မျှော်လင့် တောင့်တခဲ့မှုတို့၌ လောဘ၊ ဒေါသနှင့်ယှဉ်သောစိတ် စေတသိက်တွေ၊ မောဟနှင့်ယှဉ်သော စိတ် စေတသိက်တွေ၊ မာနနှင့်ယှဉ်သော စိတ်စေတသိက်တွေ ပေါင်းစပ်ပါဝင် နေမှန်း မရိပ်စားမိခဲ့။

မောဟဦးစီးနေသော စိတ်သည် သစ္စာတရားကို အဘယ်မှာ သိနိုင် ပါအံ့နည်း။ တစ်နည်းအားဖြင့် မသိမှုအဝိဇ္ဇာဖုံးနေသော စိတ် စေတသိက် တို့သည် သစ္စာဆိုသည့် အမှန်တရားကိုလည်း မသိနိုင်၊ ခန္ဓာငါးပါးကိုလည်း မသိနိုင်၊ ဓာတ်(၁၈)ပါးကိုလည်း မသိနိုင်။ အာယာတန (၁၂)ပါးကိုလည်း မသိနိုင်။ အကြောင်းအကျိုး တည်းဟူသော ပဋိစ္စသမုပ္ပါဒ်တရားကိုလည်း မသိနိုင်။

လောကထဲသို့ လူအဖြစ်ရောက်လာခဲ့ပြီးကာမှ သစ္စာတရားကို မသိဘဲ (သိခွင့်မရလိုက်ပါဘဲ) လူ့ဘဝထဲက ပြန်ထွက်ခွာသွားရမည်ဆိုပါလျှင် မည်မျှ နစ်နာလိုက်ပါသနည်း။ မရပ်မနားခြင်း တစ်မျိုးဖြစ်သော အချိန်ကာလကား လူတစ်ဦးချင်းစီကို စောင့်ဆိုင်းနေလေ့မရှိပါ။ မွေးလာသူသည် အချိန် ကာလနှင့်အတူ ကြီးရင့်လာမည်။ အချိန်ကာလနှင့်ယှဉ်၍ အိုမင်းလာမည်။ အချိန်



ကာလနှင့်တွဲလျက် နာမှုတွေဖြစ်လာမည်။ အချိန်ကာလတစ်ခုသို့ ရောက်သောအခါ ရပ်တန့်သေဆုံးသွားမည်။ ထိုအခါကိုယ့်အတွက် (ကိုယ်က သေဆုံးသွားသဖြင့်) အချိန်ကာလကား ရပ်တန့်သွားသည်သို့ရှိသည်။ သို့သော် အချိန်ကာလ၏သဘောကား ရပ်တန့်မသွား။ ကျန်ရစ်ခဲ့သူ အခြား သူတစ်ပါးတို့အတွက် ယှဉ်ဖော်ယှဉ်ဖက်အဖြစ် ရှိနေရစ်ဦးမည်။

''အချိန်''၏တန်ဖိုးကို ပညာရှင်အမျိုးစုံတို့က မိမိတို့ဘဝ အတွေ့ အကြုံ၊ အသိအမြင်အလိုက် အဓိပ္ပါယ်အမျိုးမျိုးဖွင့်ဆိုသည်ကို ကြားနာ ဖတ်မှတ်ခဲ့ရဖူးပါသည်။ လူ့ဘဝသို့ ဧည့်သည်အဖြစ် ခဏတာရောက်နေဆဲ ''အချိန်''ကလေးအတောအတွင်း အမှန်တကယ်သိသင့်သိထိုက်သည့် အမှန် တရား၊ သစ္စာတရားတို့ကို သိခွင့်မရ (သိခွင့်ရအောင်လည်းမကြိုးစား) ခဲ့သည်မှာ အဘယ် အကြောင်းကြောင့်နည်း။ ''သိ''သင့်သည်ကို ''မသိ''၊ ''မသိ'' သင့်သည်ကိုမှ ''သိ''တတ်သော ''အဝိဇ္ဇာ''တည်းဟူသော အကြောင်း ကြောင့်ဖြစ်သည်။ ထိုအခါ''မရှိ''ကို''အရှိ''ထင်၊ ''အရှိ''ဟုအထင် မှားမှုကြောင့် အာရုံမှန်သမျှ၌ ခုံမင်တွယ်တာ လိုချင်တပ်မက်သော ''တဏှာ'' သည်လည်း ယှဉ်ဖော်ယှဉ်ဖက် အဖြစ် မွေးဖွားလာပြန်သည်။ သည်အတော အတွင်း ''အချိန်'' ကာလကား ကိုယ့်ကို တရိရိတိုက်စားနေသည်။ ဇာတိမှသည် ဇရာဖြစ်လာရပြီ။ ဇရာမှသည် မရဏဆီသို့ ဦးတည်နေသည်။ နောက်ဆုံးတော့ မသိမှုကပင် လွှမ်းမိုးအနိုင်ယူသွားသောအခါ ပြီးသွားပြန်ပြီ တစ်ဘဝ။ မသိဘဲ သေသွားရခြင်း။ သိမှုကို သိခွင့်

http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

## စာရေးသူ၏နိဒါန်း

မရသွားခဲ့ခြင်း။

အချိန်ကာလနှင့်ယှဉ်လျက် သိမှုသဘော၊ အသိ၏တန်ဖိုး၊ ဉာဏ်၏ စွမ်းရည်တို့ကို လေ့လာလိုက်စားမိလာသောအခါ လွန်ခဲ့သော (၆)နှစ် ကျော်၏ ဟိုမှာဘက်ဆီတွင် ရပ်တန့်ကျန်ရစ်ခဲ့သော ပုံရိပ်များဖြစ်ပေါ်ခဲ့အောင် ''မသိမှု''ကြီး ဦးစီးလျက်လှုပ်ရှားရုန်းကန် အသက်ရှင်နေထိုင်ခဲ့သော (၃၈)နှစ် နီးပါးအချိန်ကာလများကို နှမြောတသမိတော့သည်။

တော်ပါသေး၏။လက်မတင်ကလေးပါပဲ။သတိတရားနှင့် ယှဉ်သော အသိဉာဏ်ရှာဖွေဖြစ်ဖို့အတွက် တွေ့ဆုံခဲ့ရသော ဆရာသမားများ၊ တိုက်တွန်း ဆုံးမခဲ့သော ဆရာသမားများ၊ ကိုယ်တိုင် လမ်းဖြောင့်ပေါ် ရောက်ခဲ့ပြီး ဖြစ်သဖြင့် မေတ္တာ၊ ကရုဏာဖြင့် ယှဉ်သောစိတ်ဖြင့် လက်တွဲခေါ်ယူ ဖေးမ ကူညီခဲ့သော ဆရာသမားတို့၏ ကျေးဇူးများကား ဆပ်၍ မကုန်နိုင်တော့ပေ။

ဆိုရလျှင် (၃၈)နှစ်နီးပါး မသိမှုအမှောင်ထဲ၌ ထုံမွှေ့ခဲ့သောစိတ် စေတသိက်တို့သည် သာသနာတည်းဟူသော အလင်းရောင်ကြောင့် ကြည်စင် ဝင်းပလာခဲ့ရပြီဖြစ်သည်။ သိမှုကို အဆင့်မြင့်မြင့် ရှာဖွေတွေ့ရှိလိုသော စိတ်စေတသိက်တို့သည်လည်း နိုးကြားရှင်သန်လာခဲ့ပေပြီ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ တည်းဟူသော သရဏဂုံသုံးပါးကိုလည်း အလေးအနက် နှလုံးသွင်း ကြည်ညိုတတ်လာခဲ့ပြီ။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါးသည်လည်း နှလုံးအိမ်၌ နက်ရှိုင်းစွာ ကိန်းခိုလာခဲ့ပြီ။

## မြသန်းစံ

ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ်ကိုလည်း အတိုင်းအဆမဲ့စွာ တန်ဖိုးထားတတ်လာခဲ့ပြီ။ ကုသိုလ်တရားတို့မဖြစ်သေးက ဖြစ်အောင်နှင့် ဖြစ်ပြီးက တိုးပွားအောင်၊ အကုသိုလ်တရားတို့ မဖြစ်သေးက မဖြစ်အောင်နှင့် ဖြစ်ခဲ့ပြီးပါကလည်း ထပ်မံမဖြစ်အောင် သတိဦးစီးလျက် စွမ်းဆောင်နိုင်လာ၏။

စောင့်ဆိုင်းမနေတတ်သော အချိန်ကို သူလည်း သူ့အလုပ်နှင့်သူ လုပ်၊ ကိုယ်လည်း ကိုယ့်အလုပ်ကိုယ်လုပ်ကာ စည်းခြားထားဖြစ်လာ၏။ ဘယ်အချိန်သေရမလဲ၊ အချိန်မရွေးအသင့်ဖြစ်နေအောင် နေ့စဉ်ပြင်ဆင် ထားဖြစ်လာ၏။ တစ်နည်းအားဖြင့် မရဏသေမင်း လာခေါ်သည့်အချိန် ကြည်ကြည်ဖြူဖြူ လိုလိုလားလားနှင့် မငြင်းမဆန် မရုန်းမကန်ပါဘဲ လိုက်နိုင်အောင် အသင့်ပြင်ဆင်ထားဖြစ်လာ၏။

ဤသည်မှာ ''ဓမ္မ''တည်းဟူသော အာရုံအသစ်တစ်ခုအပေါ် စိမ့်ဝင်လိုက်စားခဲ့မိရာမှ ရလာခဲ့သော စိတ်၏ သတ္တိများပင်တည်း။ ဆိုရလျှင် အမှောင်ထဲနေစဉ်က မှောင်သည်ဟုမသိခဲ့။ အမှောင်၏အဓိပ္ပါယ်ကို နား မလည်ခဲ့။ အလင်းသို့ရောက်သောအခါမှပင် အလင်းနှင့်ယှဉ်၍ အမှောင်၏ သဘာဝကို ပိုမိုနားလည်လာရသကဲ့သို့ပင်တည်း။ အနတ္တ၏သဘာဝကို အတန်အသင့်နားလည်လာသောအခါ အတ္တ၏သဘာဝကို ပိုမိုရိပ်စားလာမိသကဲ့သို့တည်း။

ထို့ကြောင့် ဤစာအုပ်ကို ''မှောင်မိုက်ခြင်း၏အဓိပ္ပါယ် အလင်းတန်း တွေ့ရင် သိလိမ့်မယ်''ဟူသော ဆောင်းပါးကို မူတည်

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## စာရေးသူ၏နိဒါန်း

၍နာမည်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ဤစာအုပ်အတွင်း၌ ဘဝ အတွေ့အကြုံအလျောက် ကြုံလာ ဆုံလာခဲ့သည်တို့မှ မှတ်မှတ်ရရ ဖြစ်စရာများကို မှတ်တမ်းတင်ထားသော ဆောင်းပါး(၆)ပုဒ်နှင့် ကိုယ့်ခရီးကိုယ်နှင် ဓမ္မခရီးစဉ်အပေါ်မှ ဆုံတွေ့ခဲ့ရသော ကြည်ညို လေးမြတ်ဖွယ်ရာ ဆရာတော်ကြီးများ၏အကြောင်းကို မှတ်တမ်းတင်ထားသော ဆောင်းပါးရှည် (၃)ပုဒ်၊ စုစုပေါင်း ဆောင်းပါး(၉) ပုဒ်ပါဝင် ပါသည်။

အားလုံးသည် အမှောင်၏ အခြားတစ်ဖက်ဆီမှ အလင်းတန်းများ ဖြစ်ပါသည်ဟု နိဒါန်းစကားဆိုချင်ပါသည်။ ထို့ပြင် ဤစာစုကို ဖတ်ရှုသူ ဓမ္မစာချစ်သူတို့၏ ကျေးဇူးတရားများအားလည်း မြတ်သောအကျင့်ဖြင့် ကျေးဇူးတုံ့လှဲ့ ပြန်ဆပ်ခဲ့ပါမည်ဟု အဓိဋ္ဌာန် ရည်သန်ကာတိုးလျှက်. . . .....။

**မေတ္တာမြင့်**
**မြသန်းစံ**
**၁၉-၅-၂၀၀၁**



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

***"သိမှု"ဟူသော"ဝိဇ္ဇာ"သည် ဉာဏ်အလင်းတန်း ဖြစ်ပါသည်။***
***"မသိမှု" ဟူသော "အဝိဇ္ဇာ"သည် ဉာဏ်မဲ့အမှောင် ဖြစ်ပါသည်။***
***လူသည် "ဉာဏ်မဲ့အမှောင်" တည်းဟူသော အမှောင်အရိပ်ကြီး***
***အောက်၌ နေထိုင်ခဲ့စဉ်က အလင်းရောင်၊ အလင်းတန်းဟူသော***
***"ဉာဏ်"၏ အဓိပ္ပါယ်ကို နားလည်နိုင်စွမ်းအား မရှိပါ။***
***မမျှော်လင့်ပါဘဲ အလင်းထဲသို့ ရောက်လာခဲ့ပြီး***
***ဉာဏ်အလင်းတန်း၏ အဓိပ္ပါယ်ကို နားလည်လာသောအခါမှ ..***

## မှောင်မိုက်ခြင်းရဲ့အဓိပ္ပါယ် အလင်းတန်းတွေ့ရင် သိလိမ့်မယ်

(၁)

တကယ်တော့ သည်ဆောင်းပါးခေါင်းစဉ်သည် သူ့သီချင်းတစ်ပုဒ်ထဲက စာသားအပိုင်းအစ သို့မဟုတ် စကားလုံးအစုအတွဲတစ်ခု ဖြစ်ပါသည်။ ဆောင်ပါးတစ်ပုဒ် ရေးသားရန်အတွက် ထိုသီချင်းစာသား အပိုင်းအစ စကားလုံးအစုအတွဲကို သူ အဘယ့်ကြောင့် ရွေးချယ်လိုက်ရပါသနည်း။ အကြောင်းရှိပါသည်။





ထိုသီချင်း ရေးသားခဲ့စဉ်က ''မှောင်မိုက်ခြင်း''ဟူသော အဓိပ္ပါယ်ကို သီးခြားနယ်မြေ၊ ဆန့်ကျင်ဘက်အစုအဝေးများ၏ ကိုယ်စားပြုစကားလုံး အဖြစ် သူသုံးစွဲခဲ့ခြင်း ဖြစ်ပါသည်။ သို့ဆိုလျှင် ''အလင်းတန်း''ဆိုသည့် စကားလုံးကရော။ မှန်ကန်သော၊ မှန်မြတ်သောလုပ်ရပ်များဖြင့် ရဲရင့် တည်ကြည်သူတို့၏ စေတနာများကို ကိုယ်စားပြုစကားလုံးအဖြစ် ရွေးချယ် သုံးစွဲခဲ့ခြင်းဖြစ်ပါသည်။ ယခုတော့ မှောင်မိုက်ခြင်းတွေ၊ အလင်းတန်းတွေ စသည်ဖြင့် စည်းခြားကန့်သတ်ထားခြင်း မရှိတော့သော ''ငြိမ်းချမ်းရေး ပန်းခင်း''ကြီး၌ သမိုင်းပေးညီအစ်ကိုတွေ လက်ဆန့်ကမ်းလှမ်း ရင်းနှီးချစ်ကြည် ပျော်မွေ့နေကြပြီဖြစ်သဖြင့် သူ့ရေးသားဖွဲ့နွဲ့မှုသည်လည်း ပျက်ပြယ်ပြီးဆုံးသွားခဲ့ပြီဟု ဆိုရတော့မည် ဖြစ်ပါသည်။

ဒါဖြင့် ဘာကြောင့် တစ်ပတ်ပြန်လည် သုံးစွဲရပြန်ပါသနည်းဟု မေးစရာရှိပါသည်။ ဖြေပါမည်။ သည်တစ်ခါ သူ သုံးစွဲ အဓိပ္ပါယ်ဖွင့်လိုသည်မှာ အစုအဝေး၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ခြင်းမရှိသော လူတစ်ဦးချင်းစီ၏ အမှောင်နှင့်အလင်းကို ဆိုလိုချင်ပါသည်။

''သိမှု''ဟူသော''ဝိဇ္ဇာ''သည် ဉာဏ်အလင်းတန်း ဖြစ်ပါသည်။

''မသိမှု''ဟူသော''အဝိဇ္ဇာ''သည် ဉာဏ်မဲ့အမှောင် ဖြစ်ပါသည်။

လူသည် ''ဉာဏ်မဲ့အမှောင်''တည်းဟူသော အမှောင်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အရိပ်ကြီး အောက်၌ နေထိုင်ခဲ့စဉ်က အလင်းရောင်၊ အလင်းတန်း ဟူသော 'ဉာဏ်'၏ အဓိပ္ပါယ်ကို နားလည်နိုင်စွမ်းအား မရှိပါ။

မမျှော်လင့်ပါဘဲ (သို့သော် ထိုမမျှော်လင့်ခြင်း၌ အသိဉာဏ် အလင်း တန်းကို ရှာဖွေလိုခြင်းတည်းဟူသော စိတ်ကလေး ဒွန်တွဲပါဝင်နေပါသည်) အလင်းထဲသို့ရောက်လာခဲ့ပြီး ဉာဏ်အလင်းတန်း၏ အဓိပ္ပါယ်ကို နားလည် လာသောအခါမှ နေထိုင်ခဲ့ဖူးသော အမှောင်ရိပ်၏အကြောင်း၊ အမှောင်၏ သဘာဝအကြောင်း စသည့်အမှောင်၏ အဓိပ္ပါယ်ကိုလည်း နားလည်လာရ ပြန်ပါသည်။

သို့နှင့် မှောင်မိုက်ခြင်း၏ အဓိပ္ပါယ်များသည် အလင်းတန်းနှင့် တွေ့ရသောအခါမှ ပိုမိုသိရှိနားလည်လာရကြောင်းကို သူ့ဘဝ အစိတ်အပိုင်း များစွာထဲမှ ဖြစ်ရပ်တစ်ခုကို ထုတ်နုတ်၍ သက်သေပြချင်ပါသည်။

(၂)

သူမောင်းလာသော အိမ်စီးကားကလေးသည် ကမ္ဘာအေးဘုရား လမ်းမကြီးပေါ်မှတစ်ဆင့် ဂန္ဓမာလမ်းထဲသို့ ချိုးကွေ့ဆင်းချလိုက်လေသည်။ လမ်းမပေါ်တွင် ကားသွားကားလာတွေ ကျဲပါးစပြုနေပြီ။ အိမ်တံခါးတွေလည်း တော်တော်များများ ပိတ်ကုန်ကြပြီ၊ ည(၁၁)နာရီရှိမှပဲ။

မြို့ပတ်ရထားသံလမ်းကို ဖြတ်ကျော်ပြီးသောအခါ ပတ်ဝန်းကျင် သည် သိသိသာသာ တိတ်ဆိတ်သွားတော့သည်။





လူနေအိမ်ခြေတွေမှ မရှိတော့ပြီဘဲ။ လမ်းဘယ်ဘက်တွင် ရေကူးအသံလွှင့်ရုံ၊ ညာဘက်တွင် ဥက္ကလာဂေါက်ကွင်း။ ကောက်ကွေ့နေသော ကတ္တရာလမ်းအတိုင်း ကားကို ခပ်ဖြည်းဖြည်းမောင်းလာမိသည်။ လူရှင်းသော်လည်း အရှိန်သိပ်မတင်ရဲ။ လမ်းက ကောက်ကွေ့ရသည့် အထဲ၊ အဖုအထစ်၊ ချိုင့်ခွက်တွေ များလှသဖြင့် သတိထားမောင်းနှင်ရသည်။ ဂေါက်ကွင်းထိပ်စပ် ဆုံးသောအခါ ကားကို ညာဘက်သို့ ချိုးကွေ့လိုက်သည်။ သည်မှာတင် တိတ်ဆိတ်နေသော ကား ပေါ်မှာ အသံတစ်သံ ထွက်လာသည်။ သူ့သားငယ်၏ အသံ။

"မေမေကြီး၊ သားစိတ်ထဲ ဘယ်လိုဖြစ်နေမှန်းမသိဘူး၊ ဆရာတော့် အသံကိုကြားပြီး ငိုချင်နေတယ်"

သူက ကားမောင်းရင်း ပြုံးမိသည်။ သားက စကားတတ်သည်။ လူကြီးတွေကြိုက်အောင် တစ်ခုခုတော့ လုပ်ပြောတော့မည်ဟု သူထင်မိ၏။ သို့သော် သားငယ်၏အသံက နည်းနည်းတုန်ချင်နေသည်ကိုတော့ သူ သတိပြုမိသည်။ မိခင်ဖြစ်သူကလည်း ရယ်မော နှစ်သိမ့်ရင်းမှ သားငယ်ကို ပြန်ပြောနေ၏။

"မင်းကလည်း လုပ်တော့မယ်၊ ဘာတွေရောတော ပေါ်တော လုပ်ဦးမလဲ မသိဘူး"

"မဟုတ်ပါဘူး၊ မေမေကြီးရဲ့၊ သားစိတ်ထဲ ဘာဖြစ်နေမှန်း မသိဘူး၊ ငိုချင်သလိုချည်းဖြစ်နေတယ်"

သားအမိနှစ်ဦး အချီအချပြောဆိုနေသံကို သူကားမောင်းနေရင်းမှ ကြားနေရ၏။ သားငယ်၏ အဆိုပြုချက်သည် စဉ်းစားစရာ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖြစ်လာပြီ။ ကား ကလေးသည် အမှောင်ရိပ်ထဲတွင် တရိပ်ရိပ် ပြေးနေဆဲ။

သည်နေ့ပါဆိုလျှင် သူတို့မိသားစု ညတရားပွဲသို့ မပျက်မကွက် သွားရောက်ခဲ့သည်မှာ ဆယ့်တစ်ညရှိခဲ့ပြီ။ အမှန်တော့ သည်နေ့ညသည် တရားပွဲအဆုံးသတ်မည့်ည ဖြစ်သည်။သို့သော် တရား၏အရှိန်မှာ ကောင်းနေဆဲ ဖြစ်သဖြင့် တပည့်ဒကာတွေ၏ တောင်းဆိုချက်အရ နောက်ထပ်သုံးည ထပ်တိုးပေဦးတော့မည်။

တရားပွဲကျင်းပရာ နေရာသည် စမ်းချောင်းမြို့နယ်ရှိ ကံမြင့် ကျောင်းတိုက်။

တရားဒေသနာ ဟောကြားပြသသည့် ဆရာတော်မှာ အောင်ဆန်း တပ်ဦးကျောင်းဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကို ခံယူလျက် ပဋိစ္စသမုပ္ပါဒ်ဒေသနာအစဉ်ကို စက်ဝိုင်းဖြင့် သရုပ်ဖော် ပုံပြဖွင့်ဆို ရှင်းလင်းဟောပြခဲ့သည်မှာ မဆုံးနိုင်၊ မကုန်နိုင်။

ကျယ်ဝန်းလှသော ပဋိစ္စသမုပ္ပါဒ်သံသရာစက်ဝိုင်းကြီးကား သိစရာ တွေအနန္တ။ မှတ်သားစရာတွေက အနန္တ။ လေ့လာစရာတွေ အသင်္ချေ။ ဆည်းပူးစရာတွေ သိန်းသန်းကုဋေ။

တစ်ရက်နာကြားပြီးလေတိုင်း နောက်တစ်ရက် မနာကြားဘဲ မနေနိုင်။ နောက်တစ်ရက် နာကြားပြီးသောအခါတွင်လည်း နောက်ထပ်တစ်ရက် ဆက်လက် နာကြားချင်နေပြန်သည်။ တစ်ရက်ပြီး





တစ်ရက် သိလိုစိတ်တွေ ပိုမိုထက်သန်လာသည်။ တရားတော်ကို လေးလေးစားစား နာယူလိုစိတ်တွေ ပိုမိုပြင်းပြလာသည်။ သည် တရားသင်တန်းကို မတက်ခဲ့၊ မနာကြားခဲ့စဉ်က သူတို့မိသားစုသည် မြန်မာပြည်နေရာအနှံ့ တွေ့ရတတ်သော စက်ဝိုင်းကြီးကို နားမလည်စွာဖြင့် ငေးကြည့်ခဲ့ကြသည်သာ။

တစ်နည်းအားဖြင့် သူတို့မိသားစုသည် သည်စက်ဝိုင်းကြီးကို ကြောက်ခဲ့ကြသည်။ နားမလည်နိုင်ဟူသော စိုးရွံ့သိမ်ငယ်စိတ်ဖြင့် စက်ဝိုင်းအနီးသို့ မချဉ်းကပ်ရဲကြ။ ဆိုရလျှင် စက်ဝိုင်းကြီးသည် သူတို့အတွက် သူစိမ်းတစ်ရံဆံလို ဖြစ်နေသည်။ ပဋိစ္စသမုပ္ပါဒ်ဒေသနာဆိုသော စကားလုံး အစုအဝေးကြီးက သူတို့ကို ခြိမ်းခြောက်သလို ဖြစ်နေသည်။ သို့ဖြင့် သူတို့သည် မြင်ဖူးသော်လည်း အဓိပ္ပါယ်ကို မသိသဖြင့် သူစိမ်းပြင်ပြင်ဖြစ်ခဲ့ရသည်။

ယခုတော့ ထိုသို့မဟုတ်ပြီ။ အောင်ဆန်းတပ်ဦး ဆရာတော်၏ မေတ္တာရှေ့ထား ဟောကြားပြသမှုကြောင့် သည်စက်ဝိုင်းကြီးအတွင်းသို့ သူတို့တစ်မိသားစုလုံး ရဲဝံ့စွာချဉ်းနင်းဝင်ရောက်နိုင်ခဲ့ကြပေပြီ။ စက်ဝိုင်းကြီးသည် သူတို့နှင့် ရင်းနှီးခင်မင်ယဉ်ပါးသွားလေပြီ။စက်ဝိုင်းထဲက စကားလုံးတွေ၏ အဓိပ္ပါယ်တွေကိုလည်း အတန်အသင့်နားလည်ခဲ့ရပြီ။ တကယ်တော့ စက်ဝိုင်းထဲက အဓိပ္ပါယ်ပါသော စကားလုံးတွေသည် သူတို့၏ ခန္ဓာဖြစ်စဉ်ကို နားလည်လွယ်အောင် စုစည်းထားခြင်းပါလား။ အမှန်တကယ်တွင် စက်ဝိုင်းကြီးသည် သူတို့၏ခန္ဓာကို ကိုယ်စားပြု ပြောကြားနေသော စကားလုံးပုံရိပ်တွေပါလား . . .။



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆရာတော် ဆွဲခေါ်ညွှန်ပြသော စက်ဝိုင်းဒေသနာထဲမှ အကြောင်းအကျိုးဖြစ်စဉ်တွေကို သဘောပေါက်လာသောအခါ အမြင်မှား၊ အယူမှား၊ အသိမှားများဖြင့် အမှတ်တမဲ့ စွဲကိုင်ထားသော အယူအဆအချို့သည် ပျက်ပြယ်လွင့်ပါးခဲ့ရလေပြီ။ တစ်ဆင့်ပြော၊ တစ်ဆင့်စကားတို့ဖြင့် ကိုးကွယ်ယူဆခဲ့သည်များထဲမှ အချို့သော အမှားများကို ရှာဖွေတတ်လာသည်။ တစ်ဆင့်စကား၊ တစ်ဆင့်ကြားမှုဖြင့် အသိဉာဏ်ရှိလုပြီဟု သူတို့ကိုယ်သူတို့ ထင်ထားခဲ့သမျှသည် ယခုတော့အချည်းနှီးသာတည်း။ ကိုယ်ပိုင်အသိ မရှိသေးသမျှ ကိုယ်ပိုင်တရား မဖြစ်သေးသမျှ သူများပါးစပ်ဖျား၌ လမ်းဆုံးနေသော သူတို့ဘဝတွေယောင်လည်လည် ဖြစ်ခဲ့ရပုံကို ပြန်မြင်ယောင်မိသည်။ မလွယ်ပါလား။

ခုတော့ သားငယ်ကလေးသည်ပင် ဆရာတော် ဟောကြားရွတ်ဆိုတိုင်တည်ပေးသော ပဋိစ္စသမုပ္ပါဒ်ဒေသနာ ကဗျာလင်္ကာလေးကို အလွတ်ရနေပေပြီ....။

**“အဝိဇ္ဇာ ဘယ်မှာနေ မိမိစိတ်မှာနေ**

**တစ်ခါတလေ မိုက်မဲမှု သင်္ခါရကိုပြု**

**သင်္ခါရပြုတော့ ဝိညာဏ်တွယ် နာမ်ရုပ်အိမ်ကိုဆွယ်**

**အကြည်ခြောက်သွယ် မှန်တံခါး ကောင်းစွာတပ်ဆင်ထား**

**အာရုံခြောက်ပါး တွေ့ဆုံသော် ဝိညာဉ်ခြောက်ပါး ဆိုင်ရာပေါ်**

**ပေါ်လာလေတဲ့ အာရုံများ ကောင်းစွာသူခံစား**





**ခံစားပြီးတော့ လိုချင်ပြန် စွဲလန်းဥပါဒါန်**

**ဥပါဒါန်ကြောင့် ရလိုမှု ကံတွေ ကံတွေထပ်ဆင့်ပြု**

**ကံပြုမိတော့ ဇာတိခေါ် နာမ်ရုပ်အသစ်ပေါ်**

**နာမ်ရုပ်ပေါ်တော့ အိုနာဆုံး သေတော့ ခေါင်းတစ်လုံး။”**

မူရင်း လင်္ကာရှင် ဆရာတော်ဦးဃောသိတ (တစ်ဘဝသာသနာကျမ်းပြု)၏ ကျေးဇူးတရားကိုပါ တစ်ဆက်တည်းသတိရမိသည်။ သားငယ်သည် ဓမ္မဒါနအဖြစ်ဖြန့်ဝေထားသော စာရွက်ကလေးကိုကြည့်၍ တရားပွဲအသွားအပြန် ကားပေါ်တွင် အထပ်ထပ်ရွတ်ဆိုခြင်းဖြင့် နှစ်ရက်အတွင်း၌ အလွတ်ရသွားပေပြီ။ ဆရာတော်တရားဟောနေစဉ်၌လည်း သားငယ်သည် မိခင်ဖခင်နှစ်ဦးကြားထိုင်ကာ ဆရာတော်မေးသမျှကို လူကြီးတွေနောက်မှ သံယောင်လိုက်ကာ ဖြေခဲ့သည်သာတည်း။ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အပြန်အလှန် အမေးအဖြေဖြင့် ဟောကြားခဲ့သော ပဋိစ္စသမုပ္ပါဒ်ဒေသနာ တရားသင်တန်းမှာ စိတ်လွင့်ငိုက်မျဉ်းချိန်မရ။ တရားပွဲတစ်ခုလုံး မေးသံ၊ ဖြေသံတွေဖြင့် တက်ကြွရှင်လန်းနေသည်။ သည်တော့ သားငယ်သည်လည်း သံယောင်လိုက်ဖြေရင်း ဆရာတော့် မေးခွန်းသံကို စောင့်ရင်းဖြင့် ပျင်းတယ်၊ ပြန်တော့မယ်၊ အပြင်လမ်းထွက်လျှောက်မယ်ဟု ဂျီကျချိန်မရတော့။ တရားပွဲအပြီး ခန္ဓာဉာဏ်ရောက် အလုပ်တရားဖြင့် အဖြေ ရှာသောအခါ၌လည်း သားငယ်သည် လူကြီးတွေနှင့် အတူတူယှဉ်ထိုင်သည်။ အိမ်မှာလည်း နေ့စဉ်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



(၁၀)မိနစ်ခန့်ထိုင်နေကျမို့ တရားထိုင်ခြင်းသည် သူ့အတွက် ဘာမျှမဆန်းတော့။ ကျင့်သားရနေပေပြီ။ပရိသတ်နှင့်အတူယှဉ် ၍ ထိုင်နေကျအချိန်ထက်ပို၍ ထိုင်ရခြင်းကသာ သားငယ်အတွက် အတန်ငယ် အခက်အခဲရှိလိမ့်မည်။သို့သော် သူတို့ဇနီးမောင်နှံကမူ သားငယ်၏ အခက်အခဲကို ဂရုမစိုက်အားပေ။ဆရာတော့်တရားကို အမီလိုက်နေရသဖြင့် သူတို့သည်လည်း သူတို့အလုပ်နှင့်သူတို့။ သားငယ်သည်လည်း သားငယ်အလုပ်နှင့် သားငယ်ပဲပေါ့။

တရားပွဲပြီးပြန်တော့ ဓမ္မာရုံအတွင်းမှ ဖျာတွေသိမ်းဆည်းသည့် ဝေယျာဝစ္စအလုပ်ကိုလည်း ရွှင်ရွှင်လန်းလန်းတက်တက်ကြွကြွဆောင်ရွက် လိုက်သေးသည်။ ဤသို့ဖြင့် ဆယ့်တစ်ရက်သော အချိန်အတိုင်းအတာတွင် သားငယ်သည် တရားနာလိုက်၊ နားလည်လည် မလည်လည် ပြန်ဖြေလိုက်၊ ဝေယျာဝစ္စလုပ်လိုက်၊ ပဋိစ္စသမုပ္ပါဒ်လက်ာကို ကားပေါ်မှာအထပ်ထပ် အခါခါရွတ်ဆိုလိုက်နှင့် ပတ်ဝန်းကျင်အပေါ် မှုတည်၍လည်းကောင်း၊ အာရုံအထိအတွေ့ပေါ် မှုတည်၍လည်းကောင်း သားငယ်၏ အတွင်းစိတ်သည် အတော်အသင့် ပြောင်းလဲသွားခြင်း ဖြစ်တန်ရာသည်။ သားငယ်၏ နှလုံးအိမ် အတွင်းသို့ ဝင်မှန်းမသိ ဝင်နေသော ဓမ္မလှိုင်းများသည် သားငယ်၏နှလုံးအိမ်ကို အတန်အသင့် နူးညံ့ပျော့ပျောင်းစေပေလိမ့်မည်။ ဤသို့သော အကြောင်းများကြောင့် သားငယ်သည် အမှန်တကယ်တရားအပေါ်၌ စိတ်ညွတ်နူးမှုဖြစ်သွားခြင်းပေလားဟု သူသုံးသပ်နေမိသည်။

ကားကလေးကို အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။ ခြံတံခါး





ဖွင့်ပြီးသောအခါ ကားကိုဒေါင်အတွင်းသို့ ကားကိုထည့်သည်။ ဂိုဒေါင်တံခါးပိတ်ပြီးမှ အိမ်မအတွင်းသို့ သူဝင်ဖြစ်တော့သည်။ ဧည့်ခန်းသို့ရောက်သောအခါ သားငယ်သည် ရှိုက်ကြီးတငင်ငိုနေလေပြီ။ သူရုတ်တရက်စဉ်းစားမရနိုင်။ သို့နှင့်သားငယ်ကို ပွေ့ချီလိုက်ရသည်။ သားငယ်ကို နှစ်သိမ့်ရပေမည်။

"သား ‥ ဘာဖြစ်လို့ငိုတာလဲသား"

"သား ‥ ဆရာတော့်အသံကို ကြားကြားပြီး ငိုချင်တာပဲ၊ ဘာဖြစ်မှန်းကိုမသိဘူး"

သည်အခါတွင်တော့ သားငယ်၏မျက်လုံးအိမ်မှ မျက်ရည်ပေါက်ကြီးငယ်တို့သည် တသွင်သွင်စီးကျလာပေပြီ။ သားငယ်၏ ရှိုက်သံများကြားမှပင် သားငယ်ကိုမေးခွန်းမေးဖြစ်သည်။

"သား ‥ အခုလိုငိုမိတာ သားကို မေမေကြီးက ရိုက်လို့လား"

"မဟုတ်ဘူး"

"ဖေဖေကြီးရိုက်လို့ ငိုတာလား"

"မဟုတ်ဘူး"

"ဒါဖြင့် သားလိုချင်တဲ့ကစားစရာ ပစ္စည်းတစ်ခုခု မရလို့ ငိုတာလား"

"မဟုတ်ဘူး"

"သားကျောင်းက ဆရာမ ရိုက်လို့လား"

"မဟုတ်ဘူး"

"သားကျောင်းမှာ စာမေးပွဲ မဖြေနိုင်လို့လား"



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



"မဟုတ်ဘူး၊ သားဖြေနိုင်သားပဲ၊ စာမေးပွဲလည်း အောင်သားပဲ"

"ဒါဖြင့်ရင် ဘာဖြစ်လို့လဲ"

"ခုနက ဖေကြီးကို ပြောပြီးပြီလေ။ ဆရာတော့်အသံကို ကြားလို့ ဆိုတာ"

"ဆရာတော့်အသံတွေက ဆယ့်တစ်ရက်လုံးလုံးဆိုတော့ အများကြီးပဲ၊ ဘယ်အသံကြောင့် သားငိုချင်လာရသလဲ"

"ဟိုဟာလေ ‥ ဆရာတော် တရားပွဲပြီးတဲ့အခါတိုင်း ရွတ်တဲ့အသံလေ၊ အဲဒီအသံကြားတိုင်း သားငိုချင်လာတယ်။ ဒီနေ့တော့ သား တကယ်မထိန်းနိုင်တော့ဘူး"

"ဟို မေတ္တာပို့ ဆုတောင်းတာလား"

"ဟုတ်တယ်လေ ‥ ဆရာတော်ဆိုတာလေ"

သည်နေရာအရောက်တွင် သားငယ်သည် အငိုလျော့ပါးခဲ့လေပြီတည်း။ သားငယ်၏မျက်ရည်တို့သည်လည်း တိတ်လာ ခဲ့လေပြီတည်း။

"ကဲ ‥ ဆရာတော် ဆိုခဲ့တဲ့အသံကို သားမှတ်မိသေးလား"

သားကို အာရုံပြောင်းပေးလိုက်ရသည်။ (၇)နှစ်သားဖြစ်သဖြင့် တွေ့သမျှစာတွေဖတ်ချင်၊ မှတ်ချင်၊ ဆိုချင်နေသောသူ့စိတ်ဝင်စားမှုကို မြှင့်တင်ပေးလိုက်ရသည်။

"မှတ်မိတယ်၊ နေပါဦး၊ သားက အစကလေး မေ့နေလို့"

"သတ္တလောကဓာတ် လူနတ်ပြဟ္မာတွေ"





"ဟုတ်ပြီ၊ ဟုတ်ပြီ သားရပြီ"

သားငယ်သည် ဆရာတော်တိုင်တည်ဆုတောင်းသံအတိုင်း ရွတ်ဆိုနေပြန်သည်။ တစ်အိမ်သားလုံး သားငယ်၏အသံကို ဝိုင်း၍ နားထောင်နေကြသည်။

**" သတ္တလောကဓာတ် လူ နတ် ပြဟ္မာတွေ**
**မြတ်ဘုရား၏ တရားအစစ်တွေ**
**ရှိသေလေးစား ကျင့်အားပိုစေ**
**နိဗ္ဗာန်လမ်း စံမြန်းနိုင်ပါစေ။**
**လောဘ၊ ဒေါသ၊ မောဟထိန်ဝေ**
**ဤမီးသုံးပါး ကြီးမားပလေ**
**နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတွေ**
**ကမ္ဘာတည်သမျှ ထွန်းပနိုင်ပါစေ …။"**

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ၊ မရဏစသော စကားလုံးတွေ၏အဓိပ္ပါယ်ကို သားငယ်အပြည့်အဝ နားလည်နိုင်ဦးမည် မဟုတ်ပါ။ သို့သော် ဓမ္မဓာတ်၊ ဓမ္မလှိုင်းတစ်ခုကတော့ သည်စကားလုံးတွေရွတ်ဆိုရင်း၊ သည်ပတ်ဝန်းကျင်ထဲမှာ ထိတွေ့သွားလာရင်းမှပင် မလွယ်ပေါက်တစ်ခုမှသည် သားငယ်၏နှလုံးအိမ်အတွင်းသို့ စိမ့်ဝင်စီးဆင်းသွားခဲ့ပြီ ဖြစ်ပါသည်။ ဤသည်မှာ ဆရာတော်၏ မေတ္တာဓာတ်ပါသော တရားဖြန့်ဝေမှုကြောင့်ဖြစ်သည်ဟု သူထင်မိသည်။

မြတ်ဘုရား၏ တရားအစစ်သည် အဓိပ္ပါယ်နားမလည်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နိုင်သေးသော ကလေးငယ်တစ်ဦး၏ရင်ထဲသို့ စိမ့်ဝင်သွားနိုင်ခဲ့သည်မှာ မယုံကြည်နိုင်လောက်အောင် အံ့သြဖွယ်ပါတကား။ အကယ်၍သာ သားငယ်သည် တရားအပေါ်သည့်ထက် ရိုသေလေးစား ကျင့်ကြံအားထုတ်ခဲ့ပါလျှင် ……။

(၃)

လူတိုင်းတွင် မှောင်မိုက်ခြင်းအဝိဇ္ဇာတွေသည် မွေးရာပါအဖြစ်ပါလာခဲ့ပြီးသားဖြစ်ပါသည်။ သူ့ သားငယ်တွင်လည်း မှောင်မိုက်ခြင်း အဝိဇ္ဇာသည် ပဋိသန္ဓေဝိညာဏ်အခြေစပြုကတည်းကပါလာခဲ့ပြီးသား ဖြစ်ပါသည်။

ဘုရား၏တရားတော်အစစ်ဖြစ်သော အလင်းတန်းတစ်စွန်းတစ်ပြက်ကလေးသည်ပင်လျှင် မှောင်မိုက်မှု အဝိဇ္ဇာကို မြင်အောင် ထွန်းလင်းပြသနိုင်ခဲ့သောဖြစ်ရပ်သည်ကား သားငယ်၏ဖြစ်စဉ်၌ အထင်အရှားရှိခဲ့ပေပြီ။

ထိုသို့သော အလင်းတန်းတစ်စွန်းတစ်ပြက်မှသည် အမြဲတစေလင်းထိန်နေမည့် ဝိဇ္ဇာအလင်းတန်းကြီး ပေါ်ထွန်းလာအောင် လူတိုင်းလူတိုင်းကြိုးစားဆောင်ရွက်သွားမည်ဆိုပါလျှင်. . .

သူတော်ကောင်းတရားတို့သည် ကမ္ဘာတည်သမျှ ထွန်းပလင်းလက်နေလိမ့်မည်ဟု သူယုံကြည်နေမိပါတော့သည်။

၆-၃-၂၀၀၁

❑





http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

***<u>သတိပဋ္ဌာန်တရားတော်၏ ခြေဖဝါးအောက်၌ နေ့စဉ်နှင့်အမျှ လေ့ကျင့်ခဲ့မှုသည် အခါမလင့် အကျိုးပေးခဲ့ပြီတည်း။ စိတ်ထစ်ခု ဖြစ်ပေါ်မည်ရှိဆဲ ထိုစိတ်၏ရှေ့၌ လေ့ကျင့်မွေးမြူထားသော "သတိ"က ရောက်လို့လာသည်။ သတိနှင့်ယှဉ်သောစိတ်က နောင်ဖြစ်ပေါ်တော့မည့် စိတ်များကို ဦးတည်ချက် ပြောင်းပေးလိုက်သည်။</u>***

## မနောကံ၏ နယ်ပယ်

ပညာရပ်ဆိုင်ရာ လေ့ကျင့်ခန်းတစ်ခုကို လက်တွေ့ လေ့ကျင့်လိုက်ရသလိုပင်။

ပြင်းထန်လှသောစကားလုံးများ စွပ်စွဲချက်များ၊ ရင့်သီးလှသော ဝေါဟာရများသည် သူ့နားစည်မြှေးမှတစ်ဆင့် နှလုံးအိမ်ထိ စူးစိုက်ဝင်ကုန် သည်။ တိုက်ပွဲအရှိန်မြင့်တက်နေသော စစ်မြေပြင်၌ လေးသည်တော်တို့ ပစ်လွှတ်လိုက်သည့် မြှားအစင်းများစွာတို့သည် ချပ်ဝတ်တန်ဆာ၊ ဒိုင်းအကာများ၌ လာရောက်စူးစိုက်ကုန်သည့်နှယ် ...။

သတိကြီးစွာထားနေရသည်။ စကားလုံးတို့ကို နှလုံးမသွင်းမိစေရန် မနားတမ်း ဂရုစိုက်နေရသည်။ ဒါတောင်မှ





လွတ်ထွက်သွားသော စကားလုံးအချို့သည် နှလုံးအိမ်အထိ သွားရောက်ရိုတ်ခတ်မိသေးသည်။ စိတ်က နှလုံးအိမ်ရှိ ဟဒယရုပ်ဘက်သို့ ဦးလှည့် လိုက်သည်နှင့် ဒေါသလှိုင်းတို့က ခုံးထလာသလိုဖြစ်ရပြီ။ မဖြစ်။ ဒေါသလှိုင်းအရှိန်ကို လက်ခံမွေးမြူ၍မဖြစ်။ အစပျိုးသည့်နေရာကို လက်ဦးအောင်တွေ့ထားရက်က တစ်ကိုယ်လုံးပျံ့နှံ့လောင်ကျွမ်းသွားသည်အထိဆိုလျှင် ညံ့ရာကျမည်။ သည်နေရာတွင် ဆုံးဖြတ်ချက် မြန်မှဖြစ်မည်။ စိတ်ကို နားစည်မြှေးဆီသို့ ချက်ချင်းဦးလှည့် ပစ်လိုက်သည်။

ထိုအခါ အသံတွေကို ကြားနေရသည်။ သူ့မိတ်ဆွေကြီး၏အသံ။ သူ့မိတ်ဆွေကြီးကမူ သူ့အပေါ်စွပ်စွဲ၍ကောင်းနေဆဲ။ ပိုမိုပြင်းထန်သော စကားလုံးများကို ရွေးချယ်ပြောနေဆဲ။ ပြောသူက သူ့မိတ်ဆွေ။ နားထောင်သူက သူ။ လည်စင်းခံသလို ခေါင်းငုံ့ထားရာမှ သူတစ်ချက်မော့ကြည့်လိုက်မိသည်။ သူ့မိတ်ဆွေကြီး၏ မျက်နှာသည် နီမြန်းနေသည်။ မျက်နှာပေါ်ရှိအသားစိုင်၊ အသားခဲတို့သည် ဆူပွက်ပွထနေသည့် ရေနွေးအမြှုပ်တွေအလား။ ချွေးစေးတွေပျံနေသော သူ့မိတ်ဆွေကြီး၏ မျက်နှာသည် ရေနွေးငွေ့များသီးဖွဲ့နေသည့်အလား။

သူ့မိတ်ဆွေကြီး၏ ဒေါသပုံရိပ်ကို သူကောင်းကောင်းကြီးမြင်နေရသည်။ သည်မြင်ကွင်းသည် မြင်လို့ကောင်းတဲ့ပုံရိပ် ဖြစ်မတဲ့လား။ သည်ဒေါသပုံရိပ်ကြီးသည် ပတ်ဝန်းကျင်ကိုချပြ၍ ကောင်းသောပုံရိပ်ဖြစ်မတဲ့လား။ သူ့မျက်လုံးသည် ပတ်ဝန်းကျင်တစ်ခွင်သို့ တစ်ချက်မျှဝေ့ဝဲကြည့်လိုက်မိပြန်သည်။ အားလုံး၏မျက်နှာများ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သည် သုန်သုန်မှုန်မှုန်၊ မှိုင်းထိုင်းထိုင်း။ သူမှလွဲ၍ သူ့မိတ်ဆွေကြီး၏ ပတ်ဝန်းကျင်မှ လူအားလုံးသည် သူ့မိတ်ဆွေကြီး၏ တပည့်တပန်းများပင်တည်း။ သူတို့ခမျာ သူတို့၏ဆရာပြောတာများမှန်လေမလား၊ သူတို့ဆရာ၏မိတ်ဆွေဖြစ်သူ 'သူ့'ဘက်ကများ မှန်နေလေမလား။ ခွဲခြားရခက်နေဟန်ရှိသည်။

သည်အခြေအနေရောက်မှတော့ ဘေးကပရိတ်သတ်ကို သူ့ဘက် ပါဖို့ အကူအညီ မတောင်းချင်တော့ပါ။ သည်နေရာကို ရောက်လာခြင်းသည်ပင်လျှင် သူနိုင်ငါနိုင် စကားရည်လုပွဲ ဆင်နွှဲဖို့လည်းမဟုတ်။ ပညာရပ်ဆိုင်ရာ အကူအညီတစ်ခု လိုအပ်သဖြင့်၊ သူ့မိတ်ဆွေကြီး တတ်နိုင်၊ ကူညီနိုင်မည်ဟု ယူဆသဖြင့် သူရောက်ခဲ့ရခြင်းပင်။ သို့သော် သူမျှော်လင့်သည်ကတစ်မျိုး၊ ရလာတော့တစ်မျိုးဖြစ်သည်။ သူ့မိတ်ဆွေကြီးသည် မကူညီသည့်အပြင် သူနှင့်ပတ်သက်ခဲ့သောလူများ၊ အဖွဲ့အစည်းများနှင့် ပတ်သက်၍ မကျေနပ်ချက်များကို ဖွင့်ဟပြောဆိုတော့သည်။ ထိုအကြောင်းများနှင့်ပတ်သက်၍ သူကရော ဘာများတတ်နိုင်ပါဦးမည်နည်း။ သူ့မှာရှင်းပြပြောဆိုခွင့် မရသေးမီမှာပင် သူ့မိတ်ဆွေကြီး၏ စွပ်စွဲပုတ်ခတ်ပြောဆိုမှုများက သူ့အပေါ်ဦးတည်သလို ဖြစ်လာသည်။ သူ့မိတ်ဆွေကြီး မကျေနပ်နေသော ပုဂ္ဂိုလ်တို့၏ ကိုယ်စားလှယ်သည် 'သူ'ဟု သူ့မိတ်ဆွေကြီး မှတ်ယူလိုက်လေသလားမသိ။ သူ့ကို ပယ်ပယ်နယ်နယ် 'တွယ်' ပါတော့သည်။ ပြင်းပြင်းထန်ထန် နင့်နင့် သီးသီးပြောပါတော့သည်။

လာမိတာမှားပြီဟု သူ သံဝေဂရလိုက်ချိန်၌ သူ့ခမျာ





သူ့မိတ်ဆွေကြီး၏ တနင့်တသီးပြောဆိုမှုအောက်တွင် လည်စင်းခံနေရပေပြီ။ မတတ်နိုင်။ ပြောလိုက ပြောစေတော့။ နားထောင်ဖို့က သူ့တာဝန်။ သည်နေရာတွင် နားထောင်တတ်ဖို့ အရေးကြီးသည်ကို သူသတိပြုမိလာသည်။

"မင်း စွပ်စွဲနေတာတွေ တစ်ခုမျှမဟုတ်ဘူးကွ၊ ငါနဲ့လည်း ဘာမျှ မဆိုင်ဘူး။ ငါစကားနွားရဆိုပြီးတော့ မင်းပြောချင်တာတွေ လျှောက်ပြောမနေနဲ့"ဟု တုံ့ပြန်လိုက်လျှင် မည်သို့ရှိမည်နည်း။ သူ့ဘက်က စစ်မျက်နှာ ထပ်ဖွင့်သလိုဖြစ်သွားမည်။ ထိုအခါ သူ့မိတ်ဆွေကြီး၏ ဒေါသကွန်ယက်တို့သည် ပိုမိုကြီးထွားတောက်လောင်သွားမည်။ အပြန်ပြန် အလှန်လှန် ခွန်းကြီးခွန်းငယ် စကားများကုန်တော့မည်။ နောက်ဆုံးအဆင့် ကိုယ်ထိလက်ရောက်တွေဖြစ်မည်။ သည်လိုဆိုလျှင် မည်သူအကျိုးရှိမည်နည်း။

သူ့စိတ်ကို အေးအေးထားလိုက်သည်။ စကားလုံးတို့၏ အဓိပ္ပါယ် မှန်သမျှသည် သူ့ကို ထိခိုက်သည်ဟု နှလုံးသွင်းလေလျှင် သူ့မိတ်ဆွေကြီး၏ ဒေါသသည် သူ့ဒေါသဖြစ်လာတော့မည်။ ထိုအခါ သူ့မိတ်ဆွေကြီး ပုံသွင်းသလို သူဖြစ်သွားတော့မည်။ သူ့မိတ်ဆွေကြီး ဖြစ်စေချင်သည့်ပုံအတိုင်း သူဖြစ်လာခဲ့ပြီဆိုပါလျှင် သူ့လောက်ညံ့သူ ရှိနိုင်ပါဦးမလား။ ဒါဆိုလျှင် စိတ်ကို စနစ်တကျလေ့ကျင့်ပျိုးထောင်ထားသည့် သူ့ အလေ့အကျင့်တွေသည် ဘယ်ဆီသို့ ပျောက်ဆုံးကုန်ပါသနည်း။ သူနာမည်ပျက်သည်က အကြောင်းမဟုတ်။ သူလေ့ကျင့်နေသော ဓမ္မ နာမည်အပျက်တော့မခံနိုင်။ ဒီကောင်ကွာ တရားဓမ္မတွေလည်း အလေ့အကျင့်လုပ်နေသေး



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တယ်။ အခုတော့ ဒေါသကြီးလိုက်တာလွန်ရောဟု သူ အပြောခံတော့မည်လော။မမွှ၏ဖြူစင်သော မျက်နှာကို သူ့ဒေါသဖြင့် အိုးမဲသုတ်ပစ်မည်လော။ သူ ဤသို့ အဖြစ်မခံနိုင်ပါ။

သဘာဝတရားကြီးထဲတွင် ဒေါသစေတသိက်တို့သည် အလျှံ ပယ်ရှိနေသည်။ သည် ဒေါသစေတသိက်တွေကို လူတို့သည် ကိုယ်ပိုင် ပစ္စည်းသဖွယ် လိုအပ်သည့်အချိန်တွင် လိုအပ်သလို ထုတ်ယူသုံးစွဲနေကြလေသည်။ မျက်လုံးက စဖြစ်လာတဲ့ဒေါသလား၊ နှာခေါင်းက စဖြစ်လာတဲ့ဒေါသလား၊ ပါးစပ်က (လျှာက) စဖြစ်လာတဲ့ဒေါသလား၊ ကိုယ်ခန္ဓာတစ်ခုလုံးပေါ်ရှိ တစ်နေရာရာက စဖြစ်လာတဲ့ ဒေါသလား၊စိတ်ထဲမှာ ကြံစည်တွေးတောရင်း ဖြစ်လာတဲ့ဒေါသလား၊ ဘယ်နေရာက ဖြစ်လာ၊ ဖြစ်လာ ဒေါသကတော့ လွယ်လင့်တကူပင် ရောက်လာတတ်သည်။ ဟော အခုလည်းကြည့်၊နားက ကြားသော အသံကြောင့် နှလုံးသွင်းဆင်ခြင်ရင်းက ဖြစ်လာတော့မယ့် ဒေါသ။

သတိပဋ္ဌာန်တရားတော်၏ ခြေဖဝါးအောက်၌ နေ့စဉ်နှင့်အမျှ လေ့ကျင့်ခဲ့မှုသည် အခါမလင့် အကျိုးပေးခဲ့ပြီတည်း။ စိတ်တစ်ခု ဖြစ်ပေါ် မည်ရှိဆဲ ထိုစိတ်၏ရှေ့၌ လေ့ကျင့်မွေးမြူထားသော 'သတိ'က ရောက်လို့ လာသည်။ သတိနှင့်ယှဉ်သောစိတ်က နောင်ဖြစ်ပေါ်တော့မည့် စိတ်များကို ဦးတည်ချက်ပြောင်းပေးလိုက်သည်။

''မင်း ဒေါသဖြစ်တော့မလို့ မဟုတ်လား၊ ဖြစ်ပါ၊ မဖြစ်နဲ့လို့ မပြော ပါဘူး၊ ပုထုဇဉ်ပဲ၊ ကိုယ့်ကိုစော်ကားရင် မခံချင်စိတ်၊ ဒေါသစိတ်တွေ ဖြစ်မှာပဲ၊ ဒါသဘာဝပဲ၊ ဒေါသမဖြစ်ပါနဲ့လို့ အတင်း





ချုပ်ထားလို့မှမရတာ။ ကဲထားတော့၊ အခုမင်းမှာ ဒေါသဖြစ်ပြီ၊ နောက်ထပ်ဒေါသတွေထပ်မဖြစ်ခင် ပထမဦးဆုံးဖြစ်လိုက်တဲ့ ဒေါသစိတ်ကလေးကြောင့် မင်းကိုယ်ထဲ နေရာအနှံ့ ဘာတွေ ဖြစ်သွားသလဲ၊ တစ်ချက်ကြည့်လိုက်ဦး''

သည်တော့မှ ခန္ဓာကိုယ်ထဲ နေရာအနှံ့ စူးစိုက်ကြည့်မိလိုက်သည်။ မကြည့်မိမှာပင် ဒေါသစိတ်ကို ရှုမိလျက်သားဖြစ်သွားသဖြင့် ဒေါသစိတ်တို့ ပျက်ပြယ်သွားသည်။ ခန္ဓာဘက်ဆီသို့ ဦးတည်လိုက်သည်။ လား . . လား . . ခန္ဓာကိုယ်ထဲ နေရာအနှံ့ ဆူပွက်သွားပါလား။ နှလုံးအိမ်ကို ဗဟိုပြု၍ သွေးတို့သည် ကျဲတောက်ပူနွေးစွာ ဖြာကျစီးဆင်းသွားပါရောလား . . .။

နှလုံးအိမ်နေရာဆီသို့ အာရုံပြုလိုက်မိပြန်သည်။ ခံပြင်းသော စိတ်တို့ ဖြစ်ပွားရာ နှလုံးအိမ်နယ်မြေသည် စူးနစ်ပူလောင်နေဆဲ။ စူးရှ မွန်းကြပ်နေဆဲ။ ထိုအချိန်တွင် သူ့မိတ်ဆွေကြီး ဘာတွေပြောနေသည်ကို သူမသိတော့ပါ။ အပြင်ဘက်မှ အသံတို့ ဖြစ်ပေါ်နေသည်ကိုတော့ သူသိပါသည်။ သို့သော် ဘာတွေပြောနေမှန်းသူမသိတော့။ ဘယ်သိနိုင်ပါတော့မလဲ။ သူ့အာရုံက သူ့နှလုံးအိမ်ဆီမှာကိုး။

နှလုံးအိမ်ရှိ စူးရှပူလောင်နေသော ခံစားမှုသည် နောက်ထပ်အာရုံတွေ မဝင်လာနိုင်တော့သဖြင့် တဖြည်းဖြည်း ပြယ်ကျ လျော့ပါးလာသည်။ နှလုံး အိမ်ကို ဗဟိုပြု၍ ဖြာဆင်းသွားသော သွေးတို့ကား ခုနကလို အရှိန် မမြန်တော့။ ပုံမှန်ဖြစ်လာပြီ။ ဤသည်နှင့်တစ်ပြိုင်နက် နှလုံးအိမ်သည်လည်း တစ်စတစ်စ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ငြိမ်သက်လာသည်။ လှုပ်ခုန်မှုတို့ အရှိန် မပြင်းထန်တော့ပြီ။ တဆတ်ဆတ် တုန်ခါမှုတို့ ပျောက်ကွယ်ခဲ့ပြီ။ဘဝင်လေသည် လည်း ငြိမ်သက်ညင်သာလာသည်။

ကြည့်စမ်း၊ ဒေါသစေတသိက်ကလေးတစ်ခုကို ခဏ ကလေးလက်ခံလိုက်ရုံနှင့် မနောကံ၏ နယ်ပယ်ရပ်ဝန်း၌ ဖြစ်ပေါ် ခဲ့သော လှုပ်ရှား မှုတို့ကား များပြားလှပါဘိ။ လှိုင်းဂယက်တို့ကား ကြီးမားပြင်းထန်လွန်း လှပါဘိ။ ထိုလှုပ်ရှားမှု လှိုင်းဂယက် အားလုံးတို့သည် ဝစီကံဖြင့် ပြန်လည်ပြောဆို တုံ့ပြန်မှုဆီသို့ ဦးတည်စုရုံးနေသည်။ ဝစီကံဖြင့် ပြောဆိုပြီးပါကလည်း ရပ်တန့် ဦးမည်မဟုတ်။ ကာယကံသို့ ဆက်လက်တွန်းပို့ဦးမည်။ လှိုင်းအရှိန် ဟူသည်ကား ဖြစ်ပေါ်သည့်နေရာ၌ပင် ရပ်တန့်ချုပ်ငြိမ်း ပျောက်ကွယ်သွား သော်လည်း သတ္တိ၊ စွမ်းအားအရှိန်တို့ကား ဆက်လက်ဖြစ်ပေါ်ကာ လက်ဆင့် ကမ်း သယ်ယူစေ့ဆော်မှု ပြုစမြဲပင်။

သူသည် သည်ရှုကွက် မြင်ကွင်းကြီးကို ငုံ့ကြည့်နေရသလို မြင်နေရသည်။ သူ့ခန္ဓာနေရာအနှံ့ လှုပ်ရှားလှိုင်းထသွားသော ပုံရိပ်တွေကား ပုံမှန်ဖြစ် သွားပေပြီ။ သည်တော့မှ သူ့မိတ်ဆွေကြီးကို သူနောက်တစ်ကြိမ် မော့ကြည့် ဖြစ်သည်။ သူ့မိတ်ဆွေကြီး၏ ပြောဆိုမှုကား ရပ်တန့်သွားပေပြီ။ ချွေးစေး တွေကို လက်ကိုင်ပဝါနှင့် သုတ်ပစ်နေ၏။ တစ်ဖက်သတ်ပြောရလွန်းသဖြင့် သူ့မိတ်ဆွေ ကြီး မောသွားပုံရသည်။ ပြန်လည်ခုခံ ချေပပြောဆိုမည့်သူ မရှိသော စကားဝိုင်းသည် မည်မျှခြောက်သွေ့လိုက်ပါသနည်း။





ဘေးမှာထိုင်နေကြသူများက သူ့ကို တစ်ခုခုပြန်ပြော စေချင်ပုံရသည်။ သူ ဘယ်လိုပြန်ပြောမလဲဆိုတာကိုလည်း နားထောင်ချင်နေပုံရသည်။ သူ့စိတ်ထဲ ကျေနပ်စွာဖြင့် ပြုံးလိုက် သည်။ သူ့အပြုံးသည် သူ့မျက်နှာပေါ်၌ တည်ငြိမ်အေးဆေးစွာ ဖူးပွင့်လာ၏။ သူထိုင်နေရာမှ ထလိုက်သည်။ သူ ရပ်လိုက်ပြီးသည် နှင့် သူ့မိတ်ဆွေကြီးထံ သူ့ညာလက်ကို ကမ်းလှမ်းလိုက်သည်။ လက်ဆွဲနှုတ်ဆက်ရန် ဖြစ်သည်။ သူ့မိတ်ဆွေကြီးသည် အံ့အားသင့် သောမျက်နှာနှင့် သူ့ကို လှမ်းကြည့်နေ၏။ ဘေးလူတွေကလည်း ပါးစပ် အဟောင်းသား။ သူ့မိတ်ဆွေကြီးကမူ သူ့ကိုပြန်လည် လက်ဆွဲနှုတ်ဆက်ခြင်း မပြုပါ။ ဒေါသ၏အရှိန်သည် သူ့မိတ်ဆွေ ကြီးထံ၌ လောင်မြိုက်နေတုန်းပဲဖြစ်လိမ့်မည်။

''ကဲ . . . သူငယ်ချင်း၊ ငါသွားတော့မယ်၊ နောက်မှ အေးအေး ဆေးဆေးလာခဲ့ပါဦးမယ်၊ အားလုံး ကျွန်တော်သွား ပါဦးမယ်''

သူသည် သူ့မိတ်ဆွေကြီးကိုရော၊ ဘေးက ပရိသတ်ကိုပါ နှုတ်ဆက် လိုက်၏။ အားလုံးဘာမျှပြန်မပြော၊ ဘာမျှပြန် နှုတ်မဆက်။ သူကမူ သူ၏ ယဉ်ကျေးသိမ်မွေ့သော အမူအရာကို ပြသနိုင်ခဲ့ခြင်းအတွက် စိတ်ထဲမှာ ကျေနပ်နေ၏။ ခုနက သူ့စိတ်ထဲမှာ သူ့မိတ်ဆွေကြီး၏ ထိုးနှက်စကား များကြောင့် ဗလောင်ဆူပွက် ခဲ့သည်များကိုလည်း တည်းဖြတ်သုတ်သင်နိုင်ခဲ့ သဖြင့် သူ့ကိုယ်သူ ကျေနပ်အားရနေလေသည်။

အိမ်သို့ရောက်လျှင် ချက်ချင်း တယ်လီဖုန်းသံက သူ့ကို



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆီးကြိုနေသည်။ သူ့မိတ်ဆွေကြီးထံမှ မဟုတ်ပါ။ခုန စကားဝိုင်းထဲ၌ ပရိသတ်တစ်ဦးအဖြစ်ရှိနေသူ သူနှင့် မျက်မှန်းတန်းမိသလိုဖြစ်နေသူတစ်ဦးထံမှဖြစ်သည်။

“ကျွန်တော် . . . ပါ၊ ခင်ဗျားကတော့ ကျွန်တော့်ကို သိမှာမဟုတ်ဘူး၊ ကျွန်တော်ကတော့ ခင်ဗျားကိုသိပါတယ်”

“ဒါကြောင့်ကို . . . ကို မျက်မှန်းတန်းမိသလိုတော့ ထင်သား၊ ခုနစကားဝိုင်းထဲမှာ ကို . . . . . ရှိနေတယ်နော်”

“ဟုတ်ပါတယ်၊ ရှိနေပါတယ်၊ အဲဒီအကြောင်း ခင်ဗျားကို ကျွန်တော် ပြောချင်လို့ပါ။ ကျွန်တော်တို့တောင် ကြားထဲက ဒေါသဖြစ်နေမိသေးတာ။ ခင်ဗျားသူငယ်ချင်းက ခင်ဗျားအပေါ်မှာ ပြောတာ တော်တော်ရင့်တယ်။ ဘေးလူတွေကြားထဲမှာဗျာ၊ ဒါပေမယ့် ဘာတစ်ခွန်းမှ ပြန်မပြောဘူး။ ကျွန်တော်သာဆို သူငယ်ချင်းပေမယ့် ဒီလိုပြောလာရင်တော့ ပြန်ပြောမှာပဲ။ နောက်ဆုံးချရင် ချရဗျာ၊ ဘယ့်နှယ် ကိုယ်နဲ့မသိတဲ့လူတွေကြားထဲမှာ ဒီလိုအပြောခံရတာမျိုးတော့ နာလွန်းပါတယ်။ခင်ဗျားပြန်မပြောဘဲ နေတာကို ကျွန်တော်တို့က အံ့သြနေတာ။ ခင်ဗျားပဲ နားမကြားလို့လား၊ ဒါမှမဟုတ် ခင်ဗျားသူငယ်ချင်းက ခင်ဗျားရဲ့ ငယ်ကြောက်ဖြစ်နေလို့လား။ ကျွန်တော်တို့ ခန့်မှန်းရခက်နေတယ်။ အဲဒါ ကျွန်တော်သိချင်လို့ ခင်ဗျား ဖုန်းနံပါတ်စုံစမ်းပြီး ခင်ဗျားဆီ ဖုန်းဆက်လိုက်ရတာ”

ထိုသူ့ကို သူ မည်သို့ စ၍ မည်သို့ ပြောရမည်မသိ။ သူ ရှင်းပြနေ၍ လည်း ထိုသူ နားလည်နိုင်ပါ့မလား။ထိုသူ နားလည်ချင်သည်





ဆိုလျှင် သတိ ပဋ္ဌာန်တရား၏ ရင်ခွင်၌ နေ့စဉ်နှင့်အမျှ အချိန်ပြည့် စိတ်ကို မြုပ်နှံ၍ နေကြည့်ပါ။ ဒါဆိုရင် ခုနစကားဝိုင်းမှာ သူဘယ်လို နှလုံးသွင်းခဲ့သလဲ ဆိုတာကို ထိုသူ သိသွားပါလိမ့်မည်။ ***“သူများအကြောင်းတွေ သိဖို့ထက် ကိုယ့်အကြောင်း၊ ကိုယ့်စိတ်အကြောင်း၊ ကိုယ့် ခန္ဓာကိုယ်အကြောင်း၊ ကိုယ့်ရုပ်နာမ်အကြောင်းတွေ ရိပ်မိသိရှိနိုင်ဖို့က ပိုအရေးကြီးပါသည်”*** ဟု ထိုသူ့ကို သူပြော ချင်ပါသည်။

သို့သော်မဟုတ်သေး . . . . ။

ဤဆောင်းပါးကို အစမှအဆုံး စေ့စေ့စပ်စပ် ဖတ်ရှုလေ့လာလိုက် လျှင် အဖြေပေါ်သွားမည်ဟု သူပြောလိုက်ချင်ပါတော့သည် . . . . ။

၁၁-၂-၂၀၀၁

❑



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။



တည်ကြည်ငြိမ်သက်သော စိတ်ဓာတ်၊ ခိုင်မာမြင့်မြတ်သော စိတ်ထားနှင့် ပြေပြစ်ငြိမ်းအေးသော နှလုံးသားရှိသည့် ယောကျ်ားကောင်း။ ယောကျ်ားမြတ်တို့၏ အေးစက်သော မျက်ဝန်းအိမ်နောက်ကွယ်၌ ယိုစီးထွက်ကျမလာသော မျက်ရည် အိုင်ကြီးများ ရှိတတ်ပါသည်။ ဤသည်ကို သူစခင်၏မျက်ဝန်းရိပ် မှတစ်ဆင့် သူ လှမ်းမြင်ခွင့်ရလိုက်သည်ဆိုပါလျှင်......

# "အဖေ့နေရာ" ကို ချဲ့ပွားခံစားမိခြင်း

(၁)

"ယောကျ်ားတန်မဲ့ မျက်ရည်ကျရသတဲ့လား"ဟု ပြောလိုက ပြောစေတော့။ မေးငေါ့လိုက ငေါ့စေတော့။

ပြောသမျှ 'သူ' ခံရပါတော့မည်။ ငေါ့သမျှလည်း 'သူ' ခံရပါတော့ မည်။

အဘယ့်ကြောင့်နည်း။ သူ့နှလုံးသားအိမ်ထဲ အမှန် တကယ် နက်နက်ရှိုင်းရှိုင်းခံစားလိုက်ရ၍ ဖြစ်ပါသည်။ သို့ဆိုလျှင် အဘယ်ကဲ့သို့သော မျက်ရည်ကျစရာအကြောင်းများသည်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သူ၏နှလုံးအိမ်ကို လာရောက်ရိုက်ခတ် ရပါသနည်း။ မျက်ရည်ကျစေလောက်သည့် အတွေးအမျှင်လှိုင်းတို့သည် သူ၏ မနောဒွါရကို မည်သို့ ရိုက်ခတ်လိုက်မိပါသနည်း။ ခံစားမှုအကြောင်းကြောင့် ဖြစ်လာသော အကျိုးတရားမျက်ရည်ကိုလည်း သူနားလည်နေသည်။ ဖသသဟူသော အထိအတွေ့၏ နောက်ဆက်တွဲဝေဒနာခံစားမှုသဘော တွေကိုလည်း သူမသိ၍ မဟုတ်။ သိနေသည်။ သိလျက်နှင့်ပင် ဘာမျှမတတ်နိုင်တော့သည့်အလား ဖြစ်ခဲ့၍သာ ပွဲကြည့်ပရိတ်သတ်တစ်ဦးလို ထိုင်ကြည့် နေခဲ့ရခြင်းဖြစ်ပါသည်။

သည်ခံစားချက်က သိမ်မွေ့လွန်းလှသည်။ သို့သော် ထိချက်ကမူ ပြင်းထန်လှသည်။ ရိုက်ချက်ကလည်း အားကောင်းလှပါသည်။ ထို့ကြောင့် သူမျက်ရည်ကျခဲ့ရခြင်းပါပေ။

သို့ဆိုလျှင် သူ မျက်ရည်ကျဖြစ်ခဲ့ရသည့် အကြောင်းကို မဖြစ်မနေ ရှင်းပြမှ ဖြစ်ပေတော့မည်။သူ့ မျက်ရည်စက်တို့ မြစ်ဖျားခံရာ နေရာမှာ သူ၏ စက္ခုဖြစ်ပါသည်။စက္ခုအာရုံမှ မြစ်ဖျားခံခဲ့သော ခံစားမှုတို့သည် သူ၏စက္ခုမှပင် မျက်ရည်များအဖြစ် ပြောင်းလဲပုံဖော် စီးကျလာစေခဲ့ပါသည်။ သို့သော် ထိုအချိန်တုန်းကမူ သူ နှလုံးသွင်းထားခဲ့ဖူးသော တရားဒေသနာတို့ကိုပင် မေ့လျော့နေခဲ့သည် အထိ သူ၏ခံစားချက်က အားကောင်းလွန်းနေပါသည်။

**''မြင်တာ ဘာတဲ့လဲ၊ မြင်သိရုပ်နာမ်ပဲ၊**
**မြင်သိမမြဲ၊ မြင်ဆင်းရဲ၊ မြင်ထဲငါမပါ၊**
**အဲဒါ သဘာဝအနတ္တာ''**





ဆရာအရှင် ဆုံးမသွန်သင်ခဲ့သောတရား အဆုံးအမတို့သည် ထို အခိုက်အတန့်ကလေး၌ ဘယ်ဆီဘယ်ဝယ်တိမ်းရှောင်ပုန်းခိုနေပြီမသိ။ စိတ္တက္ခဏကလေးအတွင်း၌ ဆက်တိုက်ဆက်တိုက်ပေါ်လာသော အတွေး ပုံရိပ်များကား မြန်ဆန်လွန်းလှပေစွ။ ဖျတ်ခနဲ ဖျတ်ခနဲပေါ်သွားခဲ့သော ပုံရိပ်တို့ကလည်း များပြားလွန်းလှပေစွ။

(၂)

သူ၏အမြင်အာရုံအတွင်းသို့ ပထမဦးဆုံးဝင်ရောက်လာသော ပုံရိပ်မှာ သူ့ဖခင်၏မျက်ဝန်းဖြစ်ပါသည်။

တည်ကြည်ငြိမ်သက်သော စိတ်ဓာတ်၊ ခိုင်မာမြင့်မြတ်သော စိတ်ထားနှင့် ဖြူစင်ငြိမ်းအေးသော နှလုံးသားရှိသည့် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တို့၏ အေးစက်သော မျက်ဝန်းအိမ်နောက်ကွယ်၌ ယိုစီး ထွက်ကျမလာသော မျက်ရည်အိုင်ကြီးများရှိတတ်ပါသည်။ ဤသည်ကို သူ့ဖခင်၏ မျက်ဝန်းရိပ်မှတစ်ဆင့် သူလှမ်းမြင်ခွင့်ရလိုက်သည်ဆိုပါလျှင် ပိုလွန်းသည်ဟု ပြောကြမလားမသိပါ။

သို့သော် သူခံစားနေရသည်က အမှန်ဖြစ်သည်။ ရိပ်ခနဲလှမ်းတွေ့လိုက်ရသော မျက်ရည်အိုင်ကြီးများသည် ပူလောင်ခြင်းအလျဉ်းမရှိပါ။ အဘယ်ကြောင့်နည်း။ ကျယ်ပြန့်ကြီးမားလှသော ကရုဏာအရိပ်ကြီး အုပ်မိုးထား၍ဖြစ်ပါသည်။ ထို့အတွက်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထိုမျက်ရည်အိုင်ကြီးများသည်ပင်လျှင် အေးစိမ့်ငြိမ်းချမ်းလှပါသည်။ အကယ်၍ ထိုမျက်ရည်တို့ စိမ့်ကျယိုစီးလာလျှင်လည်း လောကကြီးနှင့်လူသားတွေကို ပူလောင်စေမည်မဟုတ်ပါ။ သို့သော် မျက်ရည်၏သဘာဝကိုက သောကနှင့် မြစ်ဖျားခံတတ်သဖြင့် သာမန် မျက်ရည်များနှင့် ရောထွေးသွားနိုင်ပါသည်။ ထို့ကြောင့်ပင် စိမ့်ကျမလာအောင် ထိန်းထားကြခြင်း ဖြစ်ပါလိမ့်မည်။

ထိုထိန်းထားနိုင်သော သဘာဝကြီးကိုပင် သူ့ခမျာ နက်ရှိုင်းစွာ ခံစားလိုက်ရ၍ မျက်ရည်တွေ စီးကျခဲ့ရခြင်းဖြစ်ပါသည်။ သို့သော် သူ့ မျက်ရည်တို့၌ အားမလို အားမရဖြစ်ရခြင်းသဘော၊ ဘာဖြစ်လို့ ထိန်းထား ကြတာလဲဟု မခံချင်ဖြစ်ရသည့်သဘော၊ အေးမြတဲ့ မျက်ရည်စက်တွေဟာ လူတွေ မမြင်နိုင်တဲ့နေရာမှာ ရှိနိုင်ကြောင်း သက်သေပြလိုက်ပါတော့လားဟု မချင့်မရဲဖြစ်ရသည့် သဘောတွေ ကိန်းဝပ်နေပါသည်။ထိုသဘောတို့ ကိန်းဝပ်နေသဖြင့် သောက၊ ဒေါမနဿ အရိပ်အငွေ့တို့သည်လည်း သူ့ မျက်ရည်စ များ၌ အထိုက်အလျောက် သီးခိုနေမည်ဖြစ်ပါသည်။ ဤသည်ကိုလည်း သူကြိုတင်ဝန်ခံထားလိုပါသည်။

ကောင်းပြီ။ နိဒါန်းပျိုးချီလာခဲ့သော သည်ကိစ္စရပ်ကို သူ့အား အသေးစိတ်ရှင်းပြခွင့် ပေးစေချင်ပါသည်။

(၃)

အဖေ့အသက် (၈၀)ကျော်ခဲ့ပြီ။





သို့သော် ကျန်းမာရေးကတော့ ဒေါင်ဒေါင်မြည်။ တစ်ခါတစ်ရံ သရိုးသရီဖြစ်တတ်သည်ကလွဲ၍ အဖေ့ရုပ်တရားတို့သည် ကြီးမားစွာ ဖောက်ပြန်လေ့မရှိ။ ဤသည်ကပင် အဖေသည် ပတ်ဝန်းကျင်ကို တစ်ပိုင် တစ်နိုင် အကျိုးပြုနေခြင်းဖြစ်ပါသည်။ များသောအားဖြင့် သည်အသက်၊ သည်အရွယ်သည် အိပ်ရာထက်တွင် ပက်လက်နာဖြစ်နေသည်က များသည်။

အဖေကတော့ သည်လိုမဟုတ်။ သွားနိုင်၊ လာနိုင်၊ လှုပ်ရှားနိုင်၊ လူမှုရေးကိစ္စတွေ ဆောင်ရွက်နိုင်သေးသည်။ အားစိုက်၍ ပင်ပင်ပန်းပန်း မလုပ် နိုင်တော့သည်က လွဲ၍ အဖေ့ရုပ်ခန္ဓာကြီး အကြီးအကျယ် မဖောက်ပြန်သေး ခြင်းကပင်လျှင် အားလုံးအတွက် ကံကောင်းနေသည်ဟု ဆိုရပါမည်။ အထူးသဖြင့် သားသမီးတွေအတွက် ကံကောင်းသည်ဟု ဆိုရမည်။အဘယ့်ကြောင့်နည်း။ သက်ကြီးရွယ်အို လူနာတစ်ဦးကို ပြုစုရင်းက တစ်ဖက်တွင် မိမိတို့၏ လူမှုကိစ္စများ ဆောင်ရွက်ရမည့်ကိစ္စမှာ ရေရှည်တွင် မလွယ်ကူ၍ ဖြစ်ပါသည်။ တစ်ဖက်တွင် ဖခင်လူအို၊ လူနာကြီးကို ပြုစုရဦးမည်။ တစ်ဖက်မှာလည်း စားဝတ်နေရေးအတွက် ရှာဖွေရှန်းကန်ရမည့် ကိစ္စက ရှိသေးသည်။ အချိန်ကို ဟိုဘက် သည်ဘက် မျှပေးနေရသည်မှာ ရေရှည်တွင် မလွယ်ကူ။ အခက်အခဲဖြစ်လာနိုင်သည်။

ကြာတော့ နှစ်ရှည်၊ လရှည် လူမမာကြီး အပေါ်တွင် သားသမီးပင် ဖြစ်လင့်ကစား ငြီးငြင်လာကြလိမ့်မည်။ သားသမီးတို့ ပြုစုလေမှ အသက်ရှင် သန်ခွင့်ရနေသော ဘဝကလည်း မည်မျှ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆိုးဝါးလိုက်ပါသနည်း။ ကိုယ် အသက်ရှင်သန်ဖို့အတွက် ဘေးလူကို အားကိုးနေရသည်မှာလည်း မည်မျှ မလွတ်လပ်လိုက်ပါသနည်း။ ပြောမထွက်၍သာရှိမည်။ ရေရှည်တွင် သား သမီးတို့စိတ်ထဲ ကွက်ကုန်တော့မည်။ မျက်ကုန်တော့မည်။

သည်သဘောတွေကို အဖေကြိုတင်ပြီး သိထားပုံရသည်။ ထို့ကြောင့်ပင် အဖေသည် ဇရာနှင့်ဗျာဓိကို နည်းမျိုးစုံဖြင့် ခုခံတွန်းလှန်သည်။ စိတ်ကောင်းထားသည်။ပျော်ပျော်နေသည်။ ဝင်စားစရာ အာရုံတစ်ခုခု၌ စိတ်ကို အမြဲ စူးစိုက်သည်။ ရုပ်တရားကြီး ပုံလဲမကျသွားစေရန် စိတ်စွမ်းအားဖြင့် ကျားကန်သည်။ဘာဝနာကို သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းသည်။ အစားအသောက် အနေအထိုင် ဆင်ခြင်သည်။တစ်နည်းအားဖြင့် အဖေ့နှလုံးအိမ်ထဲတွင် ဓမ္မဆိုင်ရာ အသိအမြင် အတွေးအခေါ်တို့သည် ကြိုတင်နေရာဦးထား နှင့်ပြီးဖြစ်သည်ဟု သူထင်သည်။ ထို့ကြောင့်ပင် အဖေသည် ''စိတ်ပျိုတော့ ကိုယ်နု''ဟူသော ဆောင်ပုဒ်ကို သက်သေပြနေသကဲ့သို့ ရှိသည်။

ထိုအခါ အဖေသည် လောကကြီးကို ပြုံးရယ်နေသော မျက်လုံး တို့ဖြင့် ကြည့်တတ်သည်ကို သတိပြုနေမိသည်။ အဖေ့မျက်နှာသည် အမြဲတစေ ပြုံးရွှင်လန်းဆန်းနေသည်။ သည်မျက်နှာသည်ပင်လျှင် အတူနေထိုင်သူ သားသမီးမြေးမြစ်တို့၏ ဘဝအမော၊ လူမှု အမောများကို ချွေးသိပ်စေနိုင်ခဲ့သည်။ ဤသို့ဖြင့် အဖေသည် မကုန်မခန်းနိုင်သော မေတ္တာများဖြင့် သားသမီးမြေးမြစ်တို့အား နွေးထွေးဖေးမကူညီနေဆဲ။ ဤသည်ကို





သူအထပ်ထပ် တွေ့မြင်ခံစားခဲ့ရသည်။ အဖေ့ထံရောက်လေတိုင်း လန်းဆန်းလတ်ဆတ်နေသော အဖေ့အပြုံးအရယ်တို့ကို တွေ့ရစမြဲ။ ထို့ကြောင့်လည်း အဖေ့အတွက် ရတက်အေးနေရဆဲ။ မေတ္တာရိပ်သန်းသော အဖေ့မျက်နှာသည်လည်း သူ့နှလုံးသားကို ခွန်အားတစ်ရပ် ဖြစ်စေစမြဲ။

အဖေသည် သားသမီးတွေ အရွယ်ရောက်သည်အထိ၊ လုပ်ငန်းခွင် ဝင်နိုင်ကြသည်အထိ ဘဝတာဝန်တွေကို ထမ်းဆောင်နိုင်သည်အထိ၊ဖခင် တစ်ဦး၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးပြီ။ ယခုလည်း ''ငါ မအိုသေးပါဘူး၊ ငါ့ကို ပြုစုစရာမလိုသေးပါဘူး၊ငါ့ကို ထောက်ပံ့ပေးကမ်းစရာ မလိုပါဘူး''ဟု ဖွင့်ဟပြောဆိုခြင်းမဟုတ်သော လုပ်ရပ်များဖြင့် သက်သေပြနေဆဲ။ ဖခင်တစ်ယောက်၏ နေရာ၌ မားမားမတ်မတ်ရပ်ကာ ဖခင်တစ်ယောက်၏ တာဝန်ကို ဆက်လက်ထမ်းဆောင်နေဆဲ။

သို့သော် သားသမီးတို့ကား အဖေ့ကို နေရာမပေးတော့ပြီတည်း။

အဖေအသက်ကြီးပြီ၊ အဖေအေးအေးဆေးဆေး ဘေးမှာထိုင်နေတော့ဟု မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး ဆိုလာပြီတည်း။ အိမ်တွင်းရေးကိစ္စ ဆုံးဖြတ်စရာရှိလျှင် အဖေ့ကို ညှိနှိုင်းတိုင်ပင်ခြင်း မရှိတော့ပြီ တည်း။ ဒါ အဖေ့အရာ မဟုတ်တော့ဟု ဆိုလာကြပြီတည်း။ တစ်အိမ်လုံးရုံးသွား၊ ကျောင်းသွား၊ အလုပ်သွားနေချိန်မျိုး၌သာ အဖေ့ကို စိတ်ချရသော အိမ်စောင့်တစ်ဦးသဖွယ် သဘောထားလာကြပြီတည်း။ တောက်တိုမယ်ရ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

အလုပ်၊ မြေးကျောင်းကြိုအလုပ်စသည့် အိမ်တစ်အိမ်၏ အရေးမပါလှသော အသေးအဖွဲ အလုပ်တို့ကို အဖေဝင်လုပ်မိပြန်လျှင်ပင် သားသမီးတို့က မကြိုက်လေတော့ . . . .။

သူကိုယ်တိုင်သည်လည်း သားနှင့်သမီးနှင့် ဖြစ်လာခဲ့ပြီးပြီမို့ အဖေ့ နေရာကို ရောက်လာခဲ့ပြီ။ ထို့ကြောင့် အဖေ့ကို ကိုယ်ချင်းစာ၍ နားလည်နေရပြီ။ သားသမီးတွေ လူမှုပတ်ဝန်းကျင်ထဲ မဝင်ဆံ့နိုင်သေးမီ အချိန်အထိ အဖေသည် သားသမီးတို့ရှေ့၌ မားမားမတ်မတ် ရပ်ခဲ့ရသည်။ အိမ်ထောင်ဦးစီး ခေါင်းဆောင်ပီသစွာဖြင့် ဘဝ၏ အလင်းရောင်ကို နိုင်စွမ်းသလောက် လမ်းညွှန်ပြသခဲ့သည် မဟုတ်လော။

ဤအချက်တွေကို သားသမီးတွေ အဘယ့်ကြောင့် မေ့ပစ်လိုက်ကြပါသနည်း။အဖေ၏အကြံဉာဏ်၊ဖေးမမှု၊တာဝန်ယူလိုမှုတွေကို အဘယ့်ကြောင့် ခါးသီးစွာ ပစ်ပယ်ချင်ကြပါသနည်း။ အဘယ့်ကြောင့် ချောင်ထိုးချင်ကြ ပါသနည်း။ သူရော တစ်ချိန်မှာ အဖေ့လို ကြုံရဦးမည်လော။ သူ စဉ်းစားနေရပြီ။ ထိုသို့ စဉ်းစားမိနေခိုက်မှာပင် အဖေနှင့်ပတ်သက်သော မြင်ကွင်းတစ်ခုကို သူမျက်မြင်တွေ့လိုက်ရလေသည်။

အဖေနှင့် အတူနေသူ အဖေ့သွေးသားအရင်းတစ်ဦးက အဖေ့အား အရေးမပါတော့သူတစ်ဦးလို ဆက်ဆံနေသည်ကို သူ ရုတ်တရက်ကြားလိုက် မြင်လိုက်ရသည်။ စကားလုံးများက နင့်သီးပြင်းထန်လှ၍ သူပင်လျှင် တုန်လှုပ် သွားမိသည်။အဖေ့သွေးရင်းရင်နှစ်သည်းချာတစ်ဦးက အဖေ့ကို တနင့်တသီး ပြောနေပုံကို





ကြားရသောအခါ သူ သံဝေဂ အကြီးအကျယ်ရမိသည်။ သို့သော် အဖေကား အပြုံးမပျက်။ ရယ်ပင်နေလိုက်သေးသည်။ ကြားထဲမှနေ၍ သူ့မှာ အဖေ့ကိုယ်စား ဒေါသဖြစ်ရသေးသည်။ ကာယကံရှင်ဖြစ်သူ အဖေကတော့ သူ့ကို ဘာမျှ မပြောသည့်အလား။

သည်တုန်းမှာပင် အဖေ့မျက်ဝန်းကို လှမ်းကြည့်ဖြစ်သည်။

အဖေ့မျက်နက်ဝန်းတို့သည် ငြိမ်သက်နေ၏။ ငြိမ်သက်မှု၏ နောက်ကွယ်တွင် လက်ရှိအဖေ့နေရာကို အဖေကိုယ်တိုင် လက်ခံထားပြီးသော သဘောထားတွေ ရှိနေသည်။ မရှိတော့သော အဖေ့နေရာ၌ အဖေ ကျေကျေနပ်နပ်ကြီး နေ နေပုံကို သူလှမ်းမြင်နေရသည်။

ပြီးတော့ သားသမီးတို့၏ နေရာမပေးတော့မှုအပေါ်၌ ခွင့်လွှတ်သည်းခံ၊ ကရုဏာထားနေသော အဖေ့စိတ်ဓာတ်၊ အဖေ့သဘောထား၊ အဖေ့နှလုံးအိမ်၊ အဖေ့မြင့်မြတ်မှု၊ အဖေ့စွန့်လွှတ်မှု၊ အဖေ့အနစ်နာခံမှု၊ သည်သဘောတွေပေါင်းစည်း စုဖွဲ့ထားသော အဖေ့မျက်ဝန်းရိပ်နောက်မှ အေးမြသောမျက်ရည်အိုင် . . . .

သူ . . . . မျက်ရည်မကျဘဲ နေနိုင်ပါတော့မလား . . .။

(၄)

သူ့ စိတ်ကူး အတွေးတို့သည် သည်မျှနှင့် ရပ်တန့်မနေ။

''အဖေ့နေရာ'' ရုပ်ရှင်ဇာတ်ကားနှင့် သည်နှစ် အကယ်ဒမီရသွား ခဲ့သူ ''အဖေ့နေရာ''စကားလုံးပိုင်ရှင် မိတ်ဆွေ

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဒါရိုက်တာကြီးဆီသို့ ဖုန်း ဆက်လိုက်မိသည်။

''ကျွန်တော်တော့ ကိုစိုးသိမ်းရိုက်ခဲ့တဲ့ အဖေ့နေရာကို အဲဒီလိုချဲ့မြင်မိတယ်ဗျာ''

သူ့ဖခင်၏ မျက်ဝန်းကို မြင်ရာမှ သူ မျက်ရည်ကျခဲ့ရသည် အထိ ဖြစ်ကြောင်းစုံလင်ကို ဒါရိုက်တာကိုစိုးသိမ်းထွဋ်ထံ သူဖုန်းဖြင့် ပြောပြလိုက်သည်။ကိုစိုးသိမ်းထွဋ်၏အသံသည် ဖုန်းခွက်မှ တစ်ဆင့် သူ့ နားစည်အိမ်ကို လာရိုက်သည်။

''အေးလေ ...အဲဒါစဉ်းစားကြည့်ပေါ့၊ ကျွန်တော်တို့ အဖေတွေရဲ့ နေရာဆိုတာကို တွေးကြည့်ရင် နေရာမရှိတော့သလို ဖြစ်ဖြစ်သွားကြတာကို ကျွန်တော်မြင်ပြီးတော့ သည် 'အဖေ့ နေရာ'ဆိုတဲ့ ဇာတ်ကားကို ရိုက်ဖြစ် ခဲ့တာပဲ''

''ကျွန်တော်လည်း အဖေ့ကိုကြည့်ရင်း တစ်ချိန်ကျရင် ငါလည်း နေရာပျောက်မယ့် အဖေဘဝကို ရောက်ရဦးမှာပါလား ဆိုတာကို သံဝေဂရမိတယ်။ ရာထူးရှိတုန်း၊ အာဏာရှိတုန်း၊ အလုပ်လုပ်နိုင်တုန်း၊ ငွေရှာနိုင်တုန်း၊ သားသမီးတွေကို ထောက်ပံ့ ပေးနိုင်တုန်းမှာတော့ အဖေဟာ မရှိမဖြစ် အရေး အပါဆုံးနေရာမှာ ရှိမှာပဲ။ ဒါပေမယ့် ဒါတွေအားလုံး မရှိတော့တဲ့အချိန်မှာ အဖေ တွေဟာ အရေးမပါတော့တဲ့နေရာကို ရောက်သွားရသလိုပဲ''

''အေးလေ . . . သိတဲ့အတိုင်းပဲ၊ အဖေဆိုတာကတော့ သားသမီး တွေနဲ့ နီးနီးကပ်ကပ် နေခွင့်မရှိဘူး၊ နေလေ့နေထ မရှိကြ ဘူး၊ ခပ်ခွာခွာ နေတတ်ကြတယ်၊ သားသမီးတွေနဲ့ အမေ့လောက် လက်ပွန်းတတီး မရှိဘူးပေါ့၊ ဒါပေမယ့် အဖေတွေရဲ့ ချစ်ခြင်းမှာတော့





ဉာဏ်ပါတယ်လို့ထင်တယ်''

''ဟုတ်တယ်ဗျ၊ ကျွန်တော်တို့က အဖေတွေမို့လို့ အဖေကောင်းကြောင်း မောင်းခတ်ကြေညာနေတာ မဟုတ်ပါဘူး၊ အဖေတွေဟာ ယောက်ျားတွေဖြစ်တော့ ဈေးတွက်တွက်လေ့ မရှိဘူး။အနစ်နာခံစရာရှိခံမယ်၊ အနစ်နာခံလိုက်ရလို့ ဆိုပြီးတော့ လည်း ဘယ်တော့မှ အလျော်ပြန်တောင်းလေ့ မရှိဘူး။ ဥပေက္ခာ ဘက်ကို အားသန်ကြတယ်။ ဒါတွေဟာ ယောက်ျားကောင်း၊ ယောက်ျားမြတ်ဆန်တဲ့ အဖေတွေဆီမှာရှိတဲ့ စိတ်ဓာတ်တွေပဲ''

(၅)

မိတ်ဆွေ ဒါရိုက်တာကြီးနှင့် ဖုန်းပြောပြီးသောအခါ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ ဆုပေးသံကို ကြားယောင်မိသည်။

''ဤကုသိုလ်စွမ်းအားတို့ကြောင့် နိဗ္ဗာန်မဂ်ဖိုလ်သို့ လွယ်ကူသော အကျင့်၊ လျင်မြန်သောအသိတို့ဖြင့် ကျင့်နိုင် ရောက်နိုင်ကြသော **'အဘဘုရားရှင်'** ၏ သားတော်အစစ်၊ သမီးတော်အစစ်များ ဖြစ်ကြပါစေသတည်း''

ဆရာတော်ကြီးသည် **''အဘဘုရားရှင်''**ဟု အဘယ့်ကြောင့် သုံးနှုန်းလိုက်ပါသနည်း။ အကြောင်းရှိပါသည်။ ဘုရားရှင်သည် ပုဂ္ဂလိက သွေးသားတော်စပ်သူ သားတော် ရာဟုလာ တစ်ဦးတည်းအတွက် ဖခင် မဟုတ်ပါ။ လောကသား



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အားလုံး၏ ဖခင်ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဘုရားရှင်သည် လောကသားအားလုံး၏ ဖခင် အဖြစ် အဖေ့နေရာတွင် စွန့်လွှတ် အနစ်နာခံမှုများစွာနှင့် နေထိုင်လမ်းပြသွားခဲ့ပြီးဖြစ်ပါသည်။ ပုဂ္ဂလ–သွေးသားတော်စပ်သူ သားတော်ရာဟုလာကို သံသရာမှလွတ်ရာတရားကို ပြသခဲ့ သကဲ့သို့ လောကသားအားလုံးတို့ကို လည်း သံသရာမှလွတ်ရာ တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခဲ့ခြင်းဖြင့် လောကသား တို့၏ ဖခင်အဖြစ် တာဝန်ကျေခဲ့ပြီဖြစ်ပါသည်။

လောကသုံးပါးတွင် အဖေ့နေရာ၌ တာဝန်အကျေဆုံး သူမှာ ဘုရားရှင်တစ်ပါးတည်းသာရှိပါသည်။

ပုဂ္ဂလတော်စပ်မှုအရ ကိုယ့်သွေးရင်း ဖခင်များကိုပင် အဖေ့ နေရာ၌ မထားချင်တော့သည့် သားသမီးတွေ ရှိနေကြပြီဆိုပါလျှင် ဘာမျှ မတော်စပ်ဟု ထင်ရသော လောကသားတို့၏ဖခင်ဖြစ်သည့် ဘုရားရှင်ကို အဖေ့နေရာ၌ အမြဲတမ်းထားချင်စိတ် ရှိဖို့ဆိုသည်မှာ လွယ်ကူနိုင်ပါဦးမည်လား . . . ။ စဉ်းစားစရာဖြစ်ပါသည်။

အကယ်၍ ''အဘဘုရားရှင်''၏ သားတော်အစစ်၊ သမီး တော်အစစ်ဟု ကိုယ့်ကိုယ်ကို အမှန်တကယ်ခံယူကြသည် ဆိုပါလျှင် . .

ယခုဘဝတော်စပ်နေရသည့် အနန္တော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘိတို့၏ ဖခင်များကို အဖေ့နေရာတွင် အမြဲတမ်း နေရာပေးထားနိုင်ဖို့နှင့် အဖေ့ကျေးဇူးကို ခံစားနားလည် ပြန်ဆပ် နိုင်ကြဖို့ သူတောင်းဆိုချင်ပါသည်။





ထို့ထက်ပို၍ လေးနက်လှစွာ ''အဘဘုရားရှင်''ကို တလောက လုံး၏ အဖေ့နေရာတွင် အမြဲသတ်မှတ် နေရာပေးထား ဖို့နှင့် လောကသား အားလုံး၏ ဖခင်ဖြစ်သော ဘုရားရှင်၏ ကျေးဇူးတော်အနန္တကို သဘောပေါက် နားလည်ကာ ကျေးဇူးတုံ့ပြန် ပေးဆပ်သောအားဖြင့် ဘုရားရှင်၏ အလိုတော်အတိုင်း သံသရာ လွတ်ရာ အကျင့်မြတ်ကို ပွားများအားထုတ်နိုင်ကြဖို့ သူထပ်မံ တောင်းဆိုချင်ပါသည်။

(၆)

အဖေ့နေရာကို ချဲ့ပွားခံစားမိရာမှ ဘုရားရှင်၏ မဟာ ကရုဏာတော်တို့ ကိန်းဝပ်ရာ နှလုံးအိမ်ဆီသို့ မှန်းဆကြည်ညို ဦးခိုက်မိလိုက်သည်နှင့် သူ့မျက်ရည်တို့သည် ပိုမိုသိပ်သည်းစွာဖြင့် တသွင်သွင်စီးကျလာရပြန် ပါတော့သည်။

၅–၂–၂၀၀၁



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။



*စိတ်ကို ကြိုးကျယ်ပြီး ကြည်လင်တဲ့ မိုးကောင်းကင်နှင့် တူအောင်ပြုပါ။ ပေါ်ချင်တာတွေ ပေါ်လာပြီး ပျောက်ချိန်တန်တော့လည်း ပျောက်သွားပါစေ။ ဒီအခါကျတော့ စိတ်ဟာ တည်ငြိမ်ပြီး ဖြစ်လာသမျှ ဖြစ်ပျက်မှုတွေကို သက်သောင့်သက်သာနှင့်အညီ ရှုနေပါလိမ့်မယ်။*

## မိုးမှန်တိုင်းတွေ ကြားမှာ

ပြေးလမ်းပေါ်တွင် လေယာဉ်ဘီး လိမ့်စပြုပြီ။

လေယာဉ် ပြတင်းပေါက်မှတစ်ဆင့် လက်ပြနှုတ်ဆက်နေသူတွေကို လှမ်းမြင်နေရသည်။ မည်သူက မည်သူ့ကို လက်ပြနေသည် မသိ။ အားလုံး သည် မှုန်ဝါးဝါး။ လေယာဉ်အတွင်းရှိ အသံချဲ့စက်အိမ်များမှတစ်ဆင့် လေယာဉ်မောင်၏ အသံကို ကြားရသည်။

"မျှားမကြာမီအတွင်းမှာ ခရီးသည်များ လိုက်ပါစီးနင်းလာတဲ့ လေယာဉ်ဟာ…"

လေကြောင်းခရီးဖြင့် မကြာခဏသွားလာခဲ့ဖူးသဖြင့် ဓာတ်ပြားဟောင်းကြီးတစ်ချပ် နားထောင်ရသလိုဖြစ်နေသည်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထွက်ခွာမည့်မြို့၊ ပျံသန်းမည့်အမြင့်ပေ၊ ခရီးစဉ်ကြာမြင့်မည့် အချိန်၊ ထိုင်ခုံခါးပတ်တွေ ပတ်ထားဖို့၊ ခုံတွေ တည့်မတ်ထားဖို့၊ ဆေးလိပ်မသောက်ဖို့၊ မြန်မာလို ကြေညာပြီးလျှင် အင်္ဂလိပ်စကားဖြင့် ထပ်မံပြောဆိုဦးမည်။ ပြီးလျှင် လေယာဉ်မယ်တစ်ဦးသည် လေယာဉ်ဦးခန်းထိပ်မှာရပ်ကာ အသက်ကယ်အိတ်အသုံးပြုပုံ၊ အသက်ရှူကိရိယာ တပ်ဆင်ပုံ၊ အသုံးပြုပုံတို့ကို သရုပ်ပြမည်။

တွေ့နေကျ မြင်ကွင်း၊ကြားနေကျ အသံတွေပဲ ဖြစ်သည်။ ထို့ကြောင့် စိတ်ပါဝင်စားမှု မရှိလှ။ သို့နှင့် မျက်လုံးစုံမှိတ်ကာ သရဏဂုံသုံးပါးကို အာရုံပြု နေလိုက်သည်။စိတ်အဆို စကားလုံးဖြင့် ဘုရားရှင်၏ ဂုဏ်တော်များကို ရွတ်ဆို ပွားများနေမိသည်။ လေယာဉ်မောင်၏ အသံလည်း ကွယ်ပျောက်သွားပြီ။ လေယာဉ်မယ်လေး၏ သရုပ်ပြမှုလည်း ပြီးဆုံးသွားပြီ။ လေယာဉ်သည်လည်း ပြေးလမ်းရှည်ကြီးပေါ်တွင် အရှိန်ယူနေပေပြီ။

ပိုမိုကျယ်လောင်ဆူညံသော လေယာဉ်အင်ဂျင်သံကြီးသည် နားစည်မြှေးကို အရှိန်အဟုန်ပြင်းစွာ ရိုက်ခတ်လာသည်။ နားတွေ အူလာ သည်။ လေယာဉ်ကြီးသည် အရှိန်မြန်သထက် မြန်လာရင်းမှ ကောင်းကင် ထက်သို့ ဦးမော့ထိုးတက်လိုက်သည်။ ငြိမ့်ခနဲ။ လေယာဉ်ဘီးတွေ ရုပ်သိမ်း သွားသည်ကို လှမ်းတွေ့နေရသည်။ လေထုထဲရောက်သွားသောအခါ လေယာဉ်ကြီးသည် မြေပြင်ပေါ်မှာ အရှိန်ယူပြေးလွှားရတုန်းကလို အသံမဆူညံတော့။

ရန်ကုန်လေယာဉ်ကွင်းသည် အောက်မှာကျန်ခဲ့ပြီ။ ရန်ကုန်မြို့





နယ်နိမိတ်အတွင်း တိုက်တာ၊အိမ်ခြေ၊လမ်းမများကို ငုံ့ကြည့်နေရပေပြီ။ နံနက်ခင်း မြူတွေက ပါးပါးကလေး ဝေ့ဝဲနေဆဲ။ အရှေ့ဆီမှ နေရောင်ခြည် သည် မြူမှုန် မြူမွှားများကို မရအရထိုးခွဲနေသလိုပင်။ ဖျော့တော့တော့ ရောင်ခြည်အလင်းသည် မကြာမီ ထိန်တောက်လာဦးမည်။

လေယာဉ်ကြီးက လေထုထဲသို့ ထိုးဝင်ဖြတ်သွားရင်း ပျံသန်းရမည့် အမြင့်ဆီသို့ မရောက်ရောက်အောင် အားယူထိုးတက်ပျံသန်းနေသည်။ သတ်မှတ်ထားသော အမြင့်ပေသို့ ရောက်သောအခါ လေယာဉ်သည် ပိုမို ငြိမ်သက်သွားတော့သည်။ တိမ်တိုက်လေထုထဲတွင် လေယာဉ်သည် ရပ်တန့် နေသည့်အလား။ ထိုင်ခုံခါးပတ် အချက်ပေးမီးလည်း ငြိမ်းသွားပြီ။ မြို့ပြ ကျေးလက်၊တိုက်တာအဆောက်အအုံ၊လမ်း၊ တံတားတို့သည်လည်း လေယာဉ်အောက်ဘက်တွင် မှုန်ပျပျသာတွေ့ရတော့သည်။

စည်းနှောင်ထားသလိုဖြစ်နေသော ထိုင်ခုံခါးပတ်ကို လျှော့ချလိုက်ရသည်။ လက်ကိုင်အိတ်ထဲမှ မှတ်စုစာအုပ်ကို ဆွဲထုတ်လိုက်သည်။ သည် မှတ်စုစာအုပ်ကလေးထဲ၌ ကျွန်တော်ဖတ်ခဲ့သမျှစာအုပ်တွေထဲမှ မှတ်သား ဖွယ်ရာစာပိုဒ်များစွာ ရှိနေသည်။ အားလုံးသည် ဓမ္မဒေသနာ အဆုံးအမများ ဖြစ်သည်။ ကျွန်တော်သည် စာအုပ်တစ်အုပ်ဖတ်တိုင်း ကျွန်တော် နှစ်သက် မြတ်နိုးသည့် ဓမ္မဒေသနာ အဆုံးအမများ၊ ဓမ္မဆိုင်ရာ ဗဟုသုတများကို မှတ်စုစာအုပ်အတွင်း၌ လက်ရေးဖြင့် ကူးယူ မှတ်သားထားလေ့ရှိသည်။ သည်မှတ်စုစာအုပ်ကလေးကိုလည်း သွားလေရာရာ ကိုယ်နှင့်မကွာ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အမြဲ ယူသွားတတ်သည်။

ခရီးသွားရင်း ကြာမြင့်ရသည့် အချိန်၊ တစ်ဦးဦးကို စောင့်ဆိုင်းနေရ သည့်အချိန် စသည်တို့၌ အချိန်ကို အလဟဿမဖြစ်စေရန်အတွက် မှတ်စုစာအုပ်ကလေးများက ကျွန်တော့်ကို ပြန်လည်အကျိုးပြုပါသည်။ ထိုအခါ ကျွန်တော့်မှာ ဖတ်ခဲ့ဖူးသော စာအုပ်အများကြီးကို ပြန်လည် ဖတ်ရှုရသလို ဖြစ်နေသည်။ တရားဓမ္မအဆုံးအမတွေကို ခဏခဏနာကြား ရသလို ဖြစ်နေသည်။ တွေဝေလွင့်မျော အတွေးတွေဖြင့် မွန်းနစ်ကာ အချိန်ကုန်သွားခြင်းမျိုးလည်း မရှိနိုင်တော့ပါ။ လက်တစ်ဝါးစာ၊ စာအုပ်ကလေး များအတွင်း၌ လက်ရေးသေးသေးဖြင့် ရေးထားသည့်အတွက် ဘေးလူကိုလည်း အနှောင့်အယှက် မဖြစ်စေတော့ပါ။ ဘေးလူကလည်း ကိုယ်ဘာတွေ ဖတ်နေသလဲ မသိနိုင်တော့ပါ။ စိတ်သည် ဝင်စားစရာအာရုံတစ်ခုရှိနေသဖြင့် ယောက်ယက်ခတ် လှုပ်ရှားခြင်းမျိုးလည်း မရှိတော့ပါ။ စာအုပ်များကို ဖတ်ခဲ့စဉ်က စာမကြေခဲ့သေးသော အကြောင်း အချက်များသည်ပင်လျှင် သည်လို ခရီးသွားခိုက် မှတ်စုစာအုပ်ကလေးထဲရှိ စာပိုဒ်များကို ထပ်မံဖတ်ရှုရ သောအခါ ပိုမိုနားလည်သလိုပင် ရှိလာရသည်။

**Read the best book first or you will not have another chance to read it at all.**

**အကောင်းဆုံးစာအုပ်ကို အရင်ဖတ်ပါ။ သို့မဟုတ်ရင် အဲဒီ စာအုပ်ကို ဖတ်ဖို့အခွင့်အရေး နောက်ထပ်ရမှာ မဟုတ်တော့ဘူး။ ဒီ စကားလုံးရဲ့ ဆင့်ပွားအဓိပ္ပါယ်ဖြစ်တဲ့**





**'အရေးကြီးဆုံး အလုပ်ကို အရင်လုပ်ပါ၊ သို့မဟုတ်ရင်တော့ အဲဒီအလုပ်ကို လုပ်ဖို့ရာ အချိန်ရမှာ မဟုတ်တော့ဘူး'ဆိုရင် အဓိပ္ပါယ်ကိုပိုပြီး လေးလေးနက်နက် သဘော ပေါက်သွားမယ်။**

မဟာမြိုင်တောရ ဆရာတော် ဦးဇောတိက၏ သတိဆိုတဲ့နေအိမ် စာအုပ်ထဲမှ ကျွန်တော် ကူးယူမှတ်သားခဲ့သော စာပိုဒ်ကလေးဖြစ်ပါသည်။ လက်ရေးမှတ်စုစာအုပ်ကလေးကို လှန်လိုက်သည်နှင့် ထိုစာပိုဒ်ကို လှမ်း တွေ့ရသည်။ သည် စာစုကလေးထဲက အဓိပ္ပါယ်ကြောင့်ပင် ကျွန်တော်သည် စာအုပ်ကောင်းတွေ့သည်နှင့် အခြားအလုပ်များကို အသာထားပြီး ထိုစာအုပ်ထဲက အကြောင်းအချက်များကို ဖတ်ရှုမှတ်သားလေ့ ရှိပါသည်။ ထို့ကြောင့်လည်း ကျွန်တော့်ကိုယ်ကျွန်တော် တွန်းအားပေးထူထောင်ထားသော မှတ်စုစာအုပ်ထားသည့် အကျင့်ကလေးသည်လည်း နောက်ဆက်တွဲ လုပ်ရပ်ကလေးအဖြစ် ကျွန်တော့်ထံ၌ လာရောက်ချိတ်ဆွဲနေမိခြင်း ဖြစ်ပါသည်။

မှတ်စုစာအုပ်ကလေးကို ဖတ်နေရာမှ မျက်လုံးကို ခွာလိုက်သည်။ လေယာဉ်ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လှမ်းကြည့်မိသည်။ပင်လယ် ပြာပြာကြီးကို လှမ်းတွေ့နေရသည်။ လေယာဉ်ကြီးသည် ဘင်္ဂလားပင်လယ်အော်ကြီးအပေါ်၌ ဖြတ်ကျော်ပျံသန်းနေလေပြီ။ ရာသီဥတုသည် ရန်ကုန်က ထွက်ခါစလို မဟုတ်တော့။ နည်းနည်းမှုန်မှိုင်းလာသည်။ တိမ်ဆုပ်၊ တိမ်ခဲ၊ တိမ်ထုတွေသည် လေယာဉ်ကိုယ်ထည်ဘေးမှ အလိပ်လိုက် အဆုပ်လိုက် ရွေ့လျားနေလေသည်။ တိမ်ထုတွေ ကျဲပါးသွားချိန်မျိုးမှာ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပင်လယ်ပြင်ကို လှမ်းတွေ့ရခြင်းဖြစ်သည်။

ဟောမိုးတွေ ရွာလာပြန်ပါပြီ။ အချို့တိမ်ဆုပ် တိမ်ခဲတွေ၌ မိုးစက် တွေ စုဖွဲ့မနေ။ အချို့တိမ်ဆုပ် တိမ်ထုထဲ၌သာ မိုးစက်တွေ စုဖွဲ့တတ်သည်ကို လေထုထဲရောက်မှ သတိထားမိသည်။ မိုးရေစက်တွေ ဖြာကျနေပုံကို ကြည့်၍ ရေသံသရာလည်ပုံကို စဉ်းစားနေမိသည်။ပင်လယ်သမုဒ္ဒရာ၊မြစ်ချောင်း၊ အင်း အိုင်တို့မှ ရေတွေသည် နေအပူအရှိန်ကြောင့် အခိုးအငွေ့ဖြစ်ကာ အပေါ်သို့ ပျံတက်။လေထုထဲ၌ စုဖွဲ့ပြီးတော့ မိုးစက်အဖြစ်ပြန်လည်ရွာသွန်း။ မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်သမုဒ္ဒရာများဆီသို့ ပြန်ရောက်။ ပူလိုက်၊ အေးလိုက် ဖြစ်နေသော သဘာဝတရား။ ရေမှသည် ရေငွေ့၊ ရေငွေ့မှသည် ရေ။ ပြောင်းလဲနေသော ဖြစ်စဉ်တစ်ခုဟူသော ပညတ်ကတော့ ပျောက်ပျက် မသွား။ ဒါကိုကြည့်လျှင် ပညတ်သည် ပုံသေကြီးဖြစ်မှန်း ထင်ရှားလွန်းလှသည်။

ကျွန်တော်တွေး၍မှ မဆုံးခင် လေယာဉ်ကြီးသည် သိမ့်ခနဲဖြစ်သွား သည်။ ခရီးသည်အချို့၏ အာမေဋိတ်သံတွေကို ကြားလိုက်ရ၏။ လေယာဉ် ကြီးသည် ထုထည်ကြီးမားလှသော တိမ်တိုက်ကြီးနှင့် ဝင်တိုးမိပေပြီ။ လေယာဉ်အောက်သို့ ဆွဲချလိုက်သဖြင့် အေးခနဲဖြစ်သွားသည်။ ခရီးသည် အချို့ထံကပင် ကြောက်လန့်တကြား အသံတွေ ထွက်လာ၏။ လေယာဉ်မှူးသည် တိမ်တိုက်ကြီးကို ရှောင်ရှားနေပုံရသည်။ မိုးစက်တွေ ပိုမိုကျလာသည်။ လေယာဉ်ပြတင်းပေါက် အပြင်ဘက်၌ မိုးရေတွေ အဆက်မပြတ် စီးကျ နေပေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးသည် မှုန်မှိုင်း စိုထိုင်း





လာသည်။ ထိုင်ခုံခါးပတ် ပတ်ထားရန် အချက်ပေးမီးခလုတ် ပွင့်လာပြန်သည်။

ထိုင်ခုံကို နောက်သို့ ဆန့်ထားရာမှ ပြန်မတ်လိုက်ရသည်။ ထိုင်ခုံခါးပတ်ကို ပတ်သည်။ကိုယ်အနေအထားကို ပြင်သည်။ စိတ်က လှုပ်ရှားချင်လာသယောင်။ လေယာဉ်ကိုယ်ထည်ကြီးသည် တိမ်တိုက်တစ်ခုနှင့် ဝင်တိုးပြန်သည်။ သိမ့်ခနဲ ဖြစ်သွားပြန်၏။ သည်တစ်ခါတွင် ခုနကထက် အရှိန်ပိုမြင့်လာသည်။လေယာဉ်ကို အောက်သို့ ဆွဲချလိုက်ပြန်သဖြင့် အေးခနဲ ဖြစ်သွား ပြန်၏။ ခန္ဓာကိုယ်က အထိအတွေ့တစ်ခုပြောင်းတိုင်း ခံစားမှုတွေ ပြောင်းလဲနေသည်ကို သတိထားမိနေသည်။

ခဏမျှ ငြိမ်သက်သွားပြန်သည်။ လေယာဉ်ကြီးသည် တိမ်တိုက်တွေ ကြားထဲတွင် ပုံမှန်ရွေ့လျားနေပြန်၏။ မိုးတွင်းကာလ လေယာဉ်ခရီးစဉ်သည် ရင်တထိတ်ထိတ်ဖြစ်ရသည်။ ပြီးတော့ ကမ်းရိုးတန်းဒေသသို့ ခရီးသွားခြင်း။ တစ်ပတ်တွင် နှစ်ရက်ခန့်သာရှိသော လေယာဉ်ခရီးစဉ်။ ဒါကလည်း ရာသီဥတု မီးစိမ်းပြမှ ခရီးစဉ်ဖြစ်ရခြင်း။ သို့မဟုတ်လျှင် လေယာဉ်ကွင်းက ပြန်လှည့်သွားရသည်ချည်း ဖြစ်သည်။ ရာသီဥတု ဆိုးဝါးသဖြင့် ကွင်းချိန်းရက်တစ်ရက်ကို ထပ်စောင့်ရပြန်သည်။ တစ်ခါတလေ လိုရာခရီးရောက်ခါ နီးမှ ပင်လယ်ကမ်းခြေဒေသ မိုးမုန်တိုင်းတွေကြောင့် ကွင်းမဆင်းဖြစ်ဘဲ ရန်ကုန်သို့ ပြန်လှည့်ရသည်လည်းရှိသည်။ အခု ကျွန်တော်ကြုံနေတာကရော ရုတ်တရက်ဆိုးဝါးလာသော ရာသီဥတုနှင့်ဆိုလျှင် လေယာဉ်သည် လိုရာခရီး သို့ ကွင်းဆင်းနိုင်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပါဦးမည်လော။

အတွေးတွေက အဆက်မပြတ် ဝင်လာသည်။ စိတ်က လှုပ်ရှားစပြုလာပြီ။ တောင်တောင်အီအီ တွေးချင်လာပြီ။ အတွေးနောက်လိုက်၍မဖြစ်။ စိတ်ကို အာရုံတစ်ခုခုပေါ်သို့ တင်ပေးရမည်။ ဘုရားရှင်၏ အရဟံဂုဏ်တော်ကို နှလုံးသွင်း ဆင်ခြင်မိသောအခါ စိတ်ကလေးသည် အတော်အတန် ငြိမ်သက်သွားသည်။ သို့မဟုတ်လျှင် လေယာဉ်ကလူးလူး၊စိတ်ကလူးလူးနှင့် လှိုင်းပေါ်က လှေလို ဖြစ်တော့မည်။တော်ပါသေး၏။ အရဟံဂုဏ်တော်တန်ခိုးကြောင့် စိတ်သည် အတော်အတန်ငြိမ်သက်သွား၏။ လေယာဉ်သည်လည်း လူးလူး လိမ့်လိမ့် မရှိတော့။ ငြိမ်သက်သွားပေပြီ။ သည်တော့မှပင် ကျွန်တော်သည် မှတ်စုစာအုပ်ကလေးကို ဖွင့်ဖတ်နိုင်တော့သည်။

**"အချို့က စိတ်ကို သန့်ရှင်း ကြည်လင်တဲ့ ကောင်းကင်ကို နှမူနာထားတယ်။ စိတ်ထဲဖြစ်ပေါ်လာတဲ့ စေတသိက်တရားတွေ၊ သင်္ခါရတရားတွေ အားလုံးကို အဲဒီ ကောင်းကင်ပြင်ပေါ်မှာ ဖြစ်ပေါ်လာ တာတွေနှင့် တူတယ်လို့ယူတယ်။ ဒါတွေဟာ ကောင်းကင် မဟုတ်ဘူး။ ကောင်းကင်ကတော့ ကြည်လင်ပြီး၊ ဒီအပေါ်မှာ ဖြစ်ပေါ်လာတာကြောင့် ဘာမျှ မထိခိုက်ဘူး။ အပြောင်းအလဲလည်းမဖြစ်ဘူး။ မိုးသားတိမ်တိုက်တွေ တက်လာတယ်။ ပြီးတော့ ပျောက်သွားကြတာပဲ။ လေတိုက်လာတယ်။ ပြီးတော့ ပျောက်သွားတာပဲ။မိုးရွာချလာတယ်။ ပြီးတော့ ပျောက်သွားတာပဲ။ နေရောင် ပြန်ကျလာတယ်။**





**ပြီးတော့ ပျောက်သွား တာပဲ။ဒါပေမယ့် ကောင်းကင်ကတော့ ဒီအတိုင်း ကြည်လင်နေလျက်ပဲ။ စိတ်ကို ကြီးကျယ်ပြီး ကြည်လင်တဲ့ မိုးကောင်းကင်နှင့် တူအောင်ပြုပါ။ ပေါ်ချင်တာတွေ ပေါ်လာပြီး ပျောက်ချိန်တန်တော့လည်း ပျောက်သွားပါစေ။ ဒီအခါကျတော့ စိတ်ဟာ တည်ငြိမ်ပြီး ဖြစ်လာသမျှ ဖြစ်ပျက်မှု တွေကို သက်သောင့်သက်သာနှင့်အညီ ရှုနေပါလိမ့်မယ်။"**

"ဒုန်း"

အသံနှင့်အတူ လေယာဉ်ကြီးပါ သိမ့်သိမ့်ခါသွားသည်။ ဖတ်လက်စ စာပိုဒ်ထဲက စကားလုံးပင် ခုန်ထွက်သွားသလို ထင်ရသည်။ သည်တစ်ခါ ဆောင့်အားက ကြီးမားလွန်းလှသည်။ လေယာဉ်ကြီးသည် တောင်ပံတစ်ဖက် အောက်ကို စိုက်လျက်။ တောင်ပံတစ်ဖက်က အပေါ်ထောင်လျက် ဖြစ်နေသည်။ ကျွန်တော်အပါအဝင် လေယာဉ်ပေါ်မှ ခရီးသည်အားလုံးမှာ ဒီဂရီ (၃၀)ကျော်လောက် စောင်းနေသည်။ လေယာဉ်ကိုယ်ထည်ကြီးအတွင်း၌ ယောက်ယက်ခတ်ကုန်ရပြီ။ ထိုင်ခုံခါးပတ်တွေ ပတ်ထား၍သာ တော်တော့ သည်။ သို့မဟုတ်လျှင် ကြောက်လန့်တကြားနှင့် အရေးပေါ်တံခါးဝ၌ စုပြုံတိုးနေမိမည်လားမသိ။ ဟော လေယာဉ်ကြီးသည် ဘယ်စောင်းနေလျက်က ညာတစ်ဖန် စောင်းပြန်ပြီ။ ထိုင်ခုံခါးပတ်တွေသာ မပတ်ထားလျှင် ကျွန်တော်တို့သည် ဆန်ကောထဲက ဆီးဖြူသီးတွေလို ဟိုဘက်နံရံလိုမ့်ကပ်၊ သည်ဘက်နံရံလိမ့်ကပ်လျက် ရှိနေပေမည်။ ရာသီဥတုက သိသိသာသာ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆိုးဝါးလာသည်။ မိုးသီး မိုးစက်တွေက လေယာဉ်မှန်ပြတင်းကို အရှိန်ပြင်းစွာ လာရိုက်နေသည်။ ကျွန်တော် စာဆက်ဖတ်၍ မရတော့။ ခုနဖတ်နေသော စာပိုဒ်၏ အဓိပ္ပါယ်တွေသည် ဘယ်ဆီဘယ်ဝယ် လွင့်ပျံသွားပြီ မသိ။ ကျွန်တော့်စိတ်တွင် ကြောက်လန့်မှုကြီးတစ်ခု နေရာဝင်ယူလာသည်။

မပြောကောင်း၊ မဆိုကောင်း၊ မကြံစည်ကောင်း၊ မတွေးကောင်း။ ယခုနေမှာ သည်လေယာဉ်ပျံကြီးသည် ပင်လယ်ပြင်ထဲ ထိုးစိုက်သွား လျှင်. . . .

အကယ်၍သာ လေယာဉ်မောင်၏ အသံသည် ထပ်မံပေါ်ထွက်လာဦးမည်ဆိုပါလျှင်''ခရီးသည်များ ခင်ဗျား၊ ခရီးသည်များ စီးနင်းလိုက်ပါလာတဲ့ လေယာဉ်ပျံကြီးဟာ မကြာမီအချိန်အတွင်းမှာ . . . .''ကျွန်တော်ဆက်၍ မကြားချင်တော့။ နားကိုပိတ်ထား လိုက်ချင်သည်။

ရင်ထဲမှာလည်း မောဟိုက်လာသည်။ ရုတ်တရက် လေယာဉ် တိမ်းစောင်းမှုဖြစ်စဉ်က ဖြစ်ပေါ်ခဲ့သော ခံစားမှုထက် ပိုမိုဆိုးနေသေးတော့သည်။။ ရင်ထဲမှာ ဟာတာတာ။ လေယာဉ်အပြင်ဘက်တွင် မိုးစက်တွေဖြင့် စိုစွတ်ထိုင်းမှိုင်းနေသော်လည်း စိတ်ထဲမှာတော့ ခြောက်ခြောက်သွေ့သွေ့ကြီး။ ကျွန်တော် သေရတော့မှာလား။ သေမင်းသည် လေထုတိမ်တိုက်ထဲရောက်နေသော ကျွန်တော့်ကို လာရောက်ဆွဲခေါ်နေပြီလား။ လှုပ်သွားသော စိတ်ထဲသို့ အတွေးတွေသည် တစ်ခုပြီးတစ်ခု ကဆုန်ပေါက်ဝင်ချလာသည်။ကြည့်ခဲ့ဖူးသော ဂြိုဟ်တုသတင်းတွေထဲက ပုံရိပ်များ





ကလည်း မဖိတ်မခေါ်ပါဘဲ လာရောက်ပြသနေသလို။လေယာဉ်အပိုင်းအစ၊ အသက်ကယ်အဖွဲ့၊ ခွဲခြားရန်ခက်ခဲသော ရုပ်ကြွင်းများ၊ နေ့စဉ်ထုတ်သတင်းစာပေါ်မှ သတင်းထူး စာလုံးကြီးများ၊ ငိုပွဲဝင်နေသော ကျန်ရစ်သူမိသားစုများ။

အနိဋ္ဌာရုံတွေ။ ကျွန်တော်မမြင်ချင်ဘူး။ ထွက်သွား၊ ထွက်သွား၊ ပေါ်လာသောပုံရိပ်များကို စိတ်ထဲမှ အတင်းနှင်ထုတ်မိရက်သား ဖြစ်နေသည်။ မဟုတ်သေးဘူး။ ခုနက အောက်မှာ ပင်လယ်ပြင်ကို လှမ်းတွေ့နေသားပဲ။ ဒါဆိုရင် ပင်လယ်ပြင်ထဲ ဆိုပါက မီးလောင်မှု မဖြစ်နိုင်။ သို့သော် ကျွန်တော် ရေမကူးတတ်။ ကိစ္စ မရှိ။ အသက်ကယ်လေအိတ်ရှိသည်။ ရော . . ခုမှခက်ပြီ၊ အသက်ကယ်အိတ်ကို ဘယ်လိုသုံးရမှာလဲ၊ ခုန လေယာဉ်ပျံအတက်တုန်းက လေယာဉ်မယ်လေး သရုပ်ပြခဲ့သော်လည်း သေသေချာချာ မကြည့်ဖြစ်ခဲ့။ ထိုင်ခုံအောက်မှာ အသက်ကယ်အိတ်ရှိသည်တဲ့။ ဘယ်လိုဆွဲထုတ်ရမှာလဲ။ အချိန်မီနိုင်ပါ့မလား။ ဒါဆိုရင် ပင်လယ်ပြင်ထဲ စုန်းစုန်းမြုပ်သွားရင်။ ကျွန်တော်အသက်ရှူကျပ်လာသည်။ လေယာဉ်ထဲ၌ အောက်စီဂျင်နည်းသွား၍ မဟုတ်ပါ။ ကျွန်တော့်စိတ်က ပြောင်းဆန်နေ၍ အသက်မရှူမိခဲ့ခြင်း ဖြစ်မည်။ အောက်စီဂျင်နည်းသွားလျှင် အသက်ရှူကိရိယာသည် အလိုအလျောက်ကျလာမည်တဲ့။ အဲဒီ ကိရိယာကျလာတော့မလား။ လေယာဉ်ကစောင်းစောင်းကြီးနှင့် တိမ်တိုက်တွေကို တစ်လုံးပြီးတစ်လုံး ဝင်တိုးနေပြန် သည်။ သိမ့်ခနဲ၊ အေးခနဲ။

လေယာဉ်ပေါ်က ခရီးသည် တော်တော်များများ အန်ကုန်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြပြီ။ ကျွန်တော်ပင်လျှင် အန်ချင်ချင်ဖြစ်လာသည်။ အန်လိုက်ရရင် ကောင်းမလား။ ပလတ်စတစ်အိတ်ကို ဆွဲယူလိုက်မိသေးသည်။ သို့သော် ကျွန်တော် မအန်ချင် တော့ပြီ။ ပလတ်စတစ်အိတ်ကို ပြန်ထားလိုက်ရသည်။ကျွန်တော် သေရတော့မည်။ သေဖို့တော်တော်သေချာနေပါပြီ။ကျွန်တော့်နောက်ဆုံး အချိန်သည် မမျှော်လင့်ဘဲရောက်လာပေပြီ။ကျွန်တော် မည်သို့သေမည်နည်း။ နောက်ဆုံးစုတိစိတ်ကို ကျွန်တော် မည်သို့သော သဘောထားနှင့် ရင်ဆိုင်မည်နည်း။ မည်သို့သော အသိဉာဏ်နှင့် ဖြတ်သန်းမည်နည်း။

''အသိဉာဏ်''

သည်စကားလုံးလေး ပေါ်လာတော့မှပင် စိတ်အတွင်း လွှမ်းမိုးခြယ် လှယ်နေသော ကြောက်လန့်မှုကြီးသည် ရုတ်တရက်ရပ်တန့်သွားရသည်။ ကြည့်စမ်း။ကျွန်တော့်ကိုယ် ကျွန်တော်စွဲလမ်းလွန်းလှတဲ့ တဏှာ။ ကျွန်တော်တည်းဟူသော အထပ်ထပ်အခါခါ ဖြစ်နေသည့် အာရုံ။သက္ကာယဒိဋ္ဌိကြီး။လေယာဉ်ပေါ်မှာ ကျွန်တော်တစ်ယောက်တည်းမဟုတ်။ခရီးသည် အများပါနေသည်။ ကျွန်တော်တစ်ယောက်တည်းမှ အသက်ရှိသည် မဟုတ်။သူတို့လည်း အသက်တွေနှင့်။ ဘာ့ကြောင့် ကျွန်တော်သည်လောက်ကြောက်လန့် သွားရတာလဲ။ သတိပဋ္ဌာန်တရား အားထုတ်နေတယ်ဆိုပြီး သူများကြားလျှင်၊ သိလျှင် ရှက်စရာမကောင်းပေဘူးလား။ ကဲ ဘယ်မှာလဲ၊ ကျွန်တော် အားထုတ်ခဲ့တယ်ဆိုတဲ့၊ကျွန်တော် တည်ဆောက်ခဲ့တယ်ဆိုတဲ့ သတိတရားတွေ။ သည်လောက်တောင် ရှုမတတ်အထိ သေရမှာ ကြောက်နေရသတဲ့လား။





လူတစ်ယောက်ဟာ တစ်သက်မှာ တစ်ခါပဲ သေရမှာပါ။ဒါဟာ မလွဲမသွေပဲ။ သေခြင်းတရားကို ကြောက်ကန် ကြောက်ကန်နဲ့ ငြင်းဆန်ပြီး အတင်းတွန်းလှန် သေသွားရတယ်ဆိုရင် အားထုတ်ခဲ့တဲ့ သတိပဋ္ဌာန်တရား တွေ နာမည်ပျက်ရော့မယ်။ဒါဖြင့် သတိပဋ္ဌာန်တရား အားထုတ်တယ်ဆိုတာ စိတ်နှလုံးအေးချမ်းတည်ငြိမ်ရုံလေးသက်သက် အတွက်လား။ ကောင်းခံစားမှုလေးကို ခံစားခွင့်ရဖို့ အတွက်ပဲလား။ အသိဉာဏ်ဖြစ်ဖို့ အတွက်လား။ ရုပ်သဘော၊ နာမ်သဘောတွေသိပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတွေကို ကိုယ့်ခန္ဓာကိုယ်ထဲမှာ ရိုးရိုးလေး ရှာဖွေတွေ့ရှိဖို့ အတွက်လား။ကိုယ်တရား သဘောတွေ သိနေပြီလို့ လူတကာကို ကြေညာဖို့ နာမည်ကောင်းရရုံ တရား အားထုတ်ခဲ့တာလား။ ကျွန်တော် တော်တော်ရှက်သွားမိသည်။ အသံဖမ်းခွက် ကိုင်ထားသော မေးခွန်းရှင်များစွာတို့သည် စိတ်နှလုံးအိမ်တံခါးဝ၌ မေးခွန်းများစွာ လာမေးနေသလိုပင်။

မျက်လုံးကို စုံမှိတ်လိုက်ရသည်။ မေးခွန်းရှင်တွေ၏ အမေးတွေကို လည်း ပြန်ဖြေဖို့ အချိန်မရှိတော့။ ကျွန်တော့်ကိုယ်ကျွန်တော် မကြာမီ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း အမှန်တကယ်သေတော့မည်ဟု ခံယူလိုက်သည်။ နောက်ဆုံးအချိန်သို့ မရောက်မီ သေခြင်းတရားကို စိတ်အေးအေးနှင့် ကျွန်တော် ရင်ဆိုင်သွားတော့မည်။ ပျာလောင်ခတ် လှုပ်ရှားနေသော စိတ်အဟုန်သည် လေယာဉ်ကြီး မုန်တိုင်းအတွင်း ဝင်ရောက်ပျံသန်းနေသည်ထက် ဆိုးဝါးနေမှန်း ကျွန်တော့်ကိုယ်ကျွန်တော် နားလည်လာသည်။ ကျွန်တော့်စိတ်တွင်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဖြစ်နေသော အထင်ရှားဆုံးအာရုံကို ရှုကြည့်လိုက်သည်။ ဝင်လေထွက်လေကို သိသာထင်ရှားအောင် သုံးလေးချက်မျှ ခပ်ပြင်းပြင်း ရှူလိုက်သည်။

**(သင်တရားထိုင်နေစဉ် စိတ်မှာ ယောက်ယက်ခတ်နေသဖြင့် သမာဓိမရဖြစ်နေလျှင် ထိုစိတ်အခြေအနေကိုပင် သတိပဋ္ဌာန် ဝိပဿနာ ရှုကွက်အဖြစ် သတ်မှတ်ပါ။ ထိုင်ရင်းစောင့်ကြည့်ပါ။ 'စိတ်ယောက်ယက် ခတ်နေတယ်၊ စိတ်ပျံ့လွင့်နေတယ်'ဟု မှတ်ပါ။ 'စိတ်မငြိမ်ဘူး။ စိတ် မငြိမ်ဘူး' ဟု မှတ်ပါ၊ စိတ်ဖြစ်နေပုံကို ဖြစ်နေသည့်အတိုင်း မြင်အောင်ရှုပါ။ငါ့စိတ် မငြိမ်ဘူးဟု ငါနှင့်စိတ်ကို တစ်သဘောတည်း၊ တစ်ခုတည်း ဖြစ်အောင် ထပ်တူ မပြုပါနှင့်။ ဤနေရာတွင် စိတ်လှုပ်ရှားနေသူ၊ စိတ်မငြိမ်မသက် ဖြစ်နေသူ ပုဂ္ဂိုလ်တစ်ဦး သတ်သတ် မရှိပါ။ စိတ်၏ မငြိမ်သက်မှုတို့သည် ဖြစ်ပေါ်လာပြီးလျှင် သူ့အလိုလို ပျောက်ပျက် သွားသည်သာ ဖြစ်သည်။ အကယ်၍ ရှုမှတ်မှုမှာ အညီအမျှဖြစ်နေလျှင် ထိုကုက္ကုစ္စစိတ်စေတသိက်များ စိတ်ကို မနှောင့်ယှက်တော့ပါ။)**

လေ့လာမှတ်သားခဲ့သမျှသော တရားဒေသနာ အဆုံးအမ စာပိုဒ်ကလေးတွေသည် ယခုမှ အဓိပ္ပါယ်ရှိရှိ ရှင်သန်လာသကဲ့သို့ရှိသည်။ ပျံ့လွင့်နေသော အာရုံတွေကို စုစည်းမိသောအခါ ကြောက်စိတ်ကွင်းဆက်တွေသည်လည်း ထပ်မံ မပေါ်ပေါက်လာတော့။ ထို့ပြင် ကြောက်စိတ်၏ လာရာ အရပ်ကိုပါ ရှုမြင်လာမိသည်။ ကိုယ့်ကိုယ်ကို ချစ်ခင်စွဲလမ်းလွန်းခြင်း ဟူသော





တဏှာမာနနှင့်ယှဉ်သည့် သက္ကာယဒိဋ္ဌိကြောင့် ပေါ်ပေါက်လာသော အတွေး၏ စွမ်းအားသတ္တိတစ်ခု။ စိတ်အတွင်း၌ ယခင့်ယခင်ကတည်းက တရားစွမ်းအားသတ္တိတွေ လေ့ကျင့်မွေးမြူထားခဲ့ခြင်းမရှိခဲ့ပါလျှင် တဏှာ မာနနှင့်ယှဉ်သော သက္ကာယဒိဋ္ဌိလွှမ်းမိုးသည့် အတွေးတွေ၊ ကြောက်စိတ် တွေက အနိုင်ရသွားပေဦးတော့မည်။

ရှုမှတ်ရင်း ရှုမှတ်ရင်းပင် ငြိမ်သက်အေးဆေးသော စိတ်အစဉ်တို့ ဖြစ်ထွန်းလာသည်။ သည်စိတ်အခြေအနေနှင့်ဆိုလျှင် ကျွန်တော်၏ နောက်ဆုံးစုတိစိတ်သည် အတန်ငယ် စိတ်ချရပေပြီ။ ထိုအခါ လေယာဉ် တိမ်းစောင်းနေခြင်း၊တိမ်တိုက်တို့နှင့် ထိခိုက်နေခြင်း၊သိမ့်ခနဲ အေးခနဲနေအောင် အောက်သို့ပြုတ်ကျသွားခြင်းတို့သည် ကျွန်တော်နှင့် မသက်ဆိုင်တော့။ထိုအခါ ကျွန်တော်သည်ပင်လျှင် လေယာဉ်ပေါ်၌ လိုက်ပါစီးနင်းလာသော ခရီးသည်တစ်ဦး မဟုတ်တော့။ ကျွန်တော်သည် သူစိမ်းတစ်ရံဆံကြီးလို ဖြစ်နေသည်။ တစ်နည်းအားဖြင့် ဖရိုဖရဲ၊ အလူးလူး အလိမ့်လိမ့်၊ ကြောက်လန့်တကြားနှင့် ကယ်တင်ရှင် မျှော်လင့်နေသည့် ခရီးသည်များကို ပရိသတ်တစ်ယောက်အနေဖြင့် ဘေးမှထိုင်ကြည့်နေသလို ဖြစ်သွားသည်။ ထိုခရီးသည်များ အထဲတွင် ကျွန်တော် မပါဝင်တော့သည့်အလား။

တကယ့်တကယ်တွင် သေခြင်းတရား၏ ဒုက္ခဘေးကို မည်သည့် ကယ်တင်ရှင်ကမျှ ဝင်ရောက်ကယ်တင် မပေးနိုင်ပါ။ ကိုယ့်စိတ်ထဲက တရားစွမ်းအားကသာ ကိုယ့်ကို ထိတ်လန့်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တုန်လှုပ်မှုဘေးမှ ကယ်တင် နိုင်မည်ဖြစ်ကြောင်း ကျွန်တော် ကောင်းကောင်းသဘောပေါက်ခဲ့ရပြီ။ သတိပဋ္ဌာန်တရားကို နေ့စဉ်အားထုတ်ဖြစ်နေလျက်ကပင်လျှင် ကျွန်တော်သည်သေခြင်းတရားကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်မိသောအခါ ကြောက်လန့်စိတ်ကြီးက ရုတ်တရက် ကြီးမားစွာ ဖြစ်ပေါ်လာသေးသည်ဟု ဆိုလျှင် အကယ်၍ အားမထုတ်ဖြစ်ခဲ့ပါက မည်သို့ရှိနေမည်ကို မတွေးတောနိုင်။

လေယာဉ်ကြီးက အောက်သို့ အရှိန်ဖြင့် ထိုးဆင်းသွားသည်။ သိနေ ရုံမှလွဲ၍ ကျွန်တော် ဘာမျှမတတ်နိုင်တော့။ ကြောက်စိတ်ဝင်မလာစေရန် စိတ်အေးအေးဖြင့် ပေါ်လာသမျှအာရုံကို သတိဖြင့် စောင့်ဆိုင်း ရှုမှတ်နေလိုက် မိသည်။ အချိန်မည်မျှကြာသွားသည် မသိ။ လေယာဉ်ဘီးတွေ ပြေးလမ်းပေါ်ချလိုက်မှပင် သိမ်မွေ့သော စိတ်အာရုံထဲ ဝင်စားနေရာမှ ပြင်ပပတ်ဝန်းကျင်ကို ပြန်လည် အာရုံပြုမိတော့သည်။

ခရီးသည်တို့၏ လက်ခုပ်သံသည် လေယာဉ်ကိုယ်ထည်အတွင်း၌ ဆူညံသွားတော့သည်။ ဩော် ‥ လေယာဉ်ကြီးသည် သံတွဲလေဆိပ်သို့ ချောမောစွာ ဆိုက်လိုက်ပါပကောလား။ခရီးသည်အားလုံးတို့၏ မျက်နှာများ သည် ယခုမှ ရွှင်ပြုံးကြည်သာ လန်းဆန်းကုန်ကြလေပြီ။ ခုနက ကောင်းကင်ထက် လေမုန်တိုင်းကြားထဲမိနေစဉ်က မျက်နှာတွေနှင့် လုံးဝမတူ တော့ ‥‥။ အားလုံးသည်သေပေါက်သေဝမှ ထွက်လာရသူတွေလို ဖြစ်သဖြင့် အပျော်ကြီးပျော်နေလေပြီ ....။





ကျွန်တော်ကရော ....။

ကျွန်တော်သည် သတိပဋ္ဌာန်တရား၏ လက်တွေ့လေ့ကျင့်ခန်း တစ်ခုကို စိတ်နှင့်ယှဉ်၍ ရိုးရိုးသားသား လေ့ကျင့်ခွင့်ရလိုက်သည့်အတွက် အထူးအားတက် ရွှင်လန်းမိပါသည်။ ယခုခရီးစဉ် အတွေ့အကြုံမှ ရလာသော သင်ခန်းစာသည် ကျွန်တော့်တွင် သေပေါက်သေဝရောက်လေတိုင်း ကြီးစွာသော သတိတရား ဖြစ်စေလိမ့်မည်ဟု ကျွန်တော် ယုံကြည်နေမိပါတော့သည်။

၂၁-၁-၂၀၀၁

❑



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သို့သော် ဘဝဟူသည် နှောင်တတွေ တစ်ပွေ့တစ်ပိုက်နှင့် ပူဆွေးနေဖို့ မသင့်ပါ။ နှောင်တတွေဖြင့် ပူဆွေးသောက ရောက်နေပါက ကုက္ကုစ္စမီးတွေ ထပ်ကာ လောင်နေခြင်းဖြင့် ဘာမျှ အကျိုးမရှိနိုင်ပါ။ အမှားသိရင် အမှန်ရောက်အောင်လုပ်ပေါ့၊ အမှန်ရောက်ပြီဆိုရင် ရှေ့ခရီးကို စွမ်းအားပြည့် ချီတက်လို့ ရပြီပေါ့။ နိဗ္ဗာန်မရနိုင်သေးသည့်တိုင် ဝမ္မ၏ ငြိမ်းအေးမှုစွမ်းအင်သည် လောကီနယ်ထဲက အချို့သောမီးများကိုပင် ငြိမ်းသတ်နိုင်ပါသည်။

## သိမ်မွေ့သောရန်သူ

တစ်ခါတစ်ရံ သိမ်မွေ့သော ကိလေသာတို့၏ သဘောကို သိခွင့် ရလိုက်ခြင်းသည်ပင်လျှင် အသိဉာဏ် အဆင့်အတန်း မြင့်မားရေးအတွက် ကြီးစွာသော အထောက်အပံ့ဖြစ်သည်ဟု ယုံကြည်မိပါသည်။ ထိုအချိန်မျိုး တွင် သိမ်မွေ့သောကိလေသာတို့ သည် ကိုယ့်ကိုယ်ကို ကာကွယ်သည့် သဘောမျိုးဖြင့် ဆင်ခြေ ဆင်လက် အမျိုးစုံပြတတ်သည်ကိုလည်း သတိ ထားမိခဲ့သည်။ ထိုသို့ သတိထားမိချိန်တွင် ကိလေသာကသပ်သပ် ကိုယ်က သပ်သပ ဖြစ်သွားပါသည်။ ကိလေသာက သရုပ်ဆောင်၊ ကိုယ် က ပရိသတ် ဖြစ်နေပါသည်။ ကိုယ်က ကိလေသာနှင့် အတူ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဝင်ရောက် သရုပ်မဆောင်ဖြစ်သောအခါ ကိလေသာသည် အင်အားချည့်နဲ့သလို ဖြစ်သွားပါတော့သည်။ သူ့လုပ်လက်စ အလုပ်တွေကို ရပ်ပစ်လိုက်ရမလိုနှင့် နှမြောတသစွာ ကိုယ့်ကို လှမ်းကြည့်တတ်ပါသည်။ ထိုအချိန်မျိုးတွင် ကိလေသာသည် စိတ်၏နယ်ပယ် အတွင်းသို့ ချင်းနင်းဝင်ရောက်ကျူးကျော်ခါစလို ရှင်မြူးတက်ကြွမှု မရှိတော့ပါ။ ညှိုးငယ် နွမ်းလျနေပါပြီ။ နောက်ဆုံး ပရိသတ်နေရာသို့ ရောက်နေသူကိုယ်တိုင်က ဆွဲဆောင်မှု မရှိတော့သော ဇာတ်ပွဲတစ်ခုကို ကြည့်နေရ သည့် မျက်နှာမျိုးဖြင့် လှမ်းကြည့်နေသောအခါ ကိလေသာသည် ဇာတ် ကိုပင် ဆုံးအောင် မကနိုင်ရှာဘဲ ကန့်လန့်ကာချ၍ ရုတ်တရက်ဇာတ်သိမ်းသွားပါတော့သည်။

ဤအခြေအနေမျိုးကို ကျွန်တော့်ဘဝ တစ်ချိုးတစ်ကွေ့တွင် ကျွန်တော်ကိုယ်တိုင် ကြုံခဲ့ရသောအခါ . . .။

များမကြာမီလုသော အချိန်တွင် ဝန်ထမ်းဘဝမှ အနားယူတော့မည် ဟု ကျွန်တော့်စိတ်တွင် ယတိပြတ် ပိုင်းဖြတ်ဆုံးဖြတ်ပြီးသောအခါ တာဝန်ထမ်းဆောင်နေသော အချိန်အတောအတွင်း အကောင်းဆုံးလုပ်ဆောင်သွား မည်ဟူသော ကောင်းသော မနသိကာရလည်း ပေါ်ပေါက်လာပါသည်။ကိုယ်လုပ်ရမယ့် တာဝန်တွေက ဘာလဲ၊ ဒီတာဝန်တွေကို အကောင်းဆုံး နည်းလမ်းနဲ့ ဘယ်လိုလုပ်မလဲ၊ ဘယ်လောက်အတိုင်းအတာအထိ လုပ်မလဲ၊ ပေးလာတဲ့ အခြေအနေအပေါ်မှာ ရည်မှန်းချက် တာဝန်တွေကို





ဘယ်လိုပြီးစီး အောင်မြင်အောင် ဆောင်ရွက်မလဲဆိုသည့် အချက်များသည် ကျွန်တော့် အတွက် စဉ်းစားစရာများ ဖြစ်လာခဲ့ပါသည်။

ကျွန်တော်သည် ကျွန်တော့် နာမည်ရရုံသက်သက် ပုဂ္ဂိုလ်ရေးအရ လုပ်မည်လော . .။ သို့ဆိုလျှင် အများအပေါ် တာဝန်ယူထားရသည့် ကျွန်တော့်ရပ်တည်မှုသည် အဓိပ္ပါယ်ရှိနိုင်ပါဦးမည်လား . . .။ မေးခွန်းတွေ များစွာ မေးဖြစ်သည်။ ဒါတောင်မှ ကျွန်တော်သည် လူ(၂၀၀)ကျော် ကျော်ကို ဦးဆောင်ကိုင်တွယ်ရသည့် သာမန်ခေါင်းဆောင်အငယ်စား ဘဝမှာပင် ရှိနေသေးသည်။ ကိုယ့် အတိုင်းအတွာနဲ့ကိုယ် တစ်နိုင်တစ်ပိုင် အကောင်းဆုံး စေတနာဖြင့် အောင်မြင်အောင်လုပ်မည်ဟု သန္နိဋ္ဌာန်ချလိုက်သောအခါ ကျွန်တော့်အတွေးလမ်းကြောင်းသည် ပုဂ္ဂိုလ်ရေးနယ်ပယ်ထဲမှ အလိုလို ခုန်ထွက်ပြီးသား ဖြစ်သွားတော့သည်။

ပုဂ္ဂိုလ်ရေးရာသက်သက် လုပ်နေ၍တော့ ကျွန်တော့်ဘဝမှာ ဘာအဓိပ္ပါယ်ရှိဦးမှာလဲ၊ ပုဂ္ဂိုလ်ရေးနှင့် ဓမ္မရေးပူးတွဲရမည်။ ဓမ္မရေးက ပုဂ္ဂိုလ်ရေးကို ဦးဆောင်ခေါ်ယူသွားလိမ့်မည်။ ပုဂ္ဂိုလ်ရေးကို ဦးစားပေးလျှင် ဓမ္မရေးသည် နောက်မှာ ကျန်ခဲ့လိမ့်မည်။ ဤသည့် သဘောတရားများကို နားလည်ယုံကြည်လာပြီးသော ကျွန်တော်သည် သုံးနှစ်ဆိုသော အချိန် အတိုင်းအတာကာလ အတွင်း ကျွန်တော်ဦးဆောင်ခဲ့ရသော အဖွဲ့အစည်းဝင် လူပုဂ္ဂိုလ်တို့၏ လူမှုရေးရာ၊ ကျွန်တော်တာဝန်ယူထားရသော နေရာဒေသ၏ လုပမှု၊ ဖွံ့ဖြိုးသာယာမှု စသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု အခြေအနေများ အပြင် ကျွန်တော်အပါအဝင် တပည့်သားသမီးများ၏ စိတ်ဓာတ်ရေးရာ ဖွံ့ဖြိုးမှုအတွက် ဓမ္မရေးကို အခြေခံကာ နည်းလမ်း



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ပေါင်းစုံဖြင့် စီမံဆောင်ရွက်ခဲ့ပါသည်။ ဓမ္မရေးကို အခြေခံသည့်အတွက် စိတ်ဓာတ်ဖွံ့ဖြိုးမှုကိစ္စများ ဆောင်ရွက်ရာတွင် ကျွန်တော်သည် တပည့်သားသမီးများ၌''တစ်ဘဝစံ'' အတွေးအခေါ်များ မကိန်းအောင်းစေရန် ဆေးကြောရသည်။ သူတို့ကို ဆေးကြောချေးချွတ်ပေးသည့်နည်းတူ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ဆေးကြောချေးချွတ်ရပါသည်။ တချို့ အသိပညာအားနည်းရှာသော တပည့် သားသမီးများအား **''သံသရာ အမြင်''**ကို မြင်တတ်လာစေရန် အုပ်ချုပ်ရေးဘောင်အတွင်းမှပင် ဖျောင်းဖျ သိမ်းသွင်းစည်းရုံးခဲ့ရပါသည်။

ဤသို့ဖြင့် ကျွန်တော်ဦးဆောင်ခဲ့သော အဖွဲ့အစည်းကလေးသည် ပတ်ဝန်းကျင်ကြားထဲတွင် သပ်သပ်ယပ်ယပ် သန့်သန့်ပြန့်ပြန့်၊ စည်းစည်း လုံးလုံး ညီညီညွတ်ညွတ် အဖွဲ့အစည်းကလေးတစ်ခု ဖြစ်ခဲ့ရပါသည်။ (ဤအကြောင်းကို ရေးပြနေရခြင်းသည် ကျွန်တော့်ကိုယ် ကျွန်တော် ဂုဏ်ဖော်လိုသော သဘောမျိုးဖြင့် ရေးသားနေခြင်း မဟုတ်ကြောင်းကိုလည်း ဤ ဆောင်းပါးပြီးဆုံးသောအခါ စာဖတ်သူ နားလည်သွားပါလိမ့်မည်။ ကျွန်တော်သည် ကျွန်တော်၏ စိတ်အညစ်အကြေးကို တွေ့ရှိအောင် အမြဲတစေကြိုးစား နေသူဖြစ်ပြီး တွေ့ရှိပါကလည်း အမှန်အတိုင်း ရိုးသားပွင့်လင်းစွာ ဝန်ခံတတ်သူ တစ်ဦးအနေဖြင့်သာ ရပ်တည် ရှင်သန်သွားချင်သူတစ်ဦး ဖြစ်ပါသည်)

သုံးနှစ်သုံးမိုးဆိုသော အချိန်ကာလသည် ပြုပြင်သူ၏စေတနာ အပေါ်မူတည်၍ အရိုင်းထည်များကို ယဉ်လာစေပါသည်။ အယဉ်ထည်များကိုလည်း ပိုမိုသိမ်မွေ့လာစေပါသည်။ ဦးဆောင်သူ





၏ ကိုယ်ကျိုးအတ္တ နည်းပါးမှုသည်လည်း ပတ်ဝန်းကျင်ကို အထိုက်အလျောက် အကျိုးပြုပြီးသား ဖြစ်သွားပါသည်။ ကိုယ်ကျိုးအတ္တဟူသည် လူတိုင်း၌ မရှိမဟုတ်၊ ရှိကြပါသည်။ ကျွန်တော့်တွင်လည်း ရှိပါသည်။ ကိုယ်ကျိုးအတ္တ လိုလားမှုကြောင့်ပင် ကျွန်တော်တို့သည် မသိမှုအဝိဇ္ဇာကို အခြေခံ၍ တဏှာနှင့် ရောစွက်ကာ လူ့ဘဝ လူ့ခန္ဓာကို ရခဲ့ကြခြင်း မဟုတ်လား။

မမြင်ရသည့် စိတ်ဓာတ်ကို ပုံသွင်းပုံဖော် လုပ်ရသည့်ကိစ္စသည် ထင်သလောက် မလွယ်ကူလှပါ။ အလွန်နက်နဲသိမ်မွေ့သည့် ကိစ္စဖြစ်ပါသည်။ အကြမ်းစားစရိုက်ရှိသူများကို ရုပ်ပိုင်းဆိုင်ရာနှင့်လည်း ဆွဲဆောင်စည်းရုံး သိမ်းသွင်းရပါသည်။အလတ်စားစရိုက်ရှိသူများကို ရုပ်ပိုင်းအပြ တစ်မျိုး၊စိတ်ပိုင်း အသိပေးခြင်းတစ်မျိုးဖြင့် ဆွဲဆောင်စည်းရုံးရပါသည်။ အနုစားစရိုက်ရှိသူများကိုမူ ပိုမိုမြင့်မားသော စိတ်ဓာတ်အဆင့်အတန်းဖြစ်သည့် စွန့်လွှတ်မှု၊ အနစ်နာခံမှုတို့ဖြင့် ဆွဲဆောင်စည်းရုံးရပါသည်။

ပုံကြမ်းအခြေအနေမှသည် ချောမွေ့ပြေပြစ်သော အဖွဲ့အစည်း တစ်ခုအဖြစ် သိမ်မွေ့စွာတိုးတက်လာခြင်းသည် တကယ်တော့ ကျွန်တော် တော်၍ မဟုတ်ပါ။ ဓမ္မ၏ ဆွဲဆောင်မှုအားသာ ဖြစ်ပါသည်။ ဓမ္မ၏ မမြင်ရသော အစွမ်းသတ္တိကြောင့်ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် ဓမ္မကို အာရုံပြုချိန်များသည့်အတွက် ဓမ္မက ကျွန်တော့်ကို ထိုက်သင့်သော အလင်းရောင်တွေ ပေးမျှဝေပါသည်။ ထိုအလင်းကို ကိုင်စွဲလျက် မြင်ရခက်သော အမှောင်ထဲမှ စိတ်အခြေအနေတွေကို ရှာဖွေရပါသည်။ ထိုအခါ ကိုယ့်စိတ်ကိုလည်း တွေ့ပါသည်။သူတစ်ပါးစိတ်ကို



*[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။*

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လည်း တွေ့ရပါသည်။အဖွဲ့အစည်း တစ်ခုအတွင်း၌ ဆောင်ရွက်ရသည့်အခါ သူ့ဘက် ကိုယ့်ဘက် မျှတွေးတတ်ခြင်းသည် စိတ်ကိုနားလည်ခြင်း၏ သင်္ကေတဖြစ်ပါသည်။

ကျွန်တော့် ရည်မှန်းချက်အတိုင်း အကောင်းဆုံးအခြေအနေ ရောက်မလာသည့်တိုင် အထိုက်အလျောက် ကောင်းမွန်တိုးတက်လာသော အခြေအနေတွင် ကျွန်တော်သည် တပည့်သားသမီးများနှင့် ခွဲခွာဖို့ ဖြစ်လာခဲ့ပါသည်။ ကျွန်တော့် ပုဂ္ဂလိကရေးရာဖြစ်သည့် ကျွန်တော်လျှောက်ချင်သော ဓမ္မခရီးလမ်းသက်သက်အတွက်တော့ အဆင်ပြေခဲ့ပြီဟု ပြောရမည်ဖြစ်သည်။ (တကယ်တော့လည်း ဓမ္မရေးရာကို ဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကရေးရာဟု အကြမ်းစားအမြင်ဖြင့် ဆိုနိုင်သော်လည်း ရေရှည်တွင်မူ ထိုပုဂ္ဂလိကရေးရာ သက်သက်ကို ဆောင်ရွက်သွားတဲ့သူဟု သတ်မှတ်ခြင်းခံရသူများသည် လူ့လောကအတွက် အကျိုး များစွာပြုသွားနိုင်ကြောင်း အထောက်အထား သက်သေ သာဓကများစွာ ရှိနေပါသည်။)

ကိုယ့်ကိုယ်ကို မညှာတမ်း ဝေဖန်ရမည်ဆိုလျှင် ကျွန်တော် ထမ်းဆောင်ခဲ့သော ဝန်ထမ်းသက် ကာလတစ်လျှောက်လုံးတွင် ဤသုံးနှစ် အတိုင်းအတာသည်သာ ကျွန်တော် အကြိုးစားခဲ့ဆုံးသော ကာလများ၊ စေတနာအထားခဲ့ဆုံးကာလများဟု ဆိုရမည်ပင်။အဘယ်ကြောင့်နည်း၊ ကျန်ခဲ့သည့် (၁၅)နှစ်ကျော် အချိန်ကာလများတွင် ကျွန်တော်သည် မျှော်လင့်ချက်ရေစီးတွင်သာ လိုက်ပါစီးမျောခဲ့၍ ဖြစ်ပါသည်။ ပြဿနာမဖြစ်အောင် နေမယ်၊ တာဝန်ကို ကျေပွန်ရုံလုပ်မယ်၊ အချိန် တန်ရင်





ရာထူးတက်မယ်၊ လုပ်ပိုင်ခွင့်တွေ တိုးတက်လာလျှင် အထိုက်အလျောက် ပိုင်ဆိုင်ခွင့်တွေရလာမယ်၊ စည်းစိမ်ဥစ္စာ အဆင့်အတန်းပြည့်စုံရင် နောင်ရေး စိတ်အေးရမယ် စသည်ဖြင့် ကျွန်တော့် ဦးနှောက်သည် ဂဏာန်းပေါင်းစက်ဆန်ဆန် တွက်ချက်နေထိုင်ခဲ့သည်သာတည်း။သည်ဦးနှောက်၊ သည် အတွေးအခေါ်သည် အစကကိုယ့်ကိုယ်ကို မှန်သည်ဟုသာ ထင်ခဲ့မိပါသည်။ ဓမ္မပေတံနှင့်တိုင်းတာသောအခါမှ အလွန်တရာ ရှက်စရာကောင်းလှမှန်း ကျွန်တော် သိခွင့်ရလာခဲ့ပါသည်။သို့သော် ဘဝဟူသည် နောင်တတွေတစ်ပွေ့တစ်ပိုက်နှင့် ပူဆွေးနေဖို့ မသင့်ပါ။ နောင်တတွေဖြင့် ပူဆွေးသောကရောက် နေပါက ကုက္ကုစ္စမီးတွေ ထပ်ကာလောင်နေခြင်းဖြင့် ဘာမျှ အကျိုးမရှိနိုင်ပါ။ အမှားသိရင် အမှန်ရောက်အောင် လုပ်ပေါ့၊ အမှန်ရောက်ပြီဆိုရင် ရှေ့ခရီးကို စွမ်းအားပြည့်ချီတက်လို့ ရပြီပေါ့။နိဗ္ဗာန်မရနိုင်သေးသည့်တိုင် ဓမ္မ၏ ငြိမ်းအေးမှု စွမ်းအင်သည် လောကီနယ်ထဲက အချို့သောမီးများကိုပင် ငြိမ်းသတ်နိုင်ပါသည်။ ထို့ကြောင့် ကျွန်တော်စွမ်းခြင်း မဟုတ်ကြောင်း၊ ဓမ္မ၏ ခေါ်ဆောင်ရာ သို့ စိတ်ပါလက်ပါ လိုက်လာခဲ့သော ကျွန်တော့်ကို ဓမ္မက စွမ်းဆောင်ပေးခြင်းသာ ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ဓမ္မ၏ အစွမ်းသတ္တိသာဖြစ်ကြောင်း မိတ်ဆွေများအား ကျွန်တော် မကြာခဏပြောလေ့ရှိပါသည်။

ကောင်းပြီ၊ ကျွန်တော် (၃) နှစ်ကျော် စေတနာထားပြုစုပျိုးထောင် ခဲ့သော အသိုက်အအုံတစ်ခုကို ကျွန်တော်ထားခဲ့ရပါတော့မည်။ဤနေရာတွင် သိစေချင်သည်မှာ မည်သူကမျှ ကျွန်တော့်ကို အတင်းအဓမ္မ နှင်ထုတ်ခဲ့ခြင်း မရှိပါ။ ကျွန်တော်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကိုယ်တိုင် ကျွန်တော့်ဘဝ၏ ကျန်ရှိနေသေးသော အချိန်များ၌ ဓမ္မလမ်းကြောင်းသက်သက် လျှောက်လှမ်းလိုပါသည်ဟု အဆိုပြုချက်အပေါ် စာနာနားလည်ကြသော ကျွန်တော့်ဆရာသမားများ၏ ခွင့်ပြုချက်ကြောင့်သာ သည်နေရာ သည်ဌာနမှ ကျွန်တော် ငြိမ်းအေးစွာ ထွက်ခွာခွင့်ရခဲ့ခြင်းဖြစ်ပါသည်။ ဝန်ထမ်းဘဝတွင် နောက်ထပ် အနှစ်နှစ်ဆယ်နီးပါး လုပ်နိုင်သေးသော ကျွန်တော့်အပေါ် ဤသို့ ခွင့်ပြုချက်ပေးခြင်းသည်ပင်လျှင် ဆရာသမားတို့၏ နှလုံးရည်မြင့်မားပုံကို ခန့်မှန်းနိုင်ပါသည်။ ဤနေရာတွင် ဓမ္မ၏ အစွမ်းသတ္တိနှင့် ဓမ္မအပေါ် ချစ်မြတ်နိုးသော ကျွန်တော်၏စိတ်ကို အရင်းတည်၍လည်း သစ္စာဆိုခဲ့ရပါသေးသည်။

ကျွန်တော့်နေရာတွင် တာဝန်ထမ်းဆောင်မည့်သူ ရောက်လာပါပြီ။ကျွန်တော်ကလည်း လိုလားနှစ်သက်စွာ၊ ကြည်နူးပျော်ရွှင်စွာ စွန့်ခွာရတော့မည်ဖြစ်၍ ပျော်ရွှင်နေပါသည်။ ဤသည့်အတွက်လည်း ကျွန်တော်သည် ကျွန်တော့် ပုဂ္ဂလိကရေး၊ မိသားစုရေး၊နေထိုင်စားသောက်ရေးနှင့် မှန်ကန်သောအသက်မွေးဝမ်းကျောင်းပြုရေး စသည့် အဘက်ဘက်မှလည်း ပြင်ဆင်ထားခဲ့ပြီး ဖြစ်ပါသည်။ ခြေကုတ်တစ်ခုကို လွှတ်လိုလျှင် လှမ်းမည့်ဘက်မှ ခြေကုတ်ကို မြဲအောင်လုပ်ထားသင့်သည်ဟူသော ဆရာသမားတစ်ဦး၏ အဆုံးအမကိုလည်း ကျွန်တော် အမြဲနှလုံးသွင်းခဲ့၍ အစစအရာရာ အဆင်ပြေပါသည်။

ဟော . . အဆင်မပြေမှု တစ်ခုပေါ်လာပါပြီ၊ အခြားမဟုတ်ပါ၊ ကျွန်တော့်စိတ်။

ကိုယ်က စွန့်လွှတ်မည်ဟု ရည်မှန်းပြီး အဘက်ဘက်က





ပြင်ဆင် ဆောင်ရွက်ခဲ့ပြီးပါမှ နောက်ဆုံးအချိန်တွင် ကျွန်တော့်စိတ်ဖောက်ပြန်လာပါသည်။ ကျွန်တော် တာဝန်လွှဲပေးရမည့်သူနှင့် ကျွန်တော့် တပည့်သားသမီးများကို ကျွန်တော် ကိုယ်တိုင်ပင် မိတ်ဆက်ပေးပါသည်။ ထိုအချိန်မှစ၍ ကျွန်တော်သည် ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းသဖွယ် ဖြစ်သွားပါပြီ။ ကျွန်တော် လုပ်ခဲ့တာ၊ ကျွန်တော်တည်ထောင်ခဲ့တာ၊ ကျွန်တော် အလုအပ တန်ဆာဆင်ခဲ့တာ၊ကျွန်တော်မွမ်းမံခဲ့တာ၊ကျွန်တော် အကောင်းဆုံးပေးဆပ် ခဲ့ရတာ၊ ကျွန်တော့် ကုသိုလ်တို့ဖြင့် ထုံမွမ်းခဲ့ရတာ၊ သည်နေရာ၊ သည်အဖွဲ့အစည်း၊ သည်အဆောက်အအုံ သည်အသိုက်အဝန်း၊ သည်တပည့် သားသမီးတို့ကို ကျွန်တော်တကယ်စွန့်လွှတ်ရတော့မှာပါလား၊ သည်နေ့ ပြီးလျှင် ကျွန်တော်သည် သည်ပတ်ဝန်းကျင်နှင့် ဘာမျှမသက်ဆိုင်တော့၊ ကျွန်တော့်နေရာတွင် တာဝန်ယူမည့်သူသည် သည်နေ့မှစ၍ ကျွန်တော့် ကိုယ်စားဆက်လက်ဆောင်ရွက်ပေတော့မည်။

ကျွန်တော် အသုံးမဝင်တော့၊ ကျွန်တော့်တွင် ပြောဆိုခွင့် မရှိတော့၊ ကျွန်တော့်တွင် လုပ်ပိုင်ခွင့် မရှိတော့၊ နဂိုက အေးအေးဆေးဆေးရင်ဆိုင် လိုက်မယ်ဟု စိတ်ဆုံးဖြတ်ထားချက်တွေသည် ဘယ်ရောက်ကုန်ပြီနည်း၊ တကယ်နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရသောအခါ ကျွန်တော် အဘယ့်ကြောင့် လက်မခံချင်တော့သနည်း။ စိတ်သည် ခံပြင်းမှုများစွာနှင့် သိမ်ငယ်သလိုလို ဖြစ်နေပြန်ပါသည်။ ထိုတဒင်္ဂအတွင်း ကျွန်တော့်စိတ် ယောက်ယက်ခတ်မှုသည် ကြီးမားပြင်းထန်လှသည်။ဘယ်လိုဖြစ်တာတုံး၊ဘာကြောင့် ဣန္ဒြေမရ ဖြစ်နေရတာတုံး၊ကျွန်တော်သည် ထိုပတ်ဝန်းကျင်တွင် ရှိနေ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



လင့်ကစား ကျွန်တော်တစ်ယောက်တည်းလိုလို ဖြစ်နေရသည်။ ကျွန်တော့် စိတ်လှုပ်ရှားမှု သက်သက်ကြီးကို ထိုင်ကြည့်နေရသလို ဖြစ်နေသည်။ ကျွန်တော့်ရင်တို့ သည် လှိုင်းခတ်သောစိတ်ကြောင့် အဆမတန်ပူလောင်ပြင်းပြလာသည်။ သည်အပူကိုပင် သိနေမိသည်။ အလို . . ဘာကြောင့် ကျွန်တော် ဤသို့ သိလိုက်မိတာတုံး၊ ဩော် . . ကျွန်တော်သိပြီ၊ကျွန်တော် ရိပ်မိပါပြီ၊ နေ့စဉ်နှင့်အမျှ ကျင့်ကြံ အားထုတ်ထူထောင်ခဲ့သော သတိပဋ္ဌာန်တရားတော် အောက်၌ ဖြစ်ခဲ့သည့် သတိတရားလေးတွေက နေရာယူလာပြီကိုး၊ သတိတရား၏ သတ္တိတွေက စစ်ကူရောက်လာပြီကိုး။

ကျွန်တော့်တွင် ယောက်ယက်ခတ်နေသော စိတ်ကြောင့် ဖြစ်ပေါ် လာသောအာရုံနှင့် ထိုယောက်ယက်ခတ် လှုပ်ရှားမှုကြောင့် ပေါက်ကွဲမှု ပြင်းထန်နေသော သဘာဝကို သတိပြုနေမိသော စိတ်တို့ ယှဉ်တွဲဖြစ်ပေါ်လာသည်။ ''သတ္တဝါအားလုံးမှာလည်း အာရုံနဲ့စိတ်၊ တကမ္ဘာလုံးမှာရှိတဲ့ လူတွေ မှန်သမျှမှာလည်း အာရုံနဲ့ စိတ်။ အာရုံသည် စိတ်ကြောင့် ဖြစ်ပေါ်၊ ဖြစ်ပေါ် လာသော အာရုံကိုပင် စိတ်ကသိ။ စိတ်ကြောင့်ဖြစ်ပေါ်တဲ့ အညစ်အကြေးကို စိတ်ဖြင့်ပင်ဆေး၊ ရှေ့စိတ်က အကုသိုလ်ဖြစ်နေရင်၊ အကုသိုလ်ဖြစ်မှန်း သိနေတဲ့ နောက်စိတ်က ကုသိုလ်ဖြစ်နေပြီ'' နာကြားခဲ့သော တရားဒေသနာ တွေထဲမှာ စူးစူးနစ်နစ်ခံစားမိခဲ့သော တရားသားတွေသည်လည်း အာရုံထဲတွင် ကွက်ကွက်ကွင်းကွင်းပေါ် လာသည်။

တရားဝင်သောအခါ မတရားမှုသည် ငြိမ်သက်သွားသည်။

မေ့ဝင်လာသောအခါ အမေ့သည် နေရာဖယ်ပေးရတော့သည်။





ခုနက ကျွန်တော်ဘာဖြစ်လို့ အဲဒီလောက် စိတ်တွေ လှုပ်ခတ်သွား ရတာလဲ၊ စိတ်အေးအေးနှင့် ပြန်ကြည့်မှ တရားခံ အစစ်ကို တွေ့သည်။'လောဘ' လိုချင်မှု၊ 'တဏှာ' စွဲလမ်းမှု၊ ငါ၊ ငါ့နေရာ၊ ငါ့ အသိုက်အမြုံ၊ ငါ့မိသားစု၊ ငါ့ အဝန်းအသိုက်၊ ငါတည်ထောင်ထားတာ၊ ဘယ်သူမျှ မထိနဲ့။တဏှာက သည် အတိုင်းမနေ၊ သံသရာလက်တွဲဖော်ဖြစ်သည့် မာနကို လက်တို့ ခေါ်သည်။မာနက'ငါ'ကို ကိုင်၍ အလိုက်သင့် လိုက်ပါလာသည်။ ဒိဋ္ဌိကလည်း ငါ့ကို ခေါ်ပါဦးကွ၊ငါက မင်းတို့နဲ့ အမြဲလက်တွဲနေ ကျပဲ။ ထိုအခါ ငါ့နေရာ၊ ငါ့ဌာနဟု ကိုယ်မပိုင်သည့်နေရာကို ကိုယ်အမြဲတမ်းပိုင်သည်ဟု အယူမှားမှု၊ အစွဲမှားမှုသည် ထပ်ဆင့် မွေးဖွားလာတော့သည်။

ကိုင်း . . ကြည့်စမ်း။ဘယ်လောက် အံ့ဩစရာကောင်းလိုက် တဲ့ စိတ်ပါလဲ၊ နည်းနည်းလေး သတိမလစ်လိုက်နှင့်၊ သတိလစ် တာနှင့် တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော သံသရာနယ်ချဲ့တရားတွေက အစုလိုက်၊ အပြုံလိုက် ဝင်ရောက်လာတော့သည်။ သည်အထဲမှာ ခံပြင်းမှုဒေါသတွေလည်း ပါသည်။ ကြည့်ပါဦး၊ ကိုယ်မပိုင်တော့ ပါဘူး။ပိုင်လည်း မပိုင်ချင်တော့ပါဘူးလို့ ကြိုတင်သတ်မှတ် ဆုံးဖြတ်ထားတာတောင်မှ ကိလေသာက ဝင်ဖြစ်အောင်ဝင်လိုက် သေးသည်။

အကယ်၍သာ ငါပိုင်တဲ့နေရာပဲ၊ ငါ့ အသိုက်အမြုံပဲဟု အမှား စွဲကြီးဖြင့် ပုံသေလုပ်နေပါလျှင် မည်မျှခံရခက်လိုက် မည်နည်း။ အရေး အကြောင်းမှာ ကိလေသာရန်သူကို တိုက်နိုင် ရန်အတွက် စစ်ကူဖြစ်သည့် သတိတရားတွေလည်း မထူထောင်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ထားခဲ့လျှင်ရော မခက်ချေဘူးလား၊ တော်ပါ သေး၏။ ခမ္မကယ်ပေလို့၊ သတိပဋ္ဌာန်တရား ကယ်ပေလို့၊ သတိတရားတွေ ဝင်ကူလို့။

ထိုနေ့၊ ထိုအချိန်က ကျွန်တော့် ရင်တွင်းတိုက်ပွဲကို မည်သူမျှ မမြင်ရပါ။ သို့သော် ကျွန်တော်ကိုယ်တိုင်မြင်ခဲ့ရပါသည်။ ထိုအသိ ထိုသတိတရားသည် အကယ်၍ အမှန်တကယ်သေဆုံးရတော့မည့်နေ့၌ ကျွန်တော် ထားရစ်ခဲ့ရမည့် သံယောဇဉ်၊ ဝတ္ထုပစ္စည်း၊ ပိုင်ဆိုင်မှု စသည့် ကိုယ့်ပစ္စည်း များအပေါ် ထားရမည့် သဘောထားအတွက် လည်းကောင်း၊ ကျွန်တော်နှင့် အနီးဆုံး ကျွန်တော့်ခန္ဓာအိမ်နှင့် စိတ်နှလုံးအပေါ် ထားရမည့် သဘောထားများအတွက်လည်းကောင်း၊ ကြီးစွာသော နှလုံးသွင်းဆင်ခြင်ဉာဏ်အတွက်လည်းကောင်း အထောက်အပံ့ကောင်းတစ်ခု ဖြစ်လာလိမ့်မည်ဟု ကျွန်တော် ယုံကြည်နေမိပါတော့သည်။

၂၄-၁၁-၂၀၀၀

❑





http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

*တကယ်တော့ ကျွန်တော်တို့သည် သံသရာခရီးသွား ညှိသည်ချင်းအတူတူ ဖြစ်ကြပါသည်။ ထိုသို့ တူညီကြခြင်းမှာလည်း တဏှာ၊ အဝိဇ္ဇာဟူသော နောက်ခံအကြောင်း တူညီခဲ့ကြသောကြောင့်ဖြစ်ပါသည်။ သို့သော် အမြင်၊ အတွေးချင်းကား လေ့လာမှုအားပေါ်မူတည်၍ ကြာလေလေကွာခြားလေလေဖြစ်ပေမည်။*

## အဝေးပြေး သံဝေဂ

လေအိတ် အဝေးပြေးကားကြီးများနှင့် မကြာခဏ ခရီးထွက်ခဲ့ဖူးသဖြင့် ခရီးစဉ်တစ်လျှောက် ကြုံတွေ့ရတတ်သည့် အခြေအနေများကို ကျွန်တော် သိနှင့်ပြီးပေပြီ။သို့သော် သည်တစ်ခေါက် အဝေးပြေးကားဖြင့် ခရီးထွက်ခဲ့ရာ၌ ခါတိုင်းလို မဟုတ်။အတွေ့အကြုံအသစ်တစ်မျိုးကို ရခဲ့သည်။ ထို့ထက်ပို၍ သံဝေဂအလက်ာတွေ ကျွန်တော့်ရင်မှာ ထင်ဟပ်လာရသည်။ ဤသည့်အတွက် သည်ဆောင်းပါးကို ကျွန်တော် ရေးဖြစ်သွားခြင်း ဖြစ်ပါသည်။

*****

ကျွန်တော် ခရီးထွက်ဖြစ်ခဲ့ခြင်း၏ အဓိကရည်ရွယ်ချက်မှာ





ပုဂံဒေသ၌ စာသွားရေးရန် ဖြစ်သည်။ ပုဂံဒေသကို အခြေပြုရေးသားခဲ့သည့် ခန္ဓာအိမ် အရင်းပြု၍ သဘာဝဓမ္မကိုလေ့လာခြင်း စာအုပ်အတွက် နိဂုံး အပိုင်းကို ကျွန်တော်ရေးသားရန် ကျန်ရှိနေသေးသည်။ သည့်အတွက် အပ္ပမာဒမဂ္ဂဇင်းလုပ်ငန်း၊ စာအုပ်လုပ်ငန်းများ အနားသတ်ပြီးသည်နှင့် ကျွန်တော် ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ မူလက ရန်ကုန်မှ ပုဂံ၊ ညောင်ဦးသို့ လေယာဉ်သို့မဟုတ် အဝေးပြေးကားဖြင့် တိုက်ရိုက်သွားရန် ဖြစ်သည်။ သို့သော် ဆရာဦးမြဝင်း (ဒသန) ဦးဆောင်သော ပြည်မြို့ရှိ ကျွန်တော့် မိတ်ဆွေများနှင့် မတွေ့ရသည်မှာ ကြာပြီ။ ထို့အတွက် ဓမ္မစာပေဆိုင်ရာ ကိစ္စများ ဆွေးနွေးပြောဆိုကြရင်း ပြည်တွင် တစ်ညအိပ်မည်။ထို့နောက် ပြည်မှ မကွေးသို့သွားမည်။ မကွေးတွင် ကျွန်တော့်မိတ်ဆွေကြီးတစ်ဦး ရှိသည်။ ဆောက်လက်စ မကွေးတံတားတွင် တိုင်းလျှပ်စစ်အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်နေသည်။ ဆရာဦးအုံးကျော်သည် မကွေးသို့ ပြောင်းရွှေ့ ရောက်ရှိခဲ့ပြီးကတည်းက ကျွန်တော့်ကို မကြာခဏ ဖိတ်ခေါ်နေသည်။ မြေလတ်ဒေသ မကွေးမြို့၏ သာယာလှပပုံနှင့် ငြိမ်းချမ်းရေး ဓမ္မပုံရိပ်တွေကို တယ်လီဖုန်းမှတစ်ဆင့် ကျွန်တော့်အား မကြာခဏပြောပြနေသည်။ထို့ကြောင့် ကျွန်တော်သည် ဆရာဦးအုံးကျော် ညွှန်းဆိုသော မကွေးမြို့မှ ဓမ္မပုံရိပ်တွေကို စိတ်ဝင်စားနေမိသည်။သည့်အတွက် ကျွန်တော့်ခရီးစဉ်တွင် မကွေးမြို့၌ တစ်ညတာ အိပ်စက်၍ ဆရာဦးအုံးကျော်နှင့် ဓမ္မပုံရိပ်များ အပြန်အလှန် ဆွေးနွေးဖလှယ်ရန် အစီအစဉ်လည်း ပါဝင်ခဲ့



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရသည်။

ရန်ကုန်မှပြည်သို့ အဝေးပြေးကား ခရီးစဉ်သည် နာရီသိပ်မကြာလှ။(၅)နာရီ သာသာခန့်သာ ရှိသည်။လမ်းချောတာလည်းပါမည်။ လေအိတ်ကားသစ်ကြီးတွေ ကောင်းတာလည်းပါမည်။ သည်ခရီးစဉ်၌ မည်သည့် အနှောင့်အယှက်မျှမရှိ။ သက်သောင့်သက်သာဖြင့် ပြည်မြို့သို့ ရောက်ဖြစ်ခဲ့သည်။ ပြည်၌တစ်ညအိပ်၊ ဆရာဦးမြဝင်း (ဒဿန)နှင့် ပြည်မြို့မှ စာပေဝါသနာရှင်၊ ဓမ္မပုံရိပ်များကို စိတ်ဝင်စားသူတို့နှင့် စကားဝိုင်းဖွဲ့ပြောဆို။ နောက်တစ်နေ့ညနေ၌ ပြည်–မန္တလေး လေအိတ်ကားကြီးဂိတ်သို့ရောက်။ဆရာဦးမြဝင်း (ဒဿန)မှာ မအားလပ်သည့်ကြားက ကားဂိတ်သို့ လိုက်ပို့နေပြန်သဖြင့် အားနာရသည်။ ညနေ(၄)နာရီတိတိ ကားထွက်ရန်ဖြစ်သော်လည်း ကားက မလှုပ်သေး။နောက်မှ ကားဘက်ထရီ အားကုန်နေမှန်းသိ၍ ခရီးသည်တွေ ဝိုင်းတွန်းရသည်။စပယ်ယာအဖွဲ့တွေက ဟိုကားက ဘက်ထရီလိုက်ငှား၊ သည်ကားက ဘက်ထရီလိုက်ငှားနှင့် အလုပ်တွေရှုပ်ကုန်သည်။ စပယ်ယာအဖွဲ့ ဘက်ထရီငှားမပြီးခင်မှာပင် လေအိတ်ကားကြီးသည် ခရီးသည်တွေ၏ လုပ်အားဖြင့် နိုးသွားလေပြီ။

ဂိတ်ကဖြင့် မထွက်ရသေး။ပြဿနာကစပြီ။

ကားစက်နိုးသွားသောအခါ စပယ်ယာက ခရီးသည်တွေနာမည်ကို တစ်ဦးချင်းခေါ်ကာ ကားပေါ်တက်ခိုင်းနေသည်။ ကားပေါ်တွင် ခရီးသည် အားလုံး နေရာယူပြီးသောအခါ ညနေ(၄)နာရီခွဲနေပေပြီ။ နာရီဝက် နောက်ကျခဲ့ပြီ။ ဒါဆိုလျှင် မကွေး





မြို့အဝင် ညဉ့်နက်ပေဦးတော့မည်။ ကျွန်တော့် အတွက်မူ ဘယ်အချိန်ရောက်ရောက် ကိစ္စမရှိ။ သို့သော် မကွေးမြို့မှ လာကြိုနေမည့် မိတ်ဆွေကြီး အိပ်ရေးပျက်ပေဦးမည်။ သည့်အတွက် အားနာရဦးမည်။ သို့သော် နောက်ကျခြင်းသည် ကျွန်တော် တစ်ယောက်တည်းခံရသည့် ကိစ္စ မဟုတ်။ ခရီးသည် အားလုံးခံရသည့် ကိစ္စဖြစ်သည်။

ပြည်မြို့အပြင် ထွက်လာသောအခါ လယ်ကွင်းတွေ တပြင်တကျယ်ကြီး မြင်ရသည်။ ညနေစောင်း ဖြစ်သဖြင့် နေအပူရှိန်ဖျော့နေပေပြီ။ ကားပေါ်မှ လေအေးပေးစက် ပိတ်လိုက်သဖြင့် မှန်လုံလေအိတ် အဝေးပြေးကားကြီး အတွင်း အိုက်စပ်စပ်ဖြစ်လာသည်။ တံခါးကို ဆွဲဖွင့်လိုက်ရသည်။လတ်ဆတ်သော လေတို့သည် ကားအတွင်းသို့ အလုံးလိုက်ဝင်လာသည်။ သည်တော့မှ အသက်ရှူဝတော့သည်။

ကားပေါ်တွင် နေသားတကျဖြစ်ပြီးသောအခါ ကျွန်တော် ရေးရမည့် အကြောင်းအရာများအတွက် စဉ်းစားခန်းဖွင့်နေမိသည်။ ခန္ဓာအိမ်နိဂုံးပိုင်း၌ မည်သည့်အချက်တွေ ထည့်သွင်းရေးသားရမည်။ မည်သို့တင်ပြရမည် စသည်ဖြင့် လေ့လာဖတ်မှတ် ကျင့်ကြံမှု အတွေ့အကြုံများမှ ကောင်းနိုးရာရာများကို ပုံရိပ်ဖော်ကြည့်နေမိသည်။ သို့သော် စိတ်ကူးပင် အစမပျိုးလိုက်ရ။ ကားက ရပ်ပြန်ပါပြီ။ ဘာဖြစ်လို့ပါလိမ့်၊ ကားပေါ်မှ စပယ်ယာနှင့်ဒရိုင်ဘာ အဖွဲ့တွေ ဆင်းသွားကြသည်။ကားလမ်းဘေးရှိ အိမ်တစ်အိမ်ထဲသို့ ဝင်သွားကြသည်။ ပြီးတော့ အိမ်သူအိမ်သားတွေနှင့် စကားလက်ဆုံ ပြောနေ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြပြန်သည်။ သူတို့တစ်တွေ ဖက်လှဲတကင်း ရယ်မောပြောဆိုနေကြသည်ကို ကားပေါ်က လူတွေ အတိုင်းသား မြင်နေရသည်။ (၁၅)မိနစ်လောက် ကြာသည်။ကားသည် ပိုင်ရှင်မဲ့ယာဉ်တစ်စီးလို လမ်းဘေးမှာ ရပ်နေရသည်။ ဒရိုင်ဘာနှင့် စပယ်ယာတို့၏ ဆွေမျိုးတွေဟု သိရသည်။ဩော်. . သူတို့ ကြုံတုန်းမို့ နှုတ်ဆက်တာနေမှာပေါ့ . .၊ ကားပေါ်မှ ခရီးသည်တွေမှာ ဘာမှန်းမသိသဖြင့် ကားပေါ်မှ မဆင်းရဲကြ။နောက်တော့ ဒရိုင်ဘာအဖွဲ့ပြန်တက်လာသည်။ သွားဦးမယ်ဟု ဆိုကာ ဆွေမျိုးတွေကို လက်ဝှေ့ရမ်းပြနေပြန်သည်။

ကားပြန်ထွက်သည်နှင့် စပယ်ယာတစ်ဦးက ကက်ဆက်ဖွင့်သည်။ သီချင်းသံသည် ကားအတွင်း လျှံကျလာသည်။ Sound Box က အက်တက်တက်။ အသံက မပီမသ။ နားဝင်ပီယံဖြစ်ဖို့ဝေးစွ။ နားကလောခြင်း ဖြစ်ရသည်။ မူရင်းသီချင်းသံသည် အက်တက်တက် အသံထွက် Sound Box များကြောင့် ပျက်စီးသလိုဖြစ်နေရသည်။ ဒါကိုပင် စပယ်ယာ တစ်ယောက်က အသံထွက်ညည်းရင်း စည်းဝါးပင်လိုက်နေသေးသည်။

ကားမောင်းချိန် သိပ်မကြာလိုက်။ ကားကရပ်ပြန်သည်။ တက်မည့် ခရီးသည် ရှိလို့များလား၊ သို့သော်မည်သည့် ခရီးသည်မျှမတက်။ ကားပေါ် ကသာ စပယ်ယာတစ်ဦး အထုပ်နှစ်ထုပ်ကိုင်၍ ပြေးဆင်းသွားသည်။ ခဏ ကြာလျှင် လက်ကိုကျောက်ပတ်တီးကိုင်ထားသော ကလေးတစ်ဦးနှင့် အမျိုးသမီးတစ်ဦး အိမ်ထဲမှ ထွက်လာကြသည်။ ဒရိုင်ဘာသည် ကားခေါင်း





မှနေ၍ အမျိုးသမီးရှိရာသို့ လှမ်းအော်ပြောနေသည်။

''ဘယ်လိုဖြစ်တာလဲကွာ၊ ကလေးကို ဂရုစိုက်မှပေါ့၊ အခုလက်ကျိုးပြီ မဟုတ်လား၊ သားရေ သားလက်နာနေလား..''

အမျိုးသမီးဖြစ်သူရော၊ကလေးရော ဘာမျှပြန်မပြောကြ။ ခရီးသည် တွေ အားလုံး ကားပေါ်မှ ငိုင်းကြည့်နေကြသောကြောင့်လား မသိ။ မထုံတက်တေး အမူအရာနှင့်ရပ်နေသည်။

''ကဲ . .ကဲ သွားမယ်ဟေ့၊ကလေးကို ဂရုစိုက်ဦးနော်၊ အငယ်ကောင်လည်း သေသေချာချာကြည့်ဦး၊ လိမ့်ကျလို့ အကြီးကောင်လို လက် ကျိုးနေဦးမယ်၊ သားရေ..ဖေကြီး ဝယ်လာတဲ့ ခေါက်ဆွဲကြော်စားနော်၊ အပြန်ကျရင် ဖေကြီး မုန့်ဝယ်လာခဲ့အုံးမယ်၊ သွားမယ်နော်၊ သားရေ..တာ့တာ.. ''

ခုနကားပေါ်မှဆင်းသွားသော စပယ်ယာလည်း ကားပေါ်ပြန် ရောက်လာခဲ့ပြီ ဖြစ်သည်။ ဒရိုင်ဘာ၏ အိမ်အလွမ်း ဝေဒနာများကိုကြားရသောအခါ ကားပေါ်မှခရီးသည်များက ပွဲကျသွားသည့်အလား ငိုင်းရယ် ကြသည်။ ခရီးသည် အမျိုးသမီးတစ်ယောက်ထံမှ အသံထွက်လာသည်။

''တကတဲတော်.. ကားထွက်တာလည်း နောက်ကျသေး၊ ဆွေစဉ်မျိုးဆက် နှုတ်ဆက်နေတာလည်း တစ်ရွာပြီးတစ်ရွာ မပြီးနိုင်တော့ဘူး၊ လွန်ကို လွန်လွန်းတယ်..''

''ဟုတ်တယ်၊ ခရီးသည်တွေ အပေါ့အပါးသွားမယ်ဆိုရင်တောင် ကားရပ်ပေးဖို့ မနည်းပြောရတယ်၊ ခုတော့ သူတို့မောင်းတဲ့ကားဆိုတော့ သူတို့လုပ်ချင်ရာ လုပ်နေတော့တာပဲ''



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အမျိုးသားတစ်ဦးက ထောက်ခံရင်းမှ ဝင်ပြောသည်။ နောက်ထပ်ခရီးသည် တစ်ဦးထံမှ အသံထွက်လာသည်။ အသံအားလုံးသည် ကျွန်တော့် နောက်ခုံတန်းများဆီမှ ဖြစ်သည်။

''အေးလေ ‥ သူတို့ကားကို စီးလာမိတာကိုး၊ သူတို့လက်ခုပ်ထဲကရေပဲ၊ ဘာလုပ်လုပ်ခံရတော့မှာပေါ့''

မျက်စိဖြင့် မြင်နေရသည်။ အမြင်အာရုံ ဖြစ်လာသည်။ မမြင်ချင်၍လည်းမရ။ မျက်စိရှေ့မှောက်တည့်တည့် ဖြစ်နေသည်ကိုး၊ မျက်စိနှင့်အဆင်း နှင့်တိုက်သည့်အခါ မြင်သိစိတ်ဖြစ်ပြီ။ မြင်သိစိတ်ကို နှလုံးသွင်းမိသောအခါ ဒေါသစေတသိက်တို့က နေရာယူလာကြပြီ။ ဒေါသအလျောက် ထင်မြင်ချက်တွေ ပြောလာကြပြီ။ ထင်မြင်ချက်တို့အရ ပြောသံဆိုသံတွေကို ကျွန်တော်အပါအဝင် ကားပေါ်မှ ခရီးသည်တွေ ကြားကြရပြန်သည်။ အကြားအာရုံမှသည် ကြားသိစိတ်ဖြစ်ပြန်ပြီ။ ကြားမှုကို နှလုံးသွင်းပြန်တော့လည်း ဒေါသ စေတသိက်တွေ နေရာယူလာကြပြန်ပြီ။

ဟော ‥ ဒရိုင်ဘာ၏ မိသားစု သောကအပူမှသည် ခရီးသည်တွေဆီ ကူးစက်။ ခရီးသည်တွေထဲက မထိန်းသိမ်းနိုင်သူတို့ကြောင့် ဒေါသအပူမီးတွေ ပျံ့လွင့်လာ။ ဘေးလူတွေထပ်ကြား။ ဆင့်ပွားဒေါသဖြစ်။ ဒေါသ မီးကြီးသည် ပျံ့နှံ့ပေါက်ကွဲလာချေပြီ။ မြင်မှုကြားမှုတို့ကြောင့် ဖြစ်ပေါ် ပြောင်းလဲသွားခဲ့သော စိတ်၊ စေတသိက်တို့၏ အလုပ်လုပ်နေပုံတွေကို ကျွန်တော် သတိထားနေမိသည်။ သည်ဒေါသ၏ လှိုင်းကွန်ယက်အတွင်း၌ ကျွန်တော့် စိတ်တွေ ရောနှောမပါဝင်သွားဖို့အတွက်





သတိကြီးစွာ ထားနေရသည်။ ''ဟုတ်တယ်ဗျ'' ဟု အစချီထောက်ခံလိုက်သည်နှင့် ဒေါသ၏ ကွန်ယက် အတွင်း၌ ကျွန်တော်ပါ နစ်မျော ပါဝင်သွားမိပေတော့မည် ...။

သည်လိုနှင့် အက်တက်တက် သီချင်းသံကို နားမှကြားရင်း၊ ဒရိုင်ဘာနှင့် စပယ်ယာတို့အပေါ် ခရီးသည်အချို့၏ မကျေမနပ် ပြောဆိုသံများကို ကြားရင်း၊ ခရီးဆက်ခဲ့ရသည်။ များမကြာမီမှာပင် အောင်လံမြို့အတွင်းသို့ ရောက်လာသည်။ ဓာတ်ဆီဆိုင်ရှေ့တွင် ကားကို ခဏရပ်သည်။ ကျန်းမာရေးအတွက် မနေနိုင်သော ခရီးသည်တချို့ အောက်ကို ဆင်းကြသည်။ ''ခဏနေကြပါဦးဗျာ၊ ရှေ့မှာ ကားရပ်ပေးပါ့မယ်၊ ညစာစားဖို့ပါတစ်ပါတည်းရပ်ပေးပါ့မယ်''

စပယ်ယာတစ်ဦးထံမှ အသံထွက်လာသည်။ ခရီးသည်တစ်ဦးက မကျေမနပ်သံနှင့် တုံ့ပြန်သည်။

''မင်းတို့လည်း တစ်လမ်းလုံး ရပ်ချင်ရာရပ်၊ လုပ်ချင်ရာလုပ်ခဲ့တာ ပဲကွ၊ ငါတို့လည်း ဆင်းချင်ဆင်းမယ်၊ သွားစရာရှိသွားရမှာပဲ၊ ပိုက်ဆံပေး စီးတာကွ၊ မင်းတို့ရပ်စောင့်''

စပယ်ယာနှင့် ဒရိုင်ဘာတို့ ဘာမျှပြန်မပြော။ ခရီးသည်တွေနှင့် ဒရိုင်ဘာအဖွဲ့တွေ ဆက်ဆံရေး မည်သို့ရှိလာဦးမည်နည်း။ တင်းမာလာလျှင် အခက်။ ကျွန်တော့်မှာ အမြင်အာရုံ၊ အကြားအာရုံတွေကို နှလုံးမသွင်းမိအောင် သတိနှင့် ဆင်ခြင် ရှုမှတ်နေရသဖြင့် ရေးမည့်စာအတွက် ဘာမျှစဉ်းစားခန်းဖွင့်၍မရ။ တစ်နည်းအားဖြင့် ကျွန်တော့်စိတ်အတွင်းမှ ဓမ္မာရုံကို ကျွန်တော်စနစ်တကျ အသုံးပြု၍ မရ။ သည်တုန်းမှာပင် ကျွန်တော့်ထိုင်ခုံ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



နောက်ဘက်မှ ဗူးရှပေါက်ကွဲသံကြီးတစ်ခု ပေါ်ထွက်လာပြန်ပါသည်။

''အောင်မာ..ကောင်မတွေက လူပါးဝလို့၊ နမူနာ ပြတုန်းက အထုပ်ကတစ်မျိုး၊ အခုရောင်းတာတစ်မျိုး၊ ဒါမျိုး လာလုပ်လို့ ဘယ်ရမလဲ၊ ဒီလိုင်းမှာ ငါသွားလာနေတာ ကြာပြီ။ ငါ့ကို ဒီလိုဖျံကျ လို့ မရဘူးဟေ့ . ..၊ ဟေ့ကောင်မလေး ခုန ဒီမလိုင်လုံးထုပ်ရောင်း သွားတဲ့ကောင်မကို သွားပြန်ခေါ်စမ်း၊ သူ့အထုပ်တွေ ပြန်လာယူလို့၊ ဒါမှမဟုတ် လဲပေးရင်လည်း လဲပေး၊ သွားခေါ်''

ခရီးသည် မိန်းမကြီးတစ်ဦးနှင့် ကားအောက်မှ မလိုင်လုံး ဈေးသည် မလေးတို့၏ ရန်ပွဲကား စတင်ပါပြီ။အပြန်အလှန် ဆဲဆို သံတွေသည် မကြားဝံ့ မနာသာစွာဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးသို့ ရိုက်ခတ်ကုန်ပြီ။ မလိုင်လုံး (၄)ထုပ်တန်ဖိုးငွေ တစ်ရာနှင့် မတန်အောင် ပြောဆိုနေသော အသံထွက် ဒေါသပေါက်ကွဲမှုကြီး ကား ပြင်းထန်လွန်းလှသည်။

''ကောင်မတွေနော်၊ ငါဆင်းလုပ်လိုက်ရရင် သေကုန် တော့မယ်..ဟင်း..''

ကျွန်တော့်မှာ အသံတွေကို ကြားနေတယ်ဟု နှလုံးသွင်း နေမိသောကြောင့်သာ အသံဖွဲ့စည်းရာ စကားလုံး၏ အဓိပ္ပါယ် တို့သည် ရင်ထဲသို့ ရောက်မလာနိုင်ခြင်း ဖြစ်သည်။ ကြမ်းတမ်း သော စကားလုံးတို့ဖြင့် ဖွဲ့စည်း ထားသော အသံတို့သည် ကျွန်တော့်နားစည်မြှေးကို အဆက်မပြတ်ရိုက်ခတ်လျက် ရှိနေ ပေသည်။ ထိုစကားလုံး၊ ထိုစကားသံတွေမှတစ်ဆင့် ဒေါသ





ကိလေသာကို ကိုယ်ပိုင်ပစ္စည်းသဖွယ် လှိုင်လှိုင်ကြီး အသုံးပြု နေသည့် ခရီးသည် မိန်းမကြီး၏ မျက်နှာကို စိတ်ကူးဖြင့် မှန်းဆ ကြည့်မိသည်။သူ့စိတ်ထဲ ဘယ်လောက် ပူလောင်နေလိုက်မလဲ။ ဈေးရောင်းသူ ကလေးမလေးက မလိုင်လုံးထုပ်များ လဲပေးသွားခဲ့ပြီး ဖြစ်သော်လည်း သူ့ဒေါသကား မရပ်နိုင်သေး။ ထိုအကြောင်းကို ထပ်ခါတလဲလဲပြောနေဆဲ။ ကားပြန်ထွက်၍ သီချင်းသံတွေ ပေါ်ထွက်လာမှပင် သူ့အသံ တိတ်သွားတော့သည်။ သို့သော် ကြိုကြား၊ကြိုကြား ဗျစ်တောက်၊ ဗျစ်တောက်နှင့် ဆူဆဲနေဆဲ။

အောင်လံမြို့အထွက်တွင် နာရီဝက်ရပ်နား၍ ထမင်းစား ကြသည်။ ကျွန်တော် ဆိုင်အပြင် လမ်းလျှောက်ရင်းမှ အားလုံး ကိုမေတ္တာပို့သနေမိသည်။ ကားပေါ်က ခရီးသည် အားလုံး ဆင်းသောအခါမှ ခုန ခရီးသည် မိန်းမကြီး၏ မျက်နှာကို မြင်ခွင့် ရသည်။ ထင်သည့်အတိုင်းပါပဲ။ ကြမ်းတမ်း ခက်ထန်မှုများဖြင့် ဖွဲ့စည်းထားသော ရုပ်ကာယ။

ထမင်းစားပြီးသောအခါ ခရီးဆက်ကြရပြန်ပြီ။တောင်တွင်းကြီး ကျော်သောအခါ ပြဿနာတစ်ခုက စောင့်ကြိုနေသည်။ ကားလမ်း ပေါ်တွင် အဝေးပြေး လေအိတ်ကားနှစ်စီး မျက်နှာချင်းဆိုင်လျက် ရပ်နေကြသည်။တိုက်ကြပြီလား။မဟုတ်။ ဒါဖြင့်ရင် ဘာဖြစ်လို့ ရပ်နေတာလဲ။ အဝေးပြေး ကားနှစ်စီးမှာ ကုမ္ပဏီတစ်ခုစီမှ ဖြစ် သည်။ တစ်ဖက်ကား(မန္တလေးမှလာသောကား)က ဖင်မလွတ်၍ ပြည်မှလာသောကားကို လမ်းပေါ်မှနည်းနည်းချရိုင်းသည်။ သည်ဘက်ကားက မချ။ မင်းမချရင် ငါလည်း မဖယ်ဟု တစ်ဖက်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကားက ပြောသည်။ အေး . . မင်းမဖယ်ရင် ငါလည်း မချဘူး၊ မီး ပိတ်ပြီး အိပ်မယ်။ ဒါဆိုရင် ငါတို့ကားလည်း မဖယ်ဘူး။ မီးပိတ်ပြီး အိပ်တာပေါ့ စသည်ဖြင့် အချေအတင်စကားများကာ လမ်းမလယ် ကောင် မီးပိတ်၍ အိပ်နေကြခြင်းဖြစ်သည်။

ကျွန်တော်တို့ကားပေါ်မှ ခရီးသည်များကမူ ငါတို့တော့ မအိပ်နိုင်ဘူးဟေ့ဟု အသံထွက်လာသည်။ကျွန်တော်တို့ ရှေ့မှ ခေါင်းချင်းဆိုင်ထားသော ကားနှစ်စီးတွင် ပါလာသော ခရီးသည် များကား ဘာမျှမပြောကြ။ ခရီးပန်းလာ၍ အချို့လည်း အိပ်နေ ကြပြီ။ ကားသမားတို့ ပြဿမျှနနေရသည့် ကိန်းဆိုက်နေပြီ လားမသိ။ ကျွန်တော်တို့ကားပေါ်မှ ဆူညံသံ၊ ကန့်ကွက်သံတွေ ကြား သောအခါ အဆိုပါကားနှစ်စီးမှ ခရီးသည်တို့ နိုးလာကြသည် ကိုတွေ့ရသည်။

ကျွန်တော်တို့ ကားဒရိုင်ဘာက ကားကို ရှေ့ကားနှင့် လွတ် အောင်ပြန်ဆုတ်သည်။ ပြီးလျှင် စပယ်ယာလုပ်သူက ကားလမ်း ဘေးလှည်းလမ်းကိုပြသည်။ လှည်းလမ်းအတိုင်း ချုံပုတ်၊ ဆူး ချုံတွေကို ဖြတ်နင်းကာ ကားလမ်းပိတ်နေသော ကားနှစ်စီးကို ပန်းတက်ပြီး ကျော်ရသည်။ ပြီးမှ ကားလမ်း ပေါ်သို့ ပြန်တက် ရသည်။ ခေါင်းချင်းဆိုင်ကာ မီးပိတ်ပြီး စကားများနေကြသော ကားနှစ်စီးကား နောက်မှာ ကျန်ရစ်ခဲ့ပေပြီ။ သည်တော့မှ ကျွန်တော် တို့ ကားပေါ်မှ ခရီးသည်တွေလည်း 'ဟင်း'ချနိုင်တော့သည်။

ဒေါသကွန်ယက်၏ ပူလောင်မှုကြီးကား သည်တစ်ညလုံး ရောက်ရာ နေရာအနှံ့ ပျံ့နှံ့လောင်ကျွမ်း၍ မဆုံးနိုင်တော့ပြီ။ ဟော





. . . . . ရှေ့မှာ မကွေးသို့ ရောက်တော့မည်။ (၅)မိုင် လောက်ပဲလို တော့သည်။ ကျွန်တော်သည် သည်ကားကြီးပေါ်မှ မြန်မြန်ဆင်း သွားချင်လှပြီ။ ကျွန်တော်ပို့သနေသော မေတ္တာလှိုင်းတွေသည် လည်း ဘယ်ဝယ်ဘယ်ဆီသို့ လွင့်ပျံ့ပျောက်ဆုံးကုန်ပြီမသိ။

မကွေးရောက်တော့မည်ဆိုကာမှ ပြဿနာတစ်ခု ထပ်တွေ့ ရပြန်ပါပြီ။ ကျွန်တော်တို့ကားက ရှေ့မှ ဟိုင်းလပ်အဖြူ အမိုးဖွင့် ကားလေးကို ဟွန်းသံပေး၍ ကျော်တက်သည်။ဟိုင်းလပ်ကားပေါ် တွင် ပါလာသူအားလုံးတို့ အရက်မူးနေကြသည်။ လမ်းဖယ်မပေး။ ရှေ့မှ ကားကိုပိတ်မောင်းသည်။ ကျွန်တော်တို့ကားပေါ်မှ ဒရိုင်ဘာ နှင့် စပယ်ယာတို့ ဒေါသထွက်လာကြသည်။ လီဗာနင်းကာ အရှိန်မြှင့်၍ အတင်းကျော်တက်သည်။ ထိုအခါ ဟိုင်းလပ်ကားက အနီမ့်မှနေ၍ လှမ်းဆဲသည်။ ကျွန်တော်တို့ကားကြီးက ရှေ့မှနေ၍ စောင့်ကာ ကားလမ်းကို ပိတ်ရပ်လိုက်သည်။ ဟိုင်းလပ်ပေါ်မှ မူးနေသူတစ်ဦးက ကျွန်တော်တို့ကားပေါ်မှ ဒရိုင်ဘာကို လှမ်း၍ထိုး သည်။ အားလုံး ပေါက်ကွဲပေပြီ။စပယ်ယာတွေရော၊ ဒရိုင်ဘာ တွေရော ကားပေါ်မှ ဝုန်းဒိုင်းဆင်းသွားကြသည်။ လက်ထဲမှာ သံတုတ်တွေ၊ သံချောင်းတွေနှင့် ကျွန်တော်တို့ကားပေါ်မှ စိတ် မထိန်းနိုင်သော ခရီးသည်အချို့ပါ လိုက်ဆင်းသွားကြသည်။သွေးသံရဲရဲ ရန်ပွဲကြီးကား စတော့မည်။ ကျွန်တော်တို့ ထိုမြင်ကွင်းကို မြင်ရဦးတော့မည်။ ကျွန်တော်ကရော ဘာတတ်နိုင်ပါဦးမည် နည်း။ ကျွန်တော့်တွင် တားနိုင်ဆီးနိုင်သည့် အခွင့်အာဏာ၊ ပါဝါတွေလည်းမရှိ။ ကျွန်တော်သည်ပင်လျှင် ခရီးသည်တွေထဲက



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခရီးသည်တစ်ဦး မဟုတ်လော။ ရန်မဖြစ်ကြပါစေနှင့်ဟု ဆုတောင်းမေတ္တာပို့သနေရုံမှတစ်ပါး ဘာမျှမတတ်နိုင်ပါ။ သို့သော် သွေးထွက်သံယိုမြင်ကွင်းကို ကျွန်တော်တို့ မမြင်ကြရပါ။ ဟိုင်းလပ်ကားပေါ်မှ ဦးဆောင်သူဟု ထင်ရသူတစ်ဦး(သူလည်း မူးနေပါသည်) က တုတ်၊ ဓားဆွဲ၍ ဆင်းလာသော ကျွန်တော်တို့ကားပေါ်မှ အဖွဲ့ကို အသေအလဲ တောင်းပန်နေရှာသည်။ ပြီးတော့ သူ့လူတွေကို ဆူဆဲထိုးကြိတ်၍ ထိန်းနေသည်။ ဤသို့ဖြင့် ရန်ပွဲကြီးကား ရုတ်တရက်ရပ်တန့်သွားရသည်။

ဒရိုင်ဘာနှင့်အဖွဲ့ ကားပေါ်ပြန်တက်လာသည်။ ကားဆက်ထွက်သည်။ ကားမောင်းသူနှင့် အဖွဲ့သည် အောင်နိုင်သူတွေပမာ ဝင့်ကြွားစွာဖြင့် ထိုရန်ပွဲအကြောင်း ထပ်ကာ ထပ်ကာ ပြောဆိုနေပြန်သည်။ မကွေးသို့သာ ရောက်လာသည်။ ရန်ပွဲအကြောင်းကိုပြော၍မဆုံးသေး။ ဘာပဲဖြစ်ဖြစ် ကျွန်တော် သွားလိုရာသို့ ရောက်ပြီ။

မကွေးမြို့လယ်လမ်းမကြီးပေါ်တွင် မိတ်ဆွေဖြစ်သူ၏ ကားလာကြိုနေသည်။ ပုံမှန် ည(၁၀)နာရီရောက်ရမည့် ကားသည် ည (၁၂)နာရီ ကျော်မှပင် မကွေးသို့ ရောက်တော့သည်။

ဒေါသမီးတို့ဖြင့် လောင်မြိုက်နေသော စိတ်၊ စေတသိက်၊ ရုပ်တွေကို တင်ဆောင်ထားသည့် အဝေးပြေးကားကြီးကား မန္တလေးသို့ ဆက်လက်ထွက် ခွာသွားပေပြီ။ ကျွန်တော့်ခရီးစဉ်သည် မန္တလေးအထိ မဖြစ်ခဲ့၍သာတော်ပါသေးတော့သည်။ ယခုမှပင် အသက်ရှူချောင်သွားရသည်။





ကျွန်တော့်အတွက်မူ ခရီးစဉ်တစ်ခု ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

သို့သော် သံသရာခရီးကား ဆက်၍ သွားရဦးမည် ဖြစ်သည်။

ထိုအခါ မည်သို့သော ခရီးသွားဖော်တွေနှင့် သွားရဦးမည်ကို မသိနိုင်ပါ။

တကယ်တော့ ကျွန်တော်တို့သည် သံသရာခရီးသွား ဧည့်သည်ချင်းအတူတူ ဖြစ်ကြပါသည်။ ထိုသို့ တူညီကြခြင်းမှာလည်း တဏှာ၊ အဝိဇ္ဇာ ဟူသော နောက်ခံအကြောင်း တူညီခဲ့ကြသောကြောင့်ဖြစ်ပါသည်။ သို့သော် အမြင်အတွေးချင်းကား လေ့လာမှုအားပေါ်မူတည်၍ ကြာလေလေ ကွာခြားလေလေ ဖြစ်ပေမည်။

ဒေါသစေတသိက်တွေ နိုင်းချင်တိုင်းနိုင်း၍ ရနေသော ခရီးသွားဖော်များနှင့် လည်းကောင်း၊ ဒေါသစေတသိက်တွေကို သတိဖြင့် စောင့်မကြည့်တတ်သော၊ ဉာဏ်ဖြင့်မရှုမြင်နိုင်သော ခရီးသွားဖော်များနှင့်လည်းကောင်း၊ မေတ္တာတရားတွေ ကွက်လပ်ဖြစ်နေသောခရီးသွားဖော်များနှင့်လည်းကောင်း သံသရာ မဆုံးသရွေ့ ကြုံတွေ့နေရဦးမှာပါပဲ။ ဒါက လောကဓမ္မတာပေ ပဲပေါ့။ ရှောင်လွှဲလို့ မရနိုင်တဲ့သဘာဝပေပဲပေါ့။

သို့သော် ကိုယ့်သံသရာခရီးကို ကိုယ့်ဘာသာကိုယ် အဆုံးသတ်နိုင်အောင် ကျင့်ကြံအားထုတ် ကြိုးစားပွားများနိုင်ခဲ့လျှင်မူ...။

၂၄-၁၂-၂၀၀၀

❑



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆရာတော့်ထံမှ ဓမ္မအမွေတွေ ထပ်လိုချင်နေပါသေးသည်။ ထိုဓမ္မအမွေများကိုလည်း အများပြည်သူ သိရှိရလေအောင် ကျွန်တော် ဖြန့်ဝေလိုသေးသည်။ **"ပုဂ္ဂိုလ်ရေး"**အရ ဆရာတော့် အနား ဝိုင်းဝိုင်းလည်နေသူ တို့ကို ဆရာတော့် ဟဒယနှလုံးအိမ်ထဲ၌ ကိန်းဝပ်နေသော **"ဓမ္မရေး"** များကိုလည်း မြင်ခွင့်ရစေချင်ပါသည်။

## ပုဂ္ဂိုလ်ရေးနှင့်ဓမ္မရေး

(၁)

လွန်ခဲ့သော (၇)နှစ်။

၁၉၉၄-ခုနှစ် ပတ်ဝန်းကျင်လောက်က ဖြစ်သည်။ ကျွန်တော်သည် မြဝတီရုပ်သံအတွက် "မြန်ပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း" အစီအစဉ် ရိုက်ကူးရန် ကင်မရာ (၂)ဆိုင်းနှင့် အထက်မြန်မာပြည်မြေလတ်ဒေသတစ်လျှောက် ခရီးရှည်ထွက်ခဲ့သည်။မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘို၊ မိုးကုတ်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊မိတ္ထီလာ၊ ပုပ္ပါး နေရာအနှံ့။ ခရီးစဉ်အဆုံးသည် ပုဂံညောင်ဦးဒေသ။



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ထိုစဉ်က ပုဂံဒေသဘုရား ပုထိုး စေတီ ပြုပြင်မွမ်းမံမှုသည် အရှိန်ယူ အစပျိုးခါစ။ အလိုတော်ပြည့် ဘုရားသည်ပင် ချုံနွယ်ပိတ်ပေါင်းကြားမှ ထွက်ပေါ်ခါစ ရှိသေးသည်။ ပုဂံဒေသဘုရားများကို မှတ်တမ်းတင် ရိုက်ကူးသောအခါ ရှေးဟောင်းသုတေသနမှ ဦးအောင်ကြိုင်(မင်းဘူး အောင်ကြိုင်)က ကျွန်တော်တို့အဖွဲ့ကို ဘုရားတစ်ဆူချင်းစီ၏ နောက်ခံသမိုင်းနှင့် အနုလက်ရာများကို အသေးစိတ် လိုက်လံရှင်းလင်းပြသသည်။ သည်မှာတွင် ပုဂံရာဇဝင်ပုံရိပ်တွေက ကျွန်တော့်ရင်ထဲသို့ တစိမ့်စိမ့်စီးဝင်လာ၏။ ထို့ကြောင့် ထင်သည်။ ကျွန်တော်တို့ ရိုက်ကူးရေးခရီးစဉ် အဆုံးဖြစ်သည့် တန့်ကြည့်တောင်၊ လောကနန္ဒာ၊ တုရင်တောင်၊ ရွှေစည်းခုံစသည့် စွယ်တော်လေးဆူကို လှည့်ပတ် ဖူးမြော်ရိုက်ကူးပူဇော်ခဲ့ရာမှ 'မဟာ' သီချင်းကို ကျွန်တော် ရေးဖြစ်ခဲ့ပါသည်။

ထိုစဉ်က ကျွန်တော်တို့၏ ရိုက်ကူးရေးယာဉ်သည် ရွှေစည်းခုံစေတီ အနီးရှိ မဟာအောင်မြေဗောဓိ ဓမ္မရိပ်သာရှေ့မှ ခေါက်တုံ့ခေါက်ပြန် ဖြတ်သွားခဲ့သည်။ သို့သော် ကျောင်းတိုက်ထဲသို့ မဝင်ဖြစ်ခဲ့။ ဒေသခံတွေ ပြောပြသဖြင့် သည်ကျောင်းတိုက်ထဲတွင် ပါကစ္စတန်ဆရာတော် သီတင်းသုံး သည်ဟု ကြားသိခဲ့သည်။ ထိုဆရာတော်မှာ ကျောက်ပန်းတောင်းတွင် သီတင်းသုံးနေထိုင်သည်က များသည်ဟု ဆိုသည်။ ကျွန်တော့်စိတ်ထင် နိုင်ငံခြားသားဆရာတော်တစ်ပါးက မြန်မာပြည်၏ အထင်ကရနေရာတွင် လာရောက် သီတင်းသုံးနေသည်ဟု ထင်ခဲ့သည်။ အသေးစိတ် မမေးမိ





သဖြင့် ပါကစ္စတန် ဆရာတော်ဟု အမည်တွင်နေသော ဆရာတော်၏ အကြောင်းကိုလည်း သေသေချာချာ သိခွင့်မရခဲ့။ စိတ်ဝင်စားမှုကလည်း သိပ်မရှိလှ။ ရိုက်ကွင်း အစီအစဉ်နှင့် သမိုင်းကြောင်း ပုံရိပ်တွေသာ စိတ်နှလုံးအိမ်၌ စိုးမိုးနေသဖြင့် သည်ကျောင်းတိုက်နှင့် သည်ဆရာတော်ကို အမှုမဲ့၊ အမှတ်မဲ့ရှိခဲ့သည်။

(၂)

ရန်ကုန်ပြန်ရောက်ပြီးသည်နှင့် မြဝတီရုပ်သံ စတင်လွှင့်ထုတ်နိုင်ရေးအတွက် မနေမနားဆောင်ရွက်ရသည်။ ရိုက်ကူး၊ တည်းဖြတ်၊ စိစစ်၊ အစီအစဉ်ရေးဆွဲ၊ သီချင်းရေး၊ သီချင်းများရိုက်ကူးနှင့် ဝါသနာပါရာလုပ်ငန်းခွင်၌ အချိန်ကုန်မှန်းမသိကုန်ခဲ့သည်။ သို့သော် ထိုအချိန်က ဇယ်ဆက်သလို များပြားလှသော လုပ်ငန်းတာဝန်၌ အာရုံနစ်မြုပ် ပျော်မွေ့နေခဲ့သည်သာ။

မမျှော်လင့်ပါဘဲ 'မဟာ'သီချင်းသည် ပရိသတ် စိတ်ဝင်စားမှုကို ခံခဲ့ရ သည်။ အဆိုတော် ဇော်ဝင်းထွဋ်၏ လျှမ်းလျှမ်းတောက်နာမည်ကျော်ကြား နေသောကာလနှင့် ရေးဖွဲ့သီဆိုသော အကြောင်းအရာပုံစံ ဆန်းသစ်မှုရှိသွား တာလည်း ပါမည်။ 'မဟာ' ကို ဟိုက၊ သည်က စိတ်ဝင်စားမှု များလာသောအခါ မဟာ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅) သီချင်းတွေ ရေးဖြစ်ခဲ့ပြန်သည်။ ငွေကြေး



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကုန်ကျခံ ထုတ်လုပ်မည့်သူ ပေါ်လာသည်။ Music Television (MTV) ရိုက်မည်။ မြဝတီရုပ်သံနှင့် ဖက်စပ်ရိုက်ကူးမည်။ ထိုအစီအစဉ်၌ ကိုယ်တိုင်ပင် ဒါရိုက်တာဝင်လုပ်ခဲ့ရပြန်ပါသည်။ ကိုယ့် သီချင်းကိုယ်ရေး၊ ရိုက်ကူးရေးအစီအစဉ်နှင့် ဇာတ်ညွှန်းကို ကိုယ်တိုင်ရေး၊ ရိုက်ကူးမည့်နေရာကို ကိုယ်တိုင်ရွေးချယ်။ ဤသို့ဖြင့် ရိုက်ကူးရေးအကြို လေ့လာရေးခရီးစဉ်အဖြစ် ပုဂံဒေသသို့ ရောက်ခဲ့ပြန်သည်။

ပုဂံရောက်တော့ တည်းနေကျ သီရိပစ္စယာဟိုတယ်၌ပင် တည်းခဲ့သည်။ အလိုတော်ပြည့်ဘုရား အာရုံဆွမ်းကပ်ရန် အစီအစဉ်ပေါ်လာသည်။အောင်မြေဗောဓိ ဓမ္မရိပ်သာကျောင်းတိုက် အတွင်းသို့ ရောက်ခဲ့ရသည်။ သည်မှာတွင် ပါကစ္စတန်ဆရာတော် ကို ဖူးတွေ့ရသည်။

သည်တော့မှ ပါကစ္စတန်ဆရာတော်ဆိုသည်မှာ နိုင်ငံခြား သား ဘုန်းကြီးမဟုတ်မှန်း သိရတော့သည်။ မနေ့ညကမှ ဆရာတော်သည် ကျောက်ပန်းတောင်းမှ ကြွလာခဲ့၍ တိုက်တိုက် ဆိုင်ဆိုင်ဖူးတွေ့ရခြင်းဖြစ် သည်။ စတွေ့တွေ့ချင်းပင်လျှင် ဆရာတော်က ကျွန်တော်၏ အနုပညာ စွမ်းဆောင်မှုများအပေါ် ချီးမွမ်းစကားဆိုသည်။ ထိုစဉ်က ကျွန်တော့်သီချင်းတွေသည် ညစဉ်ညတိုင်း ရုပ်မြင်သံကြားမှနေ၍ တစ်ပုဒ်ပြီးတစ်ပုဒ် လွှင့်ထုတ် နေသဖြင့် ဆရာတော်သည် ကျွန်တော့်ကို မမြင်ဖူးသေးသော် လည်း နာမည်ကိုမူ ရင်းနှီးနေကြောင်းပြောသည်။





သည့်နောက် စကားပြောဆိုကြရင်းဖြင့်ပင် ဆရာတော် ကိုယ်တိုင် မွမ်းမံပြင်ဆင်ခဲ့ပြီး ဆရာတော်၏ အဓိဋ္ဌာန်အောင်ရာ ဖြစ်သည့် အလိုတော် ပြည့်ဘုရား ထီးတင်ပွဲ ကျင်းပမည့်အကြောင်း၊ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲလည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဘုရားပွဲ၌ နိုင်ငံကျော် အဆိုတော်များ၏ တေးဂီတ ဖျော်ဖြေမှု အစီအစဉ် ထည့်သွင်းလိုကြောင်း စသည်တို့ကို ပြောဖြစ်ခဲ့ကြသည်။

ဆရာတော်နှင့် ပဏာမတွေ့ဆုံမှုသည် သည်မျှသာဖြစ် သည်။ ထိုအချိန်က အလိုတော်ပြည့်ဘုရားသည်လည်း တိုင်းသိ ပြည်သိ မဖြစ်သေး။ ဆရာတော်သည် အလိုတော်ပြည့် ဆရာတော်ဟု အမည်မတွင်သေး။

(၃)

၁၉၉၅-ခုနှစ်၊ မတ်လ(၂၇) ရက်နေ့။

နှစ် (၅၀)ရွှေရတု တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် မြဝတီ ရုပ်သံအစီအစဉ်တွေကို နံနက်ပိုင်း စတင်ထုတ်လွှင့်သည်။ ရုပ်သံအစီအစဉ် တွေထဲက မြန်ပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း အစီအစဉ်၌ အလိုတော်ပြည့် ဘုရားသမိုင်း အကျဉ်းနှင့် အလိုတော် ပြည့်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်အကြောင်း သိကောင်းစရာ (၈) မိနစ်တာ အစီအစဉ်သည် နေ့စဉ်ရက်ဆက်ပါဝင်ခဲ့သည်။ထိုအချိန်က မြဝတီရုပ်သံ အစီအစဉ်မှာ ပုံစံတစ်မျိုးဖြင့် Electronic Media



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အတွင်းသို့ ချဉ်းနင်းဝင်ရောက်လာခဲ့သဖြင့် ပရိသတ်က စိတ်ဝင်စားနေသည်။ နံနက်ပိုင်း အစီအစဉ်ဖြစ်နေသော်လည်း ရုံးမသွားမီ၊ ကျောင်းမသွားမီ၊ အလုအယက်ကြည့်နေကြသည်။ သည်မှာတွင် အလိုတော်ပြည့်ဘုရားသမိုင်း အစီအစဉ်ကို ပရိသတ် မျက်မှန်းတန်းမိသွားသည်။

နိုင်ငံတော်ကလည်း ပုဂံဒေသ ရှေးဟောင်းစေတီတွေကို အရှိန် အဟုန်မြှင့် ပြုပြင်ဆောင်ရွက်နေဆဲ ကာလနှင့် တိုက်ဆိုင်နေသဖြင့် အလိုတော်ပြည့်ဘုရားအပေါ် စိတ်ဝင်စားမှု ပိုလာသည်။ သည်လိုနှင့် နောက်ဆုံးတွင် အလိုတော်ပြည့်ဘုရား ထီးတင်ပွဲ၌ နိုင်ငံတော်အကြီးအကဲများ ကိုယ်တိုင် လာရောက် ထီးတင်သည်အထိ ဖြစ်ခဲ့သည်။

အလိုတော်ပြည့်ဘုရား ထီးတင်ပွဲနှင့်အတူ ဆရာတော်၏ သာသနာပြု လုပ်ငန်းများလည်း အရှိန်အဟုန်မြှင့်ကာ လမ်းပွင့်ခဲ့လေပြီ။ ဝန်ကြီးဌာန အသီးသီးနှင့် ပုဂ္ဂိုလ်အသီးသီးတို့၏ စုပေါင်းဒါန၊ ပုဂ္ဂလိက ဒါန အလှူဖြစ်သည့် ရှေးဟောင်းဘုရားများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၌ ဆရာတော်သည် ပုဂံဒေသ ကိုယ်စားလှယ်သဖွယ် ဖြစ်လာခဲ့သည်။

ဆရာတော်၏ အမည်သည်လည်း ''အလိုတော်ပြည့်ဆရာတော်'' ဟု အမည်တွင်ခဲ့လေပြီ။ ဆရာတော်သည် ကျောက်ပန်းတောင်း၊မိတ္ထီလာရှိ စာသင်တိုက်များသို့ပင် ပုံမှန်မကြွနိုင်တော့။ပုဂံဒေသ ရှေးဟောင်းဘုရားများ ပြုပြင်မွမ်းမံရေး





သာသနာပြုလုပ်ငန်းများ၌ နေ့မအား၊ ညမအား၊ နှစ်မြုပ်ကာ အလုပ်များနေတော့သည်။

ကျွန်တော်တို့အဖွဲ့တွေ မဟာ MTV ရိုက်ကူးရင်း ပုဂံရောက်သောအခါ ဆရာတော့်ဆန္ဒအတိုင်း အလိုတော်ပြည့်ဘုရားပွဲတော်တွင် ဇော်ဝင်းထွဋ်နှင့် ဂီတအနုပညာရှင်များက အနုပညာဖြင့် ဒါနပြုခဲ့ကြပြန်သည်။ ရွှေစည်းခုံဘုရားရှေ့တွင်ပင် Stage Show ကို အကြီးအကျယ် ကျင်းပသည်။ပုဂံ –ညောင်ဦးဒေသက လူငယ်တွေ ပျော်ရွှင်နေကြသည်။ မြဝတီရုပ်သံမှ တစ်ဆင့် ပရိသတ်ထဲ တိုးဝင်ပျံ့နှံ့နေပြီဖြစ်သော မဟာသီချင်းကို လူငယ်တွေက ဇော်ဝင်းထွဋ်ကို ဆိုခိုင်းကြသည်။

''မဟာ . . ကြီးမြတ်လေသော သမိုင်းကြောင်းများ သည် မြေကြီးထက်မှာ၊ မင်းတရား အနော်ရထာ ကျေးဇူးများ သည် မြေကြီးထက်မှာ ရဟန်းမြတ် အရဟံ ထွန်းညှိခဲ့ သာသနာ့အလင်းရောင် သည်မြေဟာ တို့ တစ်တွေရဲ့ နှလုံးသားဝိညာဉ်ပဲ၊ အားလုံးရဲ့ပုဂံ . . . . .''

ပွဲခင်းတစ်ခုလုံး လိုက်လံသီဆိုမှုသည် ရွှေစည်းခုံစေတီရှေ့ ကွက်လပ်လွင်ပြင်ကြီး၌ ညံဟိန်းနေလေသည်။

(၄)

''ဇော်ဝင်းထွဋ်ဆိုတာ တော်တော်နာမည်ကြီးတယ်လို့တော့ ကြားဖူး တယ်ဟဲ့၊ အခုမှပဲ တွေ့ဖူးတော့တယ်''



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အနုပညာရှင်များက အလိုတော်ပြည့်ဘုရားအတွက် ငွေကျပ် သုံးသိန်းလှူဒါန်းသည်။ ထိုပွဲ၌ ဆရာတော်က ဇော်ဝင်းထွဋ်ကို ကြည့်၍ ပြောလေသည်။ ဆရာတော်၏ မေတ္တာစေတနာသည် အနုပညာရှင်များအပေါ်၌ လွှမ်းခြုံထားသလိုရှိသည်။ ထိုနှစ် ဘုရားပွဲတော်မှ အစပြု၍ တေးဂီတ ဖျော်ဖြေမှု အစီအစဉ်သည် နှစ်စဉ် နှစ်တိုင်းလိုလို အလိုတော်ပြည့်ဘုရားပွဲ၌ မပါမဖြစ် ပါခဲ့တော့သည်။

သည့်နောက် ဆရာတော်၏ သာသနာပြုလုပ်ငန်းများသည် ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာသည်။ရန်ကုန်၌ စာသင်တိုက်တွေ ထူထောင်လာသည်။ နိုင်ငံတော်က တာမွေနတ်ချောင်း ရပ်ကွက်၌ အလိုတော်ပြည့် ဓမ္မရိပ်သာကို ဆောက်လုပ်လှူဒါန်းသည်။ဆရာတော်သည် မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်တို့ကို လက်ခံရရှိခဲ့သည်။ ယခုနောက်ဆုံး အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အထိ ရရှိခဲ့ပြီးဖြစ်သည်။

သာသနာပြုလုပ်ငန်းအပြင် နယ်စပ်ဒေသ ပရဟိတလုပ်ငန်းများကိုလည်း နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ဆရာတော်သည် အပင်ပန်းခံ ဆောင်ရွက်ခဲ့သေးသည်။ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ သံတွဲ၊ တောင်ကုတ်၊ပြင်ဦးလွင်၊မန္တလေး၊ မိတ္ထီလာ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း စသည်တို့၌ ဆရာတော်၏ ကျောင်းတိုက်ခွဲတွေ၊ တရားစခန်းတွေ၊ ဓမ္မရိပ်သာတွေသည်





(၃-၄)နှစ် အချိန်အတိုင်းအတာအတွင်း ငွားငွားစွင့်စွင့် ပေါ်ထွန်းလာ ခဲ့ပေပြီ။

သည့်မျှမကသေး၊နိုင်ငံရပ်ခြား သာသနာပြုလုပ်ငန်းတွေကိုပင် ဆရာတော် ဆောင်ရွက်လာတော့သည်။ အမေရိကန်၊ ကနေဒါ၊ အိန္ဒိယ၊ စင်္ကာပူ၊ ဟောင်ကောင်၊ ဂျပန်၊ထိုင်ဝမ်၊ သီရိလင်္ကာ စသည်ဖြင့် နိုင်ငံတကာသို့ လှည့်လည် ကြွရောက်ပြန်သည်။

ဆရာတော်သည်လည်း ဆရာတော့် သာသနာပြုလုပ်ငန်းနှင့် မအား မလပ်တော့သကဲ့သို့ ကျွန်တော်သည်လည်း ကျွန်တော့် ကိစ္စနှင့် ကျွန်တော်။ ကိုယ့်ကိစ္စ ကိုယ်လုပ်၊ သူ့ကိစ္စ သူလုပ်နှင့် ဆရာတော်နှင့် ကျွန်တော်သည် ဆက်စပ်မှုသိပ်မရှိတော့။

သို့သော် ကျွန်တော်နှင့်ပတ်သက်၍ သတင်းအစအနတွေ ဟိုက တစ်စ၊ သည်ကတစ်စ ဆရာတော် ကြားသိသောအခါ ကျွန်တော့်ကိုခေါ်၍ သတိပေးခဲ့ဖူးသည်။ သို့သော် ကျွန်တော်သည် ဆရာတော့်စကားကို နား မထောင်ခဲ့ပါ။ ကျွန်တော်လုပ်မည်ဟု ဆုံးဖြတ်ထားခဲ့ပြီးသည့်အတိုင်း ဆက် လုပ်ခဲ့သည်သာ။

၎င်းနှင့်ပတ်သက်၍ ဆရာတော်နှင့် တစ်ပတ်ပြန်လည်တွေ့ဆုံသောအခါ ကျွန်တော်က ဆရာတော့်ကို စကားတစ်ခွန်းတည်း လျှောက် ထားခဲ့သည်။

"ဆရာတော်ပေးခဲ့တဲ့ ဓမ္မအမွေပဲလေ"

ထိုအခါ ဆရာတော်သည် ပြုံး၍ ခေါင်းညိတ်ရုံမှတစ်ပါး စကား ပြန်မပြောနိုင်တော့ ...။



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



(၅)

အထက်ပါ လျှောက်ထားချက်ကို ကျွန်တော် အဘယ့်ကြောင့် လျှောက်ထားဖြစ်ခဲ့သနည်း။

ရှင်းပါမည်။

၁၉၉၆–ခုနှစ်။

မဟာ MTV တွေ့ရိုက်ကူး တည်းဖြတ်ပြသအပြီး အလိုတော်ပြည့်ဘုရား ထီးတင်ပွဲအပြီး၌ ကျွန်တော်သည် ကျွန်တော့်ဘဝ တစ်ဆစ်ချိုးကွေ့သွားစေသည့် နေရာဒေသတစ်ခုဆီသို့ အမှတ်မထင် ရောက်သွား ခဲ့သည်။

ရှမ်းပြည်နယ်၊ အရှေ့ပိုင်း၊ မိုင်းပြင်းဒေသနှင့် မဟာဗောဓိမြိုင် ဆရာတော်အား ဖူးတွေ့ခဲ့ရခြင်း။ ထိုခရီးစဉ်နှင့်ပတ်သက်၍ မေတ္တာ ဓမ္မ သာသနာ့အလင်းရောင်တို့၏ အေးမြသော ဆွဲငင်အားစာအုပ်၌ ကျွန်တော် အသေးစိတ်ရေးပြခဲ့ပြီးဖြစ်သည်။

ထိုခရီးစဉ်မှအပြန် ကျွန်တော့် နှလုံးအိမ်တွင် ဘုရားရှင် အဆူဆူ၏ စကားသုံးရပ်က ကိန်းခိုလာခဲ့သည်။

“မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား”

တကယ်တော့ ထိုပွဲသည် လားဟူ၊ လီရှောတို့၏ ဗုဒ္ဓဘာသာ ခံယူပွဲဖြစ်သည်။ သို့သော် ကျွန်တော်ကိုယ်တိုင်သည်လည်း ထိုအချိန်ကျမှ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ခဲ့သည်ဟု ခံယူခဲ့မိသည်။ သည့်နောက် ပြောင်းလဲ လာသောစိတ်တွင် ဓမ္မဟူသော အာရုံကို မနေမနားရှာဖွေလိုစိတ်တွေ ပြင်းထန်လာသည်။ အနုပညာ





ဗီဇ စိတ်ကူးရှိသူတို့သည် အာရုံအသစ်ကို လိုလားတောင့်တ မျှော်လင့်တတ်ကြသည်မှာလည်း စိတ်အကျင့်လိုဖြစ်နေသည် မဟုတ်လား . . . ။

သည့်နောက် မဟာမြိုင်တောရ ဆရာတော်ဦးဇောတိက၏ သတိပဋ္ဌာန်တရားခွေများကို နာယူဖြစ်သည်။ ထိုအခါ တရားအားထုတ်ချင်လာသည်။သက်သတ်လွတ်စား၊ ပုတီးစိပ်ခဲ့ ဖူးသည်ကလွဲ၍ တရားအားထုတ်ခြင်းကို ကျွန်တော် နားမလည်ခဲ့။ မည်သို့အားထုတ်ရမည် မသိ။ ကျိုးကျိုးကျဲကျဲ ဟိုစမ်း၊ သည်စမ်း အားထုတ်ခဲ့ဖူးသည်ကလွဲ၍ ဖြစ်ဖြစ် မြောက်မြောက်မရှိခဲ့။ သည်တုန်းမှာပင် အလိုတော်ပြည့်ဆရာတော်ဟု အမည်တွင်စပြု နေပြီဖြစ်သော ဆရာတော်က ပုဂံ–ညောင်ဦးရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာတွင် (၇)ရက်တရားစခန်းဖွင့်မည်ဟု သတင်းရသည်။

မူလက ပုဂ္ဂိုလ်ချင်း ခင်မင်ရင်းနှီးပြီးသားဖြစ်သည်မို့ ကျွန်တော်သည် ဆရာတော်၏ မေတ္တာအရိပ်အောက်သို့ အပြေး ရောက်သွားခဲ့သည်။ ဓမ္မရေးကို မမြင်တတ်ခင်က ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုမှာ ရှေ့က ရောက်နှင့်၍လည်း ဖြစ်သည်။ ဆရာတော်၏ ပြသမှုဖြင့် (၇)ရက်စခန်းကို ကျွန်တော်အောင်မြင်အောင် ဝင်ခဲ့သည်။ တရားစခန်းပြီးသောအခါ ဆရာတော်က . . .

“အေး . . ဒကာကြီး တရားထိုင်ချင်တဲ့စိတ်တွေ ပေါ်လာ တယ်ဆိုလို့ ဝမ်းသာတယ်၊ ဒီလိုစိတ်ကူးမျိုးက လူတိုင်းပေါ်ခဲတာပဲ၊ အခု ဒီတရားစခန်းက ရတဲ့ဓမ္မအမွေကို မမေ့မပျောက်အောင်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဒကာကြီးကိုယ်တိုင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ပေတော့''ဟု မှာကြားလေသည်။

သို့သော် ထိုအချိန်ကမူ ကျွန်တော်သည် ပုဂ္ဂိုလ်နှင့်ဓမ္မ ခွဲခြား၍ နားမလည်နိုင်သေး။ တစ်နည်းအားဖြင့် ဆရာတော့်အပေါ်၌ ကျွန်တော်သည် ခင်မင်ရင်နှီးစိတ်ဖြင့် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုသာ များခဲ့သည်။ ဆရာတော့်ရင်ထဲက ဓမ္မဓာတ်ကို ကျွန်တော် အာရုံမပြုတတ်သေး။ မခံစားတတ်သေး။

(၆)

တကယ့်တကယ်တွင်မူ ဆရာတော်၏ ဓမ္မဓာတ်ကို ယမန်နှစ် (၂၀၀၀ပြည့်နှစ်) မိုးတွင်းကာလ၌ ဆရာတော်နှင့်အတူ သံတွဲ တစ်ဖက်ကမ်း၊ ဆိတ်ငြိမ်ကျွန်းသို့ တရားသွားထိုင်ဖြစ်မှ ကျွန်တော် ကိုယ်တိုင် ခံစားသိမြင်ခွင့်ရခဲ့တော့သည်။

လူသူတိတ်ဆိတ်သော တောရကျွန်းပေါ်တွင် ဖွင့်လှစ်ခဲ့သော တရား စခန်းရက်အတွင်း၌ ဆရာတော်ကိုယ်တိုင် ပြန်လည်ပြောပြ ချက်များအရ ဆရာတော်၏ ဓမ္မခရီးဖြတ်သန်းခဲ့ရသမျှမှ သိမှတ် ဖွယ်ရာများ၊ သင်ခန်းစာယူစရာများ၊ ရှောင်ရန်ဆောင်ရန်များ၊ အတွေ့အကြုံများ၊ သာသနာပြုလုပ်ငန်း၏ လျှို့ဝှက်နက်နဲသော ပညာရပ်များကို သိခွင့်ရခဲ့သည်။ သည့်နောက် ဆရာတော်၏ ဟောစဉ်တရားများမှတစ်ဆင့် ဆရာတော်၏ ဝိပဿနာဉာဏ်ကို





သိရှိ ကြည်ညိုခွင့်ရခဲ့သည်။

ထိုအချိန်တွင် ကျွန်တော်သည်လည်း ကျွန်တော်ယုံကြည်ရာ ဓမ္မခရီးကို အခက်အခဲမျိုးစုံကြားမှ၊ ဝေဖန်သံ၊ ထိုးနှက်သံများ ကြားမှ ရုန်းထွက်လာနိုင်ခဲ့ပြီ။အသင့်အတင့် ကြည်လင်ငြိမ်သက် သော ဘဝအခြေ အနေနှင့် စိတ်အေးချမ်းမှုကို အထိုက်အလျောက် ရထားခဲ့ပြီလည်း ဖြစ်ပါသည်။

ဆိုရလျှင် ကျွန်တော်သည် ပုဂ္ဂိုလ်ရေးနှင့် ဓမ္မရေးကိုလည်း ခွဲခြားသိမြင်လာတတ်စအချိန်သို့ ရောက်ခဲ့ပြီးဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးတွေ ရှေ့ကကာနေသောအခါ ဓမ္မရေးတွေသည် မလွဲ သာ၍ နောက်ဆုတ်ခေါင်းငုံ့နေရသည့် ဆရာတော်၏ သာသနာ ပြုခရီးလမ်းပေါ်မှ ပင့်သက်များကိုလည်း ထပ်တူထပ်မျှ နားလည်ခဲ့ ရပါသည်။

သို့သော် ဆရာတော်၏ ရည်မှန်းထားသော သာသနာပြုခရီး လမ်းကား ဆုံးခန်းမတိုင်သေး။ ထိုအခြေအနေ မပြီးဆုံးမီထိ ဆရာတော့်တွင် ပုဂ္ဂိုလ်ရေးနှင့်ဓမ္မရေးတို့ ရောထွေးနေရပေဦးမည်။ ဓမ္မရေးသက်သက် သီးသန့်ဖြစ်မလာနိုင်သေး။

သာသနာပြုလုပ်ငန်းတွင် အောင်မြင်လာသူတစ်ဦး၏ အမည် နာမ သည်ကား မြန်မာပြည်တစ်နံတစ်လျား သင်းပျံ့လို့နေသည်။ ထိုအခါ နာမည် ထင်ရှားလာသော ပုဂ္ဂိုလ်တို့၏ ထုံးစံအတိုင်း ပူဇော်သက္ကာရတွေ တစ်ခုပြီး တစ်ခု ဝင်နေပေမည်။ ဤသည်ကို ဆရာတော်သည်''မူလရည်မှန်းချက်'' မပျောက်ပျက်အောင် သတိ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြီးစွာထား၍ ရင်ဆိုင်နေပုံရသည်။

ဆရာတော့်အနားတွင် ပရိသတ်တွေ အုံကျင်းဝိုင်းဖွဲ့၍ များပြားလာသောအခါ ကျွန်တော်သည်ပင် ဆရာတော့်ထံ မရောက်ဖြစ်ခဲ့တော့။ အရောက်ကျဲသွားသည်ဟု ဆိုရမည်။ ကျွန်တော်သည်လည်း ကျွန်တော့် ဓမ္မကိစ္စနှင့်ကျွန်တော် ဖြစ်နေပြန်ပြီ။ ဆရာတော်သည်လည်း မပြီးဆုံးနိုင်သေးသော ဆရာတော့် သာသနာပြုလုပ်ငန်းနှင့် ဆရာတော် ဖြစ်နေလေသည်။

အကြောင်းတိုက်ဆိုင်၍ ဆရာတော်နှင့် တွေ့ဆုံမေးမြန်းဓမ္မလမ်းကို ကျွန်တော် တာဝန်ယူစီစဉ်လျက်ရှိသည့် အပ္ပမာဒဓမ္မရသမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြလိုက်သောအခါ ပရိသတ်ထံမှ အသံအမျိုးမျိုးကြားရသည်။ ထို့ထက် ဆရာတော်၏ ''ပတ္တမြားယူပြီးမှ ပြန်ကြပါ''ဟောစဉ်တရားကို နှစ်လဆက်တိုက်ဖော်ပြလိုက်သောအခါ ပရိသတ်က ပိုမိုအံ့သြကုန်ကြသည်။

''အလိုတော်ပြည့်ဆရာတော်ကို ဘုရားတည်ကျောင်းဆောက်ဂိုဏ်းဘုန်းကြီးလို့ ထင်နေတာ၊ တကယ်တော့ ဆရာတော်ဟာ ဝိပဿနာ တရားတွေ ဟောတတ်သားပဲ''

ထိုအကြောင်းကို ဆရာတော်ထံ လျှောက်ထားသောအခါ ဆရာတော် ဘာမျှမတုံ့ပြန်။ပြုံးရုံသာ ပြုံးနေသည်။ကျွန်တော်က ဆရာတော်၏ သိပ်သည်းလျှို့ဝှက်မှုကို နားလည်နေသည်။ ဆရာတော်သည် ရဟန်းဖြစ် ခါစကပင် မွန်ပြည်နယ် တောတောင်အနံ့၌ နှစ်ပေါင်းများစွာ သမထ ဝိပဿနာများကို စနစ်တကျ





အားထုတ်ခဲ့သည်။ ထိုအကြောင်းများကို သိသူ ရှားလှသည်။

တစ်နည်းအားဖြင့် ဆရာတော့်တွင် ဝိပဿနာအနှစ်တရားတွေ အများကြီးရှိနေသည်။ ဓမ္မဓာတ်တွေ အများကြီးကိန်းဝပ်နေသည်။ ထိုအနှစ်တရား၊ ထိုဓမ္မဓာတ်တွေကို ဆရာတော်သည် တစ်ချိန်ချိန်တွင် တစ်စိုက်မတ်မတ် ပြန်လည်ဖော်ထုတ်လိမ့်မည်ဟု ကျွန်တော် ယုံကြည်နေသည်။

(၇)

ယခုတော့ ဆရာတော်နှင့် ကျွန်တော် အခိုက်အတန့်ဝေးကြရပြန်ပါပြီ။

အလိုဆန္ဒအမျိုးမျိုးတို့၏ အလယ်၌ အားလုံးစိတ်ချမ်းသာအောင် သည်းခံရင်းမှ မေတ္တာဓာတ်ကြီးမားစွာဖြင့် သာသနာပြုနေသော ဆရာတော့် ကိုလည်း အဝေးမှပင်လှမ်း၍ ကြည်ညိုနေမိသည်။

တိုင်းမြန်ပြည်တစ်ခွင်၌ အထင်ကရ ပုဂ္ဂိုလ်ကြီးဖြစ်တော်မူနေပြီ ဖြစ်သော ''အလိုတော်ပြည့်ဆရာတော် ဘုရားကြီး''ဟု အမည်တွင်နေသည့် ဆရာတော်အား သံဃဂုဏ်ကို ရည်မှန်း၍ အဝေးမှလှမ်း၍ ကြည်ညို ဦးခိုက်မိပါသည်။ နေ့စဉ်နှင့်အမျှလည်း မေတ္တာပို့သမိပါသည်။ဆရာတော် ပေးခဲ့သော တရားစခန်း(၂) ကြိမ် (ပုဂံတစ်ကြိမ်၊ ဆိတ်ငြိမ်ကျွန်းတစ်ကြိမ်)မှ ဓမ္မအမွေမျှနှင့် ကျွန်တော့်တွင် လုံလောက်မှု မရှိနိုင်သေးပါ။



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

## မြသန်းစံ

ဆရာတော့်ထံမှ ဓမ္မအမွေတွေ ထပ်လိုချင်နေပါသေးသည်။ ထိုဓမ္မ အမွေများကိုလည်း အများပြည်သူ သိရှိရလေအောင် ကျွန်တော်ဖြန့်ဝေလို သေးသည်။ **'ပုဂ္ဂိုလ်ရေး'**အရ ဆရာတော့် အနား ဝိုင်းဝိုင်းလည်နေသူတို့ကို ဆရာတော့် ဟဒယနှလုံးအိမ် ထဲ၌ ကိန်းဝပ်နေသော **'ဓမ္မရေး'**များကိုလည်း မြင်ခွင့်ရစေချင် ပါသည်။

တစ်ချိန်ချိန်တွင် ဆရာတော်သည် လတ်တလောရရှိနေသည့် ပလိဗောဓများစွာထဲမှ ရုန်းထွက်သွားနိုင်မည့်သူဟု ကျွန်တော် ယုံကြည် နေမိပါသည်။

ထို့ထက်ပို၍ ဆရာတော်ရည်မှန်း အဓိဋ္ဌာန်ထားသည့်အတိုင်း ဘုရားရှင်၏ သားတပည့်ပီသစွာ **'ဓမ္မရေး'**ကို ယခုဘဝမှာပင် ဆုံးခန်း တိုင်အောင် ဆရာတော်ကိုယ်တိုင် ဆောင်ရွက်သွားနိုင် ပါစေဟု ဆုတောင်း မေတ္တာပို့သနေမိပါတော့သည်။

**၁၇-၃-၂၀၀၁**

**မှတ်ချက်**

(ဤဆောင်းပါးဖြင့် အလိုတော်ပြည့် ဆရာတော်ဘုရားကြီး၏ ကျေးဇူးတရားများကို ဦးခိုက်ပူဇော် ကြည်ညိုလိုက်ရပါသည်။)

❑





http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

***<u>တစ်နည်းအားဖြင့် လောကုတ္တရာတရားအနှစ်သာရ ရှာဖွေနေစဉ်အတွင်း လောကီဂုဏ်များကို ဖယ်ရှားထားရပါသည်။ ဖယ်ထားလိုက်ရပါသည်။အာရုံပြုနေကျ ပညတ်မှသည် အာရုံပြုကျင့်မရှိသည့် ပရမတ်ကို အာရုံပြုတတ်အောင် လေ့ကျင့်သင်ကြားသည့်ကာလ၌ ပုဂ္ဂလပညတ်တွေကိုယ်ကိုယ်ထားရမည် ဖြစ်ပါသည်။ ထို့ကြောင့် မုံလယ်သည်(လောကီ) ဂုဏ်ကိုဖယ်ပါသည်။</u>***

## "ဂုဏ်" ပယ်ပေမယ့် "ဂုဏ်" မငယ်တဲ့ မုံလယ်

ရွှေပြည်ဟိန်း ရေလှောင်တမံကို ဖြတ်သန်းတိုက်ခတ်လာသော လေက အေးမြနေသည်။ ဟိုးအဝေးဆီတွင် ရွှေပြည်ဟိန်း ရေလှောင်တမံ ဖြတ်ပိုင်းကို လှမ်းတွေ့နေရသည်။ ရေလှောင်တမံ တာဘောင်ရိုးမှသည် ကျွန်တော်ရပ်နေရာ နေရာအထိ ရေပြင်ဖြစ်သည်။ ရေပြင်ဆို၍ ကျယ်ကျယ်ပြန့်ပြန့်ကြီး တော့မဟုတ်။ ကုန်းမြင့် ကုန်းသွယ်တို့၏ နှုတ်ခမ်းအစပ်တွေက ရေပြင်ကို ဘယ်ညာနှစ်ဖက်မှ ဝိုင်းရံထားသဖြင့် ရေပြင်သည် ကျဉ်းကျဉ်း ရှည်ရှည်ကြီး ဖြစ်နေသည်။ ရေပြင်မှသည် ဘယ်ညာကုန်းနိမ့်ကလေးတွေကို ပြန်ကြည့်လျှင် ကျွန်းမို့မို့ကလေးတွေနှင့် တူလှသည်။





သည်လိုနေရာတွင် သည်လိုရေပြင်ရှည်ကြီး ရှိနေတာကို ကျေးဇူး တင်ရပေမည်။ လေပြည်လေညင်းတို့သည် ရေပြင်ကို ဖြတ်သန်း၍ တိုက်ခတ်လာသဖြင့် စိုစွတ်အေးမြသော လေအငွေ့အသက်ကို ရှူရှိုက်ရသလို ဖြစ်နေ လေသည်။ နွေဥတုက တစ်နှစ်ထက်တစ်နှစ် ပိုမိုပူလောင်ပြင်းပြလာသည်ဟု ထင်သည်။ ရေပြင်ပေါ်သို့ ထိုးကျနေသော နေရောင်ခြည်က စူးရှလင်းလက်လွန်းလှသည်။ သည်လို နွေဥတုကာလမျိုးတွင် ရေပြင်ရှည်ကြီးကို တဆန့် တလျားမြင်နေရသည်က ကံကောင်းလှပေစွ။ ရှူသွင်းလိုက်သော လေတွင် စိမ့်မြနုအေးမှုတွေ ပါဝင်လာခြင်းက အမောအပန်းပြေလှပေစွ။

ကျွန်တော်သည် ရေပြင်ပေါ်၌ ဆောက်လုပ်ထားသော ရေသိမ် တစ်ခုပေါ်၌ရပ်ကာ အတွေးဖြာနေမိခြင်းပင်။ လူးလာခေါက်တုံ့ ပြေးလွှားနေသော ထိုအတွေးတို့သည် မကြာမီရပ်တန့်ပျောက်ဆုံးပေတော့မည်။ အတွေးတို့ဖြင့် မျောလွင့်ပုံဖော်နေသောပုံရိပ်တို့သည်လည်း မကြာမီ အချိန်ပိုင်းအတွင်း၌ ရှုမှတ်စိတ်၏အောက်၌ လွင့်ပြယ်ရပ်စဲသွားတော့မည်။ အဘယ့်ကြောင့်နည်း။ များမကြာမီ အချိန်အတွင်း၌ တရားစခန်းဖွင့်ပွဲ စတော့မည်ဖြစ်၍ ဖြစ်ပါသည်။တရားစခန်းစသည်နှင့် တရားအလုပ်လုပ်ရတော့မည်။ အလုပ်ချိန်တွေ ဆက်တော့မည်။

တရားစခန်း၏ အလုပ်ချိန် အတောအတွင်း၌ စိတ်ကူးယဉ်ချိန် မရှိ။ ဘာမှုမသိဘဲ 'မောဟ'ဦးစီးကာ မျောလွင့်နေ၍ မရ။ စကားတွေ ဖောင်ဖွဲ့ကာ အပြန်အလှန်ပြောဆိုနေ၍ မရ။



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တရားထိုင်ချိန်ထိုင်ရမည်။ တရားနာချိန်နာရမည်။ နံနက် အိပ်ရာနိုးသည်မှ ညအိပ်ရာဝင်ချိန်အထိ အမှတ်သတိမပြတ်ရှိနေရမည်။ တရားစခန်းတွင် သတ်မှတ်ထားသော စည်းကမ်းကို လိုက်နာရမည်မှာ စခန်းဝင်ယောဂီ၏ တာဝန်ဖြစ်သည်။ သည်တရားစခန်းဝင်သည့်ရက်အတွင်း၌ ရနိုင်သမျှ ကြိုးစား၍ ရှုမှတ်လေ့လာမည်၊ နှလုံးသွင်းမည်ဟု သန္နိဋ္ဌာန်ချထားဖို့ လိုအပ်သည်။

တရားစခန်းကာလသည် သင်္ကြန်တွင်းကာလဖြစ်သဖြင့် ပျော်ရွှင်မြူးတူး ဆော့မြူးရေကစားခြင်းကိစ္စသည် ကိုယ်နှင့် မဆိုင်တော့။ သင်္ကြန်ဘယ်မှာစည်သလဲ၊ ဘယ်မဏ္ဍပ်တွေက ဘယ်လိုခမ်းနားသလဲ၊ ဖျော်ဖြေရေးစင်မြင့်တွေ ဘယ်မှာပိုကောင်းသလဲ၊ ရေရှားသလား၊ ရေပေါသလား၊ အနုပညာရှင်တွေ၊ လူသိများတဲ့လူတွေ ဘယ်လိုလှုပ်ရှားကြဦးမလဲ စသည် စသည်တို့သည် ဤတရားစခန်းအတွင်း ဝင်ရောက်လာသော ယောဂီတို့နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါ။ အားလုံးကို ကျောခိုင်းခဲ့ရပြီဖြစ်သည်။ တစ်နည်းအားဖြင့် သင်္ကြန်တွင်းဟူသော အချိန်ကာလ သတ်မှတ်ချက်သည် တရားစခန်းဝင် ယောဂီများအတွက် အဓိပ္ပါယ်တစ်မျိုးဖြင့် ကျော်လွန်ဖြတ်သန်း သွားမည်သာဖြစ်သည်။

ကျွန်တော်သည် ပဲခူးမြို့ ဆယ်မိုင်ကုန်း၊မုံလယ်တောရဓမ္မရိပ်သာ၌ စခန်းဝင်ယောဂီတစ်ဦးအဖြစ် ရောက်ရှိနေခြင်းဖြစ်သည်။ တောရဓမ္မရိပ်သာဆိုသော်ငြားလည်း စခန်းဝင်ယောဂီဦးရေသည် မနည်းလှ။ အမျိုးသား၊ အမျိုးသမီး စုစုပေါင်း (၂၅၀)





လောက်ရှိသည်။ သို့သော် ရန်ကုန်မြို့တွင်းရှိတရားစခန်းရိပ်သာကြီးများထက်စာလျှင် နည်းသည်ဟု ဆိုရပေမည်။နာမည်ကြီးတရားစခန်းများသည် ယခုလိုသင်္ကြန်တွင်းကာလ၌ ပြည့်ကျပ်နေတတ်သည်။ ကျောင်းပိတ်ချိန်၊ ရုံးပိတ်ချိန်ဖြစ်သဖြင့် စုပြုံဝင်ကြခြင်းပင်။ တရား စခန်းတွေမှာ လူများသည်ကို သိရ၍ ကြည်နူးပီတိဖြစ်ရသည်။ စည်ကားသင့်သောအရပ်ဒေသများ၌ စည်ကားခြင်းသည် မင်္ဂလာတစ်ပါးပါပေ။

အပျော်အပါးကြိုက်သောသူတို့ကား သင်္ကြန်တွင်းကာလသည် မီးကုန်၊ ယမ်းကုန် စိတ်ထွက်ပေါက် ပေးခွင့်ရရာ ကာလကြီးဖြစ်နေတော့သည်။ သင်္ကြန်တွင်းကာလ၌ ကိုယ် နေသင့်သည့်နေရာကို နေရာချကြည့်မိသည်။ ရေပက်ခံကားပေါ်မှာအော်ရဟစ်ရ၊ နောက်ရပြောင်ရမှာလား။ ဒါကတော့မဖြစ်နိုင်။ ဒါဖြင့် ရေကစားမဏ္ဍပ်မှာ ရေပိုက်ကိုင်ပြီးရေပက်ရမှာလား။ခရာမှုတ်၍ ကားတွေ ဝင်စေ၊ ထွက်စေ၊ ရပ်စေ လုပ်ရမှာလား။ဒါလည်းမဖြစ်နိုင်။ ဒါဖြင့် မဏ္ဍပ်နောက်ဖက်မှာ ယမကာအရှိန်နှင့် ရေတရွှဲရွှဲကြားမှာ ကခုန်နေရမှာလား။ ဒါလည်းမဖြစ်နိုင်။ မဏ္ဍပ်တကာလှည့်၍ ဖျော်ဖြေရေးစင်ပေါ်မှ တေးဂီတတွေနားထောင်ရင်းရင်ခုန်ရဦးမှာလား။ ဒါလည်းမဖြစ်နိုင်။ အိမ်မှာကျတော့ရော ပတ်ဝန်းကျင်မှာ ကားတွေဖြတ်သွား ဖြတ်လာရင်းမှ အော်တာဟစ်တာတွေ ကြားရဦးမည်။ ရုပ်မြင်သံကြားထိုင်ကြည့်ပြန်တော့လည်း မရိုးနိုင်သော သင်္ကြန်သီချင်းများနှင့် တစ်နှစ်ထက်တစ်နှစ် အိုမင်း ရင့်ရော်လာသော အနုပညာရှင်တို့၏ ဖျော်ဖြေသီဆို



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မှုတွေကိုပဲ တွေ့ရမည်။ ဆိုရလျှင်အမြင်အာရုံ၊ အကြားအာရုံမှန်သမျှသည် စိတ်ကိုစုစည်းဆောက်တည်၍ မရနိုင်သောအာရုံများအဖြစ်သာ စိတ်နှလုံးအိမ်ကို လာရောက်ရိုက်ခတ်ပေလိမ့်မည်။ ရာသီဥတုအပူ လူတို့၏အဆူကြောင့် ပြန့်ကျဲလွင့်စဉ်နေသောစိတ်အစိတ်အပိုင်းများကို မနည်းစုစည်းရပေမည်။ သို့နှင့် နောက်ဆုံးတွင် သကြံ့န်တွင်း၌နေထိုင်သင့်သောအရပ်ဒေသတစ်ခုကို ရွေးချယ်ရသည်။ တွေ့ပါပြီ။ တရားစခန်း၊တရားရိပ်သာ။

ရုံးသမား၊ကျောင်းသမားတို့၏ တဒင်္ဂတရားအာရုံ ထုံမွှေ့ရာအချိန် အတွင်း၌ ဝင်ရောက်မပူးယှက်ချင်သော်လည်း (သူတို့ကိုဦးစားပေးလိုသော်လည်း) နောက်ဆုံး မတတ်သာသည့်အဆုံး၌ တရားရိပ်သာ၊ တရားစခန်းသို့ ကျွန်တော် ရောက်ဖြစ်ခဲ့ရတော့သည်။

မုံလယ် တောရစခန်းသည် ယခုနှစ်ပါဆိုလျှင် (၁၅) ကြိမ်မြောက် တရားစခန်း ဖွင့်လှစ်ခြင်းဖြစ်သည်။သို့သော် သကြံ့န်တွင်းတရားစခန်းကတော့ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ပါပေ။ဒါကလည်း မုံလယ်ဝေယျာဝစ္စ အဖွဲ့ကို ယောဂီများက တောင်းဆို၍ ဖွင့်ဖြစ်သွားခဲ့ခြင်းဖြစ်သည်။ ယခင်ကမူ မုံလယ်ဆရာတော်ကြီးကိုယ်တိုင် ရန်ကုန်သို့ သာသနာပြုခရီးကြွရောက်လာသည့် အခါများ၌သာ တရားစခန်းဖွင့်လှစ်ဖြစ်ခဲ့ခြင်းဖြစ်သည်။ မုံလယ်ဆရာတော်ကြီး အဓိက သီတင်းသုံးသည့် အရပ်ဒေသမှာ ဂန့်ဂေါမြို့နယ်၊ အနောက်ဂန့်ဂေါရှိ မုံလယ်တောရရိပ်သာဖြစ်သည်။ ဆရာတော်ကြီးသည် ယမန်နှစ်က အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ





ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံခဲ့ရပြီး ဖြစ်သည်။

မုံလယ်ဆရာတော်ကြီးကို ကျွန်တော် နှစ်ကြိမ်ဖူးခဲ့ရပြီးပြီ။ ပထမ အကြိမ်မှာ ယမန်နှစ် မေလကဖြစ်သည်။ ဆရာတော်ကြီး မုံလယ်တောရ(ပဲခူး ဆယ်မိုင်ကုန်း)သို့ ကြွလာသည်။ (၇)ရက် တရားစခန်းဖွင့်မည်။ လာဖူးကြည့်လှည့်ပါ ဟု ဒေါက်တာဂျယ်နီကိုကြီးက ဖုံးဆက်၍ ဖိတ်ကြားသည်။ ဒေါက်တာဂျယ်နီမှာ ဒုဗိုလ်မှူးကြီးသက်ရှည်၏ ဇနီးဖြစ်သည်။ကျွန်တော်နှင့် ဒုဗိုလ်မှူးကြီးသက်ရှည်သည် သာသနာရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ရင်းဆုံဖြစ်ခဲ့ဖူးသည်။ ဒုဗိုလ်မှူးကြီးသက်ရှည်က အထူးအရာရှိအဖြစ် တာဝန်ထမ်းသည်။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဘက်တွင် အနေများသည်။ ကျွန်တော်က သာထွန်းပြန့်၊ ပြည်ပ ဌာနခွဲ။ ဌာနချင်းမတူသော်လည်း အစည်းအဝေးများ၌ မကြာခဏဆုံဖြစ်သည်။ ထိုစဉ်ကတည်းက ဗိုလ်မှူးကြီးသည် မကြာမီ ရဟန်းဘောင်ဝင်တော့မည်ဟု ပြောသံကြားခဲ့ရဖူးသည်။ ဆယ်တန်းအောင်ပြီးသော ဗိုလ်မှူးကြီး၏ သားနှစ်ဦးပင်လျှင် မုံလယ်ဆရာတော်ဘုရားကြီးထံ၌ ရဟန်းဝတ်နေပြီဟု သိရသည်။ ဗိုလ်မှူးကြီးနှင့် တွေ့ဆုံလေတိုင်း "ကိုမြသန်းစံ၊ မုံလယ် ဆရာတော်ကြီးကို ဖူးပြီးပြီလား၊ ဖူးကြည့်ပါ၊ ဘာတွေထူးခြားသလဲဆိုတာ တွေ့လာလိမ့်မယ်"ဟု ပြောလေ့ရှိသည်။

နောက်ပိုင်း ကျွန်တော်က ဝန်ထမ်းဘဝမှ အရင်အငြိမ်းစားယူခဲ့သည်။ အပ္ပမာဒမဂ္ဂဇင်း လုပ်ဖြစ်နေသည်။ မုံလယ်တောရ၌



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဗိုလ်မှူးကြီးနှင့် ပြန်ဆုံဖြစ်သောအခါ ''ကိုယ်တော့ ရဟန်းဘောင်ထဲ အပြီးဝင်တော့မယ်''ဟု ဆိုသည်။ ကြည်နူး ဝမ်းသာပီတိဖြစ်ရသည်။ အားကျသလိုဖြစ်မိသော်လည်း ဘဝပေးအခြေအနေကား မတူ။ အကျိုးပေးသန့်ရာခြင်းကား မတူ။ သူဖြစ်သလို ကိုယ်ဖြစ်၍ ရသည်မဟုတ်။ သူ့အကြောင်းနှင့်သူ။ ကိုယ့်အကြောင်းနှင့် ကိုယ်။

မုံလယ်ဆရာတော်ကြီးကို ပထမဆုံးအကြိမ် ဖူးဖြစ်ခဲ့စဉ်က ဗိုလ်မှူးကြီး သက်ရှည်ကို အရပ်ဝတ်နှင့် နောက်ဆုံးတွေ့ရခြင်းပင်။ ထိုစဉ်က ဆရာ တော်ကြီးနှင့်လည်း ရင်းနှီးခွင့်မရသေး။ ဆရာတော်ကြီးကလည်း ကျွန်တော်တို့ကို မသိသေးသဖြင့် စကားပိုင်းသည် တိတ်ဆိတ်နေသည်။ ဆရာတော်ကြီးကား တရားဓမ္မစကားကလွဲ၍ အာလာပသလ္လာပ စကားကို ပြောဆိုတတ်သူမဟုတ်။ ရိုးရိုးအေးအေးကြီးဖြစ်သည်။ ကျွန်တော်တို့ကလည်း ဆရာတော်ကြီးကို ပုဂ္ဂိုလ်ဖူးမြော်ရုံသက်သက်သာ ရှိခဲ့သည်။ ဆရာတော်၏ ဂုဏ်ကို မြင်ခွင့်မရသေး။ ဂုဏ်ဟူသည်မှာလည်း ချက်ချင်းလက်ငင်း ကောက် ကာငင်ကာ မြင်ခွင့်ရသောအရာ မဟုတ်။ ပုဂ္ဂိုလ်နှင့် အတူတကွ ယှဉ်တွဲနေထိုင်ကာ ရေရှည်လေ့လာ၍ ဉာဏ်မျက်စိဖြင့် ကြည့်နိုင်မှသာ ဂုဏ်ကိုမြင်ခွင့်ရ မည်ဖြစ်သည်။ ပထမအကြိမ်ကတော့ သည်မျှသာဖြစ်သည်။

မုံလယ်ဆရာတော်ဘုရားကြီးကို ဒုတိယအကြိမ်ဖူးမြော်ဖို့ အခွင့်ရ လာပြန်ပါသည်။ ယမန်နှစ် ဒီဇင်ဘာလပိုင်း၌ဖြစ်သည်။ ဗိုလ်မှူးကြီးကိုယ်တိုင် ကျွန်တော့်ထံ ဖုံးဆက်သည်။ သို့သော်





ထိုအချိန်တွင် ဒုဗိုလ်မှူးကြီးသက်ရှည် မဟုတ်တော့။ ဦးစက္ကိန္ဒဖြစ်နေပေပြီ။ဆရာတော်ကြီး ရန်ကုန်ကြွလာသည်။ ဦးပဥ္စင်းဦးစက္ကိန္ဒ(ဒုဗိုလ်မှူးကြီးသက်ရှည်)လည်း ဆရာတော်ကြီးနှင့်အတူ ကြွလာသည်။ ကျိုက္ကဆံလမ်းရှိ ဦးလှမျိုး၊ ဒေါ်ခင်ဝင်းမော်တို့၏ နေအိမ်၌သီတင်းသုံးနေသည်။ တရားနှင့်ပတ်သက်လို့ မေးစရာတွေရှိရင် လာခဲ့ပါလား။ ဆရာတော်ကြီးကိုလည်း ဖူးရတာပေါ့ဟုဆိုသည်။ သို့နှင့် ကျွန်တော်နှင့် ဆရာကျော်နန္ဒအောင်တို့ နှစ်ဦးသား ဆရာတော်ကြီးထံ ရောက်ခဲ့ရပြန်သည်။ (ထိုအကြောင်းကိုလည်း အပ္ပမာဒဓမ္မရသမဂ္ဂဇင်း အတွဲ(၂)၊အမှတ်(၅)၌ ဆရာကျော်နန္ဒအောင်က အသေးစိတ်ရေးခဲ့ပြီးဖြစ်သည်။)

သည်တစ်ကြိမ်တွင်တော့ ဆရာတော်ကြီး၏ တရားကို နာရသည်။ ရိုးရိုးရှင်းရှင်းနှင့် လွယ်လွယ်နားလည်နိုင်သော တရားဖြစ်သည်။ တရားနာ ပရိသတ်ကလည်း သိပ်မရှိလှ။ ဒေါ်ခင်ဝင်းမော်တို့ အိမ်သူ အိမ်သားတွေနှင့် ပေါင်းလိုက်မှ (၉) ယောက်လောက်ပဲ ရှိသည်။ကျွန်တော့်စိတ်ထဲ ဆုံးဖြတ်ချက်တစ်ခု ပေါ်လာသည်။ သည်တစ်ခါ ဆရာတော်ကြီး တရားစခန်းဖွင့်ဖြစ်လျှင် ဆရာတော်ကြီး ခြေဖဝါးအောက်ဝင်ရောက်ကာ ဆရာတော်ကြီး၏ မေတ္တာကို ခံယူရင်းမှ တရားအားထုတ်ကြည့်မည်ဟု။

ယခုအခါ အခွင့်သင့်ပေပြီ။ သကြံန်ကာလအတွင်း (၇) ရက်စခန်း ဖွင့်မည်။ မုံလယ်တောရသို့ ယောဂီများ ဆက်သွယ်နိုင်ပါကြောင်း သတင်းစာ ထဲတွင် သတင်းပါလာသည်။



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဒေါက်တာဂျယ်နီကိုကြီးထံ ကျွန်တော်ဖုံးဆက်လိုက်၏။ နာမည် စာရင်းသွင်းသည်။ ဆရာမက ဝမ်းပန်းတသာ ဆီးကြိုလေ သည်။

သကြံန်အကြိုနေ့ မတိုင်မီ (၁၂-၄-၂၀၀၁)ခုနှစ် ညနေတွင် တရားစခန်း စတင်ဖွင့်လှစ်သည်။ သို့သော် ဆရာတော်ကြီးကား ကြွမလာသေး။ ဆရာတော်ကြီးသည် ကျိုင်းတုံတရားစခန်းမှာ ရှိနေသည်။ မနက်ဖြန် သကြံန်အကြိုနေ့ရောက်မှ ကျိုင်းတုံမှနေ၍ လေယာဉ်ဖြင့် ကြွလာမည်ဟု ဆို၏။ ကျွန်တော်တို့သည် ဆရာတော်ကြီးကြွအလာကို မျှော်လင့်နေကြရသည်။ ဆရာတော် ကြီးကြွမလာသေးမီ တရားစခန်းဖွင့်ပွဲနှင့် ပထမရက် တရားဟောချိန်များ၌ ဦးပဋ္ဌင်းဦးစက္ကိန္ဒ (ဒုဗိုလ်မှူးကြီးသက်ရှည်)က တောက်လျှောက် တရားဟောသည်။ ဌာနဆိုင်ရာ အကြီးအကဲတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာမှ လူပရိသတ်အစုံနှင့် ထိတွေ့ဟောပြောခဲ့ရသော အလေ့အကျင့်တွေကြောင့်ထင်သည်။ ဦးပဋ္ဌင်းဦးစက္ကိန္ဒ၏ ဟောတရားများမှာ တရားနာပရိသတ်အတွက် အဆင်ပြေနေသည်။ ရဟန်းဝါမရှိသေးသော်လည်း ဓမ္မစာပေ ဖတ်မှတ်ခဲ့ခြင်း၊ တရားဓမ္မအားထုတ်ခဲ့ခြင်းစသော အလေ့အကျင့်များကြောင့် ဆရာတော်ကြီး ကြွမလာသေးမီအတွင်း တရားနာပရိသတ်ကို ထိန်းထားနိုင်ခဲ့သည်။

သကြံန်အကြိုနေ့ ညနေတွင် ဆရာတော်ကြီး ဆိုက်ဆိုက်မြိုက်မြိုက် ကြွလာခဲ့ပေပြီ။ ခရီးရောက် မဆိုက်ပင် ဆရာတော်ကြီးသည် ခရီးပန်းလာ ခဲ့မှုကို အမှုမထားဘဲ စခန်းဝင်ယောဂီများအတွက် တရားရေအေး တိုက် ကျွေးပါတော့သည်။





''တရားနာတယ်၊ တရားအားထုတ်တယ်၊ တရားလေ့လာတယ် ဆိုတာ မိမိခန္ဓာမှာရှိတဲ့ တရားနဲ့ အသိဉာဏ်နဲ့ ထပ်သွားဖို့ လိုတယ်နော်။ ရှိတဲ့တရားဆိုတာ မြင်ဆဲခန္ဓာငါးပါး၊ ကြားဆဲ ခန္ဓာငါးပါး၊ နံဆဲခန္ဓာငါးပါး၊ စားဆဲခန္ဓာငါးပါး၊ ထိဆဲခန္ဓာငါးပါး၊သိဆဲခန္ဓာငါးပါးလို့ မဟောဘူးလား၊ အဲဒါအမြင်ခံ အရှုခံတရားပေါ့။ ရှုဉာဏ်ဆိုတဲ့ မဂ္ဂင်ငါးပါးက သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင်နှစ်ပါး၊ သမ္မာဝါယမ၊သမ္မာသတိ၊ သမ္မာသမာဓိမဂ္ဂင် သုံးပါးပေါင်းလိုက်တော့ ရှုဉာဏ်မဂ္ဂင်ငါးပါးပေါ့။ အာရုံနဲ့ အာရမ္မဏိက ပိုင်းခြားရင် ခန္ဓာငါးပါးက အာရုံတရား၊ မဂ္ဂင်ငါးပါးက အာရမ္မဏိက တရား ပေါ့။ အာရုံအာရမ္မဏိကတရားလို့ မဟောဘူးလား။ အဲဒါ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း တကယ်သိရင် ကိုယ်ထင်ခဲ့တဲ့ လူအစားစား၊ နတ်အစားစား၊ ဗြဟ္မာအစားစား၊ တိရစ္ဆာန်အစားစား၊ ပြိတ္တာ၊ အသူရကာယ် အစားစား တွေ့သေးရဲ့လား။(မတွေ့ပါဘုရား။) မတွေ့တာ ရှိလို့လား၊ မရှိလို့လား။ (မရှိ လို့ပါဘုရား။)မရှိရင် ဘယ်လိုမှ စွဲလို့မရတာနော်။(မှန်လှပါ။) မရှိရင် စွဲဦးမလားဟဲ့။(မစွဲပါဘုရား။)ရှိတဲ့တရားကလည်း အနိစ္စမျိုး၊အနတ္တမျိုး၊ ဒုက္ခမျိုးပေါ့။(မှန်လှပါ။) အစွဲခံရဲ့လား။ (မခံပါဘူးဘုရား။) အဲဒီလို စိစစ်ဖို့ မကောင်းဘူးလား။ (ကောင်းပါတယ်ဘုရား။) အဲဒါကြောင့်မို့ ခန္ဓာသိဖို့၊ သစ္စာသိဖို့၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးသိဖို့ လိုတယ်နော်။(မှန်လှပါ။)

သိမှ ပယ်နိုင်တာကိုး။ ခြောက်ဒွါရမှာ အကုသိုလ်ဖြစ်မယ်။ ပဋိစ္စ သမုပ္ပါဒ် သံသရာလည်မယ်၊ မဖြစ်ကြစေနဲ့။ ကုသိုလ်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



အကုသိုလ်ကိုးကွယ့်။ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ ကုသိုလ်နဲ့ ပတ်သက်လို့ ပုညာဘိသင်္ခါရပေါ့၊ အကုသိုလ်နဲ့ ပတ်သက်လို့ အပုညာဘိသင်္ခါရပေါ့။ အဲဒါ အကုသိုလ်လမ်းကို လိုက်မယ်ဆိုရင် ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ်ပေါ့။ အပါယ်လေးရွာကို သွားတဲ့လမ်းနော်။ အပုညာဘိသင်္ခါရလို့ မဟောဘူးလား။ အရပ်သုံးနဲ့ ပြောရင်တော့ ငါးပါးသီလကို ချိုး ဖောက်တာပေါ့ကွယ်။ရှောင်ကြဥ်တဲ့ ပုဂ္ဂိုလ်ကျတော့ ကုသိုလ်လို့ မဟောဘူးလား။ အဲဒီ ကုသိုလ်ကြောင့် လူဖြစ်တယ်၊ နတ်ဖြစ်တယ်ပေါ့နော်။ဈာန်သမာဓိကို အားထုတ်တော့ ဗြဟ္မာ ခန္ဓာ မရပေဘူးလား။ ကဲ သုံးဆယ့် တစ်ဘုံက ထွက်ရဲ့လား။ (မထွက်ပါဘူး ဘုရား။)

တစ်ခါ သံသရာရေယဉ်ကြောမှာ မြုပ်မျော၊ ပေါ်မျော လို့ မဟောဘူးလား။ မျောတာကျတော့ အကုန်တူတယ်နော်။ ပုညာဘိသင်္ခါရလည်း မျောတာပဲ။ အပုညာဘိသင်္ခါရကလည်း မျောတာပဲ။အာနေဉ္ဇာဘိသင်္ခါရကလည်း မျောတာပဲ။ သို့သော် မြုပ်တာနဲ့ ပေါ်တာကျတော့ မခြားနားဘူးလား။ ပုညာဘိသင်္ခါရ၊ ဒါနကုသိုလ်၊ သီလကုသိုလ်က ပေါ်တယ်နော်။ အနေဇာဘိသင်္ခါရ ဈာန်၊ သမာဓိကုသိုလ်က ပေါ်တယ်နော်။ အဲဒီလိုပေါ်တဲ့အခါ ကျတော့ လူအရိယာ၊ နတ်အရိယာ၊ ဗြဟ္မာအရိယာ မဖြစ်နိုင် ဘူးလား။ ဘုရားပွင့်တဲ့ သာသနာနဲ့ တွေ့တဲ့အခါ သစ္စာတရား၊ ခန္ဓာတရားတွေကို ကြားနိုင်၊ နာနိုင်၊ သိနိုင်တယ်နော်။ မြုပ်တဲ့ ပုဂ္ဂိုလ်တွေက သိနိုင်ပါ့မလား။ အပုညာဘိသင်္ခါရတဲ့။ မခြားနားဘူး





လား။မျောတာတူပေမယ့် ပေါ်တာနဲ့ မြုပ်တာ မခြားနားဘူးလား။ ဘုရားပွင့်တဲ့အချိန်ထဲ လူအဖြစ်ကိုရတယ် ဆိုတော့၊ သစ္စာတရား၊ ခန္ဓာတရား၊ ပဋိစ္စသမုပ္ပါဒ်တရားကို ကြားရ နာရမယ်ဆိုရင် အင်္ဂုလိမာလကဲ့သို့ မဂ် ဖိုလ် မရနိုင်ဘူးလား။ အဲဒီလို စိစစ်ဖို့ မကောင်းဘူးလား။

အဲဒါကြောင့် သုတဝါ အရိယာသာဝကောလို့ မဟော ဘူးလား။သုတအကြားအမြင်ရှိရင် အရိယာဖြစ်တာပေါ့ကွယ်။ အသုတ ဝါ ပုထုဇနော၊ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်ကတော့ ဖြစ်ပါ့ မလား။ အဲဒီလို စိစစ်ဖို့လိုတယ်။ လိုရင်းအချက်ကတော့ တရား ပျောက်တော့ ကိုယ်မှာရှာ၊ ကိုယ်မှာရှာတော့ တရားတွေ့တယ်လို့ မဟောဘူးလား။ တစ်ကိုယ်လုံးကို ချုံ့ကြည့်ရင် ခန္ဓာ ငါးပါးပေါ့။ ခန္ဓာငါးပါးချုံ့တော့ စိတ်၊ စေတသိက်၊ ရုပ်ပေါ့။ အဲဒါထက်ချုံ့ရင် နာမ်နဲ့ရုပ် တရားနှစ်ပါး။ ရုပ်တစ်လုံး နာမ်တစ်လုံးကို အပ်ကျ မပ်ကျသိရင် ဒိဋ္ဌိပြုတ်ပြီကွယ့်။ ဖြန့်လိုက်ရင် ခန္ဓာငါးပါးပေါ့။ ခန္ဓာငါးပါးကို တွေ့တာ တရားတွေ့တာပေါ့။ အဲဒီလိုလေ့လာဖို့ မကောင်းဘူးလား။ အဲဒါကလွဲလို့ ရှုစရာရှိသေးရဲ့လား။

တရားထိုင်တယ်ဆိုတာ ခန္ဓာသိဖို့နော်၊ စင်္ကြံသွားတယ် ဆိုတာ ခန္ဓာသိဖို့နော်၊ ရပ်တယ်ဆိုတာ ခန္ဓာသိဖို့နော်၊ လျောင်း တယ်ဆိုတာ ခန္ဓာသိဖို့နော်၊ ခန္ဓာသိရင် လူစွဲဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ၊ ဗြဟ္မာစွဲဒိဋ္ဌိ မပြုတ်ဘူးလား။ အေး ‥ ခန္ဓာသိဖို့လိုတယ်ကွယ့်''

မုံလယ်ဆရာတော်ကြီး၏ တရားကား တရားသား သက်သက်ချည်း ဖြစ်သည်။ တစ်နည်းအားဖြင့် ''တရားခြောက်''



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဟု ပြောရမလိုပင်။ တရားခြောက်၊ တရားသားသက်သက် ဖြစ်သဖြင့် တရားနာဖူးသော အလေ့အကျင့် နည်းပါက တရားအပေါ် စိတ်ဝင်စား၍ မရနိုင်။ တရားအပေါ် လေးစားမြတ်နိုးမှုနှင့် လောကီသံဝေဂအရှိန် နဂိုအခံမရှိပါက ဆရာတော်ကြီး၏ တရားများသည် စိတ်နှလုံးအိမ်သို့ ဝင်ရောက် မထိုးဖောက်နိုင်။ ဆရာတော်ကြီးသည် မိုးကုတ်ဝိပဿနာပြန့်ပွားရေးအတွက် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခံယူကာ ဟောကြားခြင်းလည်း ဖြစ်သည်။ မိုးကုတ်ဆရာတော်၏ တရားများ၊ ယခုမုံလယ်ဆရာတော်ကြီး၏ တရားများကား တရားသားသက်သက်တွေဖြစ်၍ ခြောက်ခြောက်သွေ့သွေ့နိုင်လှသည်။ တစ်နည်းအားဖြင့် ကံကြိုက်တရားမဟုတ်။ ဉာဏ်ကြိုက်တရားများသာ ဖြစ်သည်။

စခန်းဝင်ယောဂီတွေ ပျင်းမှာစိုး၍ တစ်ခါတစ်ရံ ပုံဝတ္ထုကလေးများ ညှပ်၍ ဟောတတ်သော်လည်း များသောအားဖြင့် တရားသားသက်သက်ချည်း သာဖြစ်သည်။တရားစခန်းဖွင့်ပွဲနေ့က ဟောခဲ့သောတရားသည် နောက်တစ်နေ့တွင် အပြောင်းအလဲ ရှိမည်ဟု ထင်ခဲ့သည်။ အထင်နှင့်အကြား တလွဲစီပင်တည်း။ နောက်တစ်နေ့လာလည်း တရားသားက သည်အတိုင်း၊ နောက်တစ်နေ့ကူးပြန်တော့လည်း တရားဟောချိန်မှာ နာကြားရတာက သည်အတိုင်း။ တရားစခန်းသာ ပြီးဆုံးသွားခဲ့သည်။ ဆရာတော်ကြီး၏ တရားကား ပြောင်းလဲသွားခြင်းမရှိ။ တစ်ခါဟောတော့လည်း သည်ခန္ဓာငါးပါးအကြောင်း၊ နောက်တစ်ခါ ဟောတော့လည်း





သည်ခန္ဓာငါးပါးအကြောင်း၊ ပဋိစ္စ သမုပ္ပါဒ်စက်ဝိုင်း အမေးအဖြေတွေကလည်း နေ့စဉ် သည်အတိုင်း၊ သည်အတိုင်းပါပဲ။ ကြာတော့ ပျင်းပျင်းရိရိနှင့် နားထောင်နေသူတို့ပင် အလွတ် ရလာတော့သည်။ ဒါဟာ တရားအစစ်တွေပါလားဟူ၍ တရားတော်ကို ရိုသေမြတ်နိုးစိတ်နှင့် ရူးရူးစိုက်စိုက်နာကြားသူများအတွက်မူ တန်ဖိုးမဖြတ်နိုင်လောက်အောင် ဉာဏ်တွေလင်းလက် ပွင့်လင်းလာခဲ့ရသည်။ မုံလယ် ဆရာတော်ကြီး၏ ခန္ဓာဖွဲ့နည်း၊ သစ္စာဖွဲ့နည်းများသည် ရိုးရိုးရှင်းရှင်းနှင့် နားလည်လွယ်လှသည်။

ဒွါရ (၆)ပေါက်၌ ခန္ဓာငါးပါး အသီးသီးဖြစ်ပေါ်ပုံ၊ စိတ်၊ စေတသိက်၊ ရုပ်ဖြစ်ပေါ်ပုံ၊ ရုပ်နှင့်နာမ်ဖွဲ့စည်းပုံတို့ကို နေ့စဉ် ရွတ်ဆိုရင်းမှ ရိပ်မိသိမြင် လာခဲ့သည်။ ခန္ဓာငါးပါးကို ငါဟုထင်၍ စွဲလမ်းခဲ့သောကြောင့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ဝဲဂယက်ထဲ ကျင်လည်ရပုံကို သိမြင်လာမိသည်။ သိသော အခါ ပယ်တော့သည်။ ပယ်သောအခါ ဆိုက်ရောက်တော့သည်။ သိမှု မဂ္ဂသစ္စာသည် သမုဒယသစ္စာကို ပယ်ပါသည်။ သမုဒယသစ္စာကို ပယ်သော အခါ နောက်ခန္ဓာမလာတော့သော နိရောဓသစ္စာ ဆိုက်ရောက်ပုံကို ဆရာတော်ကြီးသည် သစ္စာဖွဲ့နည်းဖြင့် ရိုးရိုးလေးရှင်းပြထားသည်။

''ဝေဒနာက္ခန္ဓာတရားအပေါ်မှာ ငါ၊သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ အနေနဲ့ လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘတဏှာ–သမုဒယသစ္စာ။

ဝေဒနာက္ခန္ဓာတရား၏ ဖြစ်ခြင်း၊ ပျက်ခြင်းက ဒုက္ခသစ္စာ။



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဒုက္ခသစ္စာဟု ပိုင်းခြား၍ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။

သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက နိရောဓ သစ္စာ''

ဝေဒနာက္ခန္ဓာနေရာ၌ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ရူပက္ခန္ဓာ စသဖြင့် ကျန်ခန္ဓာများကိုလည်း အစားထိုး၍ ကြည့်နိုင်သည်။ နောက်ဆုံးတော့ ခန္ဓာငါးပါး ဖြစ်ပျက်သည် သစ္စာလေးပါး ကွန်ယက်အတွင်းက မလွတ်။ ဆရာတော်ကြီးသည် ကိုယ်တိုင်သိခဲ့သည့် တရားကို ရိုးရိုး ရှင်းရှင်း ဟောပြောရှင်းလင်း ပြသနေသည်မှာ ထင်ရှားလှသည်။ တစ်နည်းအားဖြင့် ဆရာတော်ကြီးသည် ကိုယ့်ခန္ဓာကို စာအုပ်ကြီးသဖွယ် ဖွင့်လှစ်ဖတ်ပြနေသည်နှင့် တူလှသည်။

သည်လို ခန္ဓာဉာဏ်ရောက် တရားများကို ကိုယ်တိုင်ကိုယ်ကျ သိနိုင်ဖို့အတွက် ဆရာတော်ကြီးသည် အခက်အခဲပေါင်းများစွာကို ဖြတ်သန်းခဲ့ရ၏။ ဆရာတော်ကြီးသည် ငယ်ဖြူမဟုတ်ပါ။ တောထွက်ရဟန်း တစ်ပါးသာ ဖြစ်ပါသည်။ ငယ်စဉ်က မူ သာမဏေ(၁)ဝါ ဝတ်ခဲ့သေး၏။ နောက်တော့ လူထွက်သည်၊ အရောင်းအဝယ်လုပ်သည်။ လှေသူကြီးလုပ်သည်။ လူ့ဘဝအမည်မှာ မောင်ဝသိန်း ဖြစ်သည်။ အနောက်ဂန့်ဂေါနယ် ယောသားဖြစ်၏။ မိခင်ဖြစ်သူ ဒေါ်ဆေးရန်မှာ မောင်ဝသိန်းခုနစ်နှစ် သားဘဝကပင် ကွယ်လွန်ခဲ့သည်။

ဦးဝသိန်းသည် အသက်(၂၄)နှစ်၌ ဒေါ်ချစ်မြိုင်ဆိုသူနှင့် အိမ်ထောင်ကျခဲ့သည်။ သားသမီး (၄)ဦး ထွန်းကားခဲ့သည်။





ဦးဝသိန်း အသက်(၄၆) နှစ်အရွယ်တွင် ဇနီးဖြစ်သူဒေါ်ချစ်မြိုင် ကွယ်လွန်ခဲ့သည်။သားသမီး(၄)ဦး၏ စားဝတ်နေရေးတွေကို ဦးဝသိန်းသည် (၁၀)နှစ်ကာလ တာဝန်ယူခဲ့ရသည်။ ထို့နောက် အသက်(၅၆)နှစ်တွင် ဦးဝသိန်းသည် မုံလယ်တောရ ဆရာတော် ဦးဇာဂရထံ၌ ရှင်သာမဏေ ပြုခဲ့သည်။ ဘွဲ့အမည်မှာ ရှင်သံဝရ။ တရား အားထုတ်၍ သာမဏေ(၁)ဝါ ရသောအခါ ကုန်သည်ကြီး ဦးအေးဖေ၊ ဒေါ်အုံးကြည်တို့ ရဟန်းဒါယကာခံ၍ ရဟန်းဘောင်တွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။

အရှင်သံဝရ ရဟန်း(၆)ဝါ ရသောအခါ အမရပူရမြို့၊ မင်္ဂလာတိုက် ဟောင်းဆရာတော်''ဦးဓမ္မိဿရ''၊ မြို့ဟောင်း တောင်ပြင်တိုက် ဆရာတော် ''ဦးသုမန''တို့ထံတွင် မိုးကုတ် ဝိပဿနာနည်းဖြင့် ရှုမှတ်ပွားများ အားထုတ်တော်မူခဲ့သည်။ သည့်နောက် ရန်ကုန်၊ တောင်ကြီး၊ ကျိုင်းတုံ၊ မိုးနဲ၊ မိုးကုတ်၊ မိုးမိတ်၊ ဟိုပုံး၊ ဖြူး၊ မကွေး၊ မင်းဘူး၊ စလေ၊ ရေနံချောင်း၊ ပခုက္ကူ၊ မင်းတပ်၊ ကျောက်ထုစသည့် မြို့များ၊ ဂန့်ဂေါ မြို့နယ်အတွင်းရှိ နှမ်းခါး၊ မွေ့လယ်၊ ကန်၊ မင်းရွာ စသည့်ကျေးရွာများသို့ ကြွရောက်၍ (၁၀)ရက် စခန်းများဖွင့်ကာ သာသနာပြုဟောကြားတော်မူခဲ့သည်။

သာသနာ့အကျိုး၊ ဝေနေယျတို့၏ အကျိုးအတွက် ဆရာတော်ကြီး သည် သက်တော်ကြီးမြင့်သည်အထိ မမောနိုင်၊ မပန်းနိုင် သာသနာပြုခရီးများ ကြွရောက်ခဲ့သည်။ယောဂီ သူတော်စင်တို့ကို တရားရေအေး တိုက်ကျွေးခဲ့သည်။ ဘဝသံသရာ ချုပ်ငြိမ်း



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရာသို့ ဘုရားရှင်ကိုယ်စား ထပ်ဆင့်လမ်းပြ၊ လက်ကမ်းခေါ်ယူခဲ့သည်။ ဘုရားရှင်၏ သားတော်ပီသစွာ တရားတော်ကို ကိုယ်တိုင်သိအောင် ကြိုးစားသလို၊ ဝေနေယျတို့ကိုလည်း သိအောင် လမ်းညွှန် ပြသပေးခဲ့သည်။ ထို့ကြောင့်ပင် ဆရာတော်ကြီးအား နိုင်ငံတော်က အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်သည်။

ယခုအခါ ဆရာတော်ကြီးသည် သက်တော် (၈၀)ကျော်ခဲ့ပြီဖြစ်သည်။ မုံလယ်ဆရာတော်ကြီးသည် တောထွက်ရဟန်းကြီးဖြစ်သည့်အား လျော်စွာ ပရိယတ္တိစာပေများကို ကျွမ်းကျင်နိုင်နင်းခြင်း မရှိသော်လည်း ရုပ်၊နာမ်၊ခန္ဓာ ဝိပဿနာတရားကိုကား ရှင်းလင်းအောင် ဟောကြား ပြသပေးနိုင်သဖြင့် ကြည်ညိုသူတွေ များလှသည်။ ယခုမုံလယ်တောရ စခန်းသည်ပင်လျှင် ဆရာတော်ကြီးကို ကြည်ညိုကြသော ဦးလှမျိုး-ဒေါ်ခင်ဝင်းမော်မိသားစုက မြေ(၆) ဧက လှူဒါန်းရာမှ တဖြည်းဖြည်း အကောင်အထည် ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

တရားစခန်းအတွင်း၌ ကျွန်တော့်အတွက် မဟာအခွင့်အရေးများမှာ ဆရာတော်ကြီးအား နေ့စဉ်ရက်ဆက် အနီးကပ် ဖူးမြော်ခွင့်ရခြင်း၊ဆရာတော်ကြီး၏ တရားများကို အနီးကပ် နာကြားခွင့်ရခြင်း၊ နားချိန်များ၌ ဆရာတော်ကြီးထံ ဝတ်ဖြည့်ရင်းမှ ဆရာတော်ကြီး၏ ဓမ္မဆိုင်ရာ အသိအမြင် ဗဟုသုတများကို ကြားနာ မှတ်သားခွင့်ရခြင်း၊ ဆရာတော်ကြီး၏ ထူးခြားချက်များကိုလည်း အနီးကပ်လေ့လာသိမြင်ခွင့် ရခဲ့ခြင်းတို့





ဖြစ်ပါသည်။

ဆရာတော်ကြီးသည် အသားလွတ်ဟင်းလျာကိုသာ ဘုဉ်းပေးတော်မူသည်။ ဝေယျာဝစ္စအဖွဲ့ကိုလည်း အသားလွတ် ဟင်းလျာများကိုသာ ချက်ပြုတ်စေသည်။ သို့နှင့် ကျွန်တော်တို့ စခန်းဝင်ယောဂီများသည်လည်း မုံလယ်ဝေယျာဝစ္စအဖွဲ့၏ လက်ရာမြောက် အသားလွတ်ဟင်းလျာများကိုသာ စားရလေသည်။

စခန်းကာလအတွင်း၌ ထူးထူးခြားခြား သတိပြုမိသည်မှာ ဆရာတော်ကြီး၏ ဆံတော်များ ရှည်လျားနေခြင်းကိုပင်။ နောက်မှ ဆရာတော်ကြီး၏ အနီးကပ်တပည့်ဒကာများကို မေးကြည့်ရသည်။ ဆရာတော်ကြီးသည် အာရုံကျသည့်နေရာ၌သာ ဆံချလေ့ရှိသည်။ ဆရာတော်ကြီး၏ ဆံတော်များသည် ရိပ်ပြီးသည့်အခါတိုင်း စု၍ လုံးခဲသွားတတ်သည်။ ထို့ကြောင့် တပည့်ဒကာ၊ ဒကာမများက ကြည်ညိုလွန်း၍ သိမ်းဆည်းတတ်ကြသည်။ ဆရာတော်ကြီးကမူ တရားဘက်ကိုသာ အာရုံပြုစေချင်သည့် ဆန္ဒရှိသည်။ ဆရာတော်ကြီး မေတ္တာသုတ်ရွတ်သည့်အခါ ရေပုလင်းများ ဆူတတ်သည်ကိုလည်း ဆရာတော်ကြီးက အမှုမထားတတ်။ တပည့်ဒကာများကိုလည်း ထိုက်စွဘက်သို့ အာရုံမပြုစေချင်ပါ။ တရားဓမ္မနှင့် ခန္ဓာဉာဏ်ရောက်ကိစ္စကိုသာ အာရုံပြုစေချင်သည်။ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း ရေးသား ရာ၌ ဆရာတော်ကြီးသည် တပည့်ဒကာတို့၏ စိတ်အကြံအစည်ကို သိနိုင်စွမ်းရှိသည်ဟူသော အရေးအသားနှင့်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

ပတ်သက်၍ ဆရာတော်ကြီးကိုယ်တိုင် ဘဝင်မကျလှ။ဤကိစ္စနှင့်ပတ်သက်၍ ဆရာတော်ကြီးကိုယ်တိုင် ကျွန်တော့်အား ထုတ်ဖော်ပြောကြားခဲ့သည်။

''ဒကာ ဒကာမတွေ စိတ်ထဲမှာရှိနေတာနဲ့ ဘုန်းကြီးပြောလိုက်တာ နဲ့ တိုက်ဆိုင်သွားတာပါ၊ ဒါကို သူတို့ သဒ္ဓါလွန်ပြီးရေးကြတာပါ။ သူတို့ ရေးသလိုတော့ မဟုတ်ပါဘူး။ အဲဒါဒကာကြီးတို့ စာရေးဆရာတွေ အဲဒီ အကြောင်းအရာမျိုး ရေးရင်သတိထားရေးကြပါ''

ဆရာတော်ကြီး တားမြစ်လေမှပင် ကျွန်တော်ကိုယ်တိုင်ဖွင့်ဟဖော် ထုတ်ရမလို ဖြစ်နေပြန်ပါသည်။ အဘယ့်ကြောင့်နည်း ဆရာတော်ကြီးနှင့် တွေ့သောအခါ ဖွင့်ဟလျှောက်ထားမည်ဟူသော အချို့ဓမ္မမေးခွန်းများသည် ကျွန်တော့်နှုတ်ဖျားမှ ဖွင့်ဟလျှောက်ထားခြင်း မရှိသေးမီမှာပင် ဆရာတော်ကြီးသည် တရားသားထဲ၌ ထည့်သွင်းဟောကြားသွားခြင်း ဖြစ်ပါသည်။ ဆရာတော်ကြီးပြောသလိုဆိုလျှင် ''တိုက်လည်း တိုက်ဆိုင်လွန်းလှပါတယ် ဆရာတော်ကြီးခင်ဗျာ''ဟု ကျွန်တော့်စိတ်တွင်း ပြောရင်းမှ ဆရာတော်ကြီးအား အကြိမ်ကြိမ်ရှိခိုးမိပါသည်။

ဤသည်ကိုကြည့်လျှင် ဆရာတော်ကြီး၏ ဓမ္မစွမ်းရည်ကား မည်မျှ ကြီးမားနေမည်ကို သိနိုင်လောက်ပေပြီ။ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ပညာဂုဏ်တို့သည်ကား မသေးငယ်လှပါ။ ကြီးမားခန့်ထည်နေပြီ ဖြစ်ပါသည်။

သကြံန်တွင်း မုံလယ်တရားစခန်းကြီးကား တန်ခူး





လကွယ်နေ့၊ ပြေ(၂၁)ရက်နေ့ညတွင် အပြီးသတ်ခဲ့ပေပြီ။ သည်တရားစခန်းတွင်း၌ ဆရာဝန် ပါသည်။ အင်ဂျင်နီယာပါသည်။ တက္ကသိုလ်ဆရာများ ပါသည်။ တပ်မတော် အရာရှိများပါသည်။ဝန်ထမ်းပေါင်းစုံပါသည်။ လက်ရှိတာဝန်ထမ်းဆောင်ဆဲ၊ အငြိမ်းစားယူထားသောဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်း၊ ငွေကြေးချမ်းသာသူ၊ အိမ်ပိုင်၊ ယာပိုင်၊ ကားပိုင် တတ်နိုင်ကြသူများ ပါသည်။သို့သော် အားလုံးသည် မုံလယ်တရားစခန်းဝင် ယောဂီဘဝသို့ ရောက်သောအခါ မိမိတို့ဆိုင်ရာပိုင်ရာ၊ ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်တို့ကို ခေတ္တခဏဘေးချိတ်ထားရပါတော့သည်။တရားစခန်းမှ ချမှတ်ထားသော စည်းကမ်းအတိုင်း နေရပါသည်။ အတန်ငယ် ဆင်းဆင်းရဲရဲ၊ ကျပ်ကျပ်တည်းတည်း နေရပါသည်။ သည်းခံရ၏ ၊ မေတ္တာပွားများရ၏။ အားလုံးသည် မုံလယ်ဆရာတော်ကြီး၏ မေတ္တာရိပ်အောက်၌ တစ်ပြေးတည်း၊ တစ်ပြင်တည်း၊ တစ်ညီတည်း။ လက်ရေတစ်ပြင်တည်း။

တစ်နည်းအားဖြင့် လောကုတ္တရာ တရားအနှစ်သာရ ရှာဖွေနေစဉ် အတွင်း လောကီဂုဏ်များကို ဖယ်ရှားထားရပါသည်။ ပယ်ထားလိုက်ရပါသည်။ အာရုံပြုနေကျ ပညတ်မှသည် အာရုံပြုကျင့်မရှိသည့် ပရမတ်ကို အာရုံပြုတတ်အောင် လေ့ကျင့်သင်ကြားဆဲကာလ၌ ပုဂ္ဂလပညတ်တွေကို ပယ်ကို ပယ်ထားရမည် ဖြစ်ပါသည်။

ထို့ကြောင့် မုံလယ်သည်(လောကီ)ဂုဏ်ကို ပယ်ပါသည်။

သို့သော် မုံလယ်ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိ

## "ဂုဏ်" ပယ်ပေမယ့် "ဂုဏ်" မငယ်တဲ့ မုံလယ်

ဂုဏ်၊ ပညာဂုဏ်ကား မသေးငယ်လှသည်ကို ကျွန်တော်တို့ ကိုယ်တိုင်သိမြင်ခွင့် ရခဲ့ပြီ ဖြစ်ပါသည်။ ထို့ကြောင့် မုံလယ် ဆရာတော်ကြီးသည် ဂုဏ်မငယ်ပါ။

ထို့ကြောင့် ကျွန်တော်၏ ဆောင်းပါးခေါင်းစဉ်ကိုလည်း ဂုဏ် ပယ်ပေမယ့်၊ ဂုဏ်မငယ်တဲ့ မုံလယ် ဟု အမည်ပေးလိုက် ရခြင်း ဖြစ်ပါသည်။

ဤသို့သော ဂုဏ်ကို ပယ်သည့် ဂုဏ်မငယ်သော မုံလယ် တရားစခန်းများ မြန်မာပြည်နေရာအနှံ့ ပေါ်ထွန်းလေသော် ကောင်းလေစွ၊ (လောကီ) ဂုဏ်ကို ပယ်သည့် သဘောထားမျိုး သည် တရားစခန်းပြင်ပ ကျန်သည့် အချိန်များတွင်လည်း သဘောထားနိုင်သော် ကောင်းလေစွ။

သီလဂုဏ်၊ သမာဓိဂုဏ်၊ပညာဂုဏ် မငယ်သည့် (ဂုဏ် မြင့်မားလှ သည့်) ဆရာသမားများစွာ ပေါ်ထွန်းလေသော် ကောင်း လေစွ ဟု ကျွန်တော် ဆန္ဒပြု ဆုတောင်းနေမိပါတော့သည်။

၂၇-၄-၂၀၀၁

☸





http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။

*ကျွန်တော် အချိန်ဆိုင်း၍ မဖြစ်တော့ပါ။ မိုးကုတ်ဝိပဿနာ တရားစခန်းကို ဝင်ဖြစ်အောင် ဝင်တော့မည်။ နေရာရွေး၊ အချိန်ရွေး၊ ဆရာရွေးနေတုန်း သေသွားလျှင် အခက်။ ဘယ်နေ့ သေမယ်ဆိုတာ ကိုယ့်ကိုယ်ကို မခန့်မှန်းနိုင်။ အသေမဦးမီ ဉာဏ်ဦးအောင် အမြန်အားထုတ်မှ ဖြစ်ပေတော့မည်။*

အသေမဦးခင် ဉာဏ်ဦးအောင်

(၁)

နွေရှက်တွေသည် မြေထက် ကြွေသက်နေလေပြီ။

လမ်းတစ်လျှောက်တွေ့ရသမျှ အပင်တို့သည် အရိုးတံ ပြိုင်းပြိုင်း။ ပင်စည်အကိုင်းအခက်တို့ကား သွေ့ခြောက်ခြောက်။ လမ်းဝဲယာ တောင်ကုန်း မနိမ့်မမြင့်တို့သည်လည်း တောင်ကတုံးတွေ ဖြစ်နေပေပြီ။ဖုန်လုံး၊ ဖုန်မှုန့်တွေ ကလည်း နွေလေရူးတို့၏ ဆော့ကစားမှုနှင့်အတူ အခါမလပ် လွင့်ပျံဝေ့ဝဲ လျက်။ တွေ့ရသည့် မြင်ကွင်းကား ခြောက်သွေ့မှုအပြည့်။

ခုနကတင် ဧရာဝတီမြစ်ကူးတံတား (နဝဒေး)ကို ဖြတ်ကျော်ခဲ့သေး သည်။ သို့သော် တံတားပေါ်မှ ငုံကြည့်ရသည့်





ဧရာဝတီမြစ်ရေမှာ စီးဆင်းနေသည်ဟုပင် မထင်ရ။ ငြိမ် သက်လွန်းလှသည်။ မြစ်ကူးတံတား တိုင်ခြေတို့ပင်လျှင် ရေ မျက်နှာပြင်အထက် အတော်မြင့်တက်နေပေပြီ။ မွန်းတည့်နေ၏ အပူရှိန် ရောင်ပြန်ဟပ်မှုကြောင့်လား မသိ။ မြစ်ကူးတံတား ပတ်ဝန်းကျင် မြင်ကွင်းသည် မှုန်ပျပျနိုင်လွန်းလှသည်။ ဆည်းဆာ ချိန်ရောက်ရင်တော့ အတော်လှမယ့် မြင်ကွင်းပေပဲ။ယခုတော့ အလင်းများလွန်းသဖြင့် မျက်စိများပင် ကျိန်းစပ်ချင်ချင်။ မြင်ကွင်း ကိုပင် စူးစူး စိုက်စိုက်ကြည့်၍ အရသာ မခံရဲ။

ကျွန်တော်စီးလာသော အဝေးပြေးကားကြီးသည် ဧရာဝတီ မြစ်ကြောအတိုင်း တောင်ဘက်သို့ ပြန်စုန်ဆင်းနေသည်။ ဧရာဝတီမြစ် အနောက်ဘက်ကားလမ်းမှာ အရှေ့ဘက် ကားလမ်း လောက် မချောမွေ့။ တောင်ဆင်း တောင်တက်တွေလည်း ရှိနေ သည်။ သို့နှင့်ကားသည် နေပူကျဲကျဲတွင် တလိမ့်လိမ့်နှင့် ခရီးဆက် နေရသည်။ ကျွန်တော်သည် ကားပေါ်တွင်ထိုင်နေရင်းမှ သွေ့ခြောက်နေသော ပတ်ဝန်းကျင်ကို လှမ်းကြည့်ဖြစ်သည်။ ပူလောင်ပြင်းပြမှုက ရိုက်ခတ်လာသည်သို့ရှိ၏။အသင့်ပါလာ သော ရေသန့်ဗူးကို မကြာခဏဖွင့်သောက်နေရသည်။ သည်လိုနှင့် နောက်ထပ်လေးနာရီလောက် ကားစီးရဦးမည်။ အိပ့်အိပ့်နှင့် ခရီးနှင်ရဦးမည်။ ဘာပဲပြောပြော ညနေ(၅) နာရီကျော်လျှင်တော့ ကျွန်တော်သွားလိုသော ခရီးဆုံးသို့ ရောက်သွားပေမည်။

မြန်အောင်မြို့။

ကျွန်တော်သည် မြန်အောင်မြို့သို့ တစ်ခေါက်မျှ မရောက်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခဲ့ဖူးပေ။ ခေတ်ငွေ့ပိုက်လိုင်းများရှိ၍ စွမ်းအင်ကိစ္စ အဆင်ပြေသော မြို့တစ်မြို့ဟုသာ ကြားခဲ့ဖူးသည်။ ဘီလပ်မြေစက်ရုံရှိသည့် ကြခင်းနှင့် မြန်အောင်သည်လည်း အလှမ်းမဝေးလှ။ ပုသိမ်၊ ဟင်္သာတဘက်မှ မြောက်ဘက်တက်လာလျှင်လည်း မြန်အောင်သို့ ရောက်နိုင်သည်။ ယခုပြည်ဘက်မှ တောင်ဘက်ဆင်း လိုက်လျှင်လည်း ပန်းတောင်း၊ ကြခင်းကို ဖြတ်၍ မြန်အောင်သို့ ရောက်နိုင်သည်။ တစ်နည်းအားဖြင့် မြန်အောင်သည် အတွင်းဘက်ကို အနည်းငယ်ဝင်နေသယောင် ရှိသည်။ တကယ်တော့ မြန်အောင်သည် ရန်ကုန်–ပြည် ကားလမ်းပေါ်ရှိ ဇီးကုန်းမြို့နှင့်တည့်တည့် ဧရာဝတီမြစ်ဟိုဘက်ကမ်း သည်ဘက်ကမ်းတွင် တည်ရှိနေခြင်း ဖြစ်သည်။ မြစ်ကူးတံတားရှိရာသို့ လာနေရ၍သာ ဇီးကုန်း၊ နတ္တလင်း၊ ပေါင်းတည်၊ အင်းမ၊ ရွှေတောင်၊ ပြည်မှတစ်ဆင့် နဝဒေးတံတားကို ဖြတ်၍ တောင်ဘက်သို့ ပြန်ဆင်းရခြင်းပင်။ အောက်ဘက်ကျပြန်တော့လည်း ညောင်တုန်းမြို့ရှိ ဧရာဝတီမြစ်ကူးဗိုလ်မြတ်ထွန်းတံတားကို ဖြတ်၍ ဇလွန်၊ဟင်္သာတမှ တစ်ဆင့် မြန်အောင်သို့ လာရမည့် ခရီးမှာလည်း မနည်းလှ။ ဒါတောင် မြစ်ကူးတံတားတွေ ပေါ်ထွန်းလာ၍သာ တော်တော့သည်။ သို့မဟုတ်ပါက ဇက်ဖြင့်ကူးနေရပေဦးမည်။ ထို့ကြောင့် မြန်အောင်ကို အချို့က ကုန်းတွင်းပိတ်မြို့ဟု ခေါ်ကြခြင်းဖြစ်သည်။

★★★★★





(၂)

ကောင်းပြီ။ ကျွန်တော်နှင့် မြန်အောင်သည် မည်သို့ ဆက်စပ်လာရပြန်ပါသနည်း။

တကယ်တော့ လွန်ခဲ့သော တစ်နှစ်ကျော်လောက်ကတည်းက ကျွန်တော် မြန်အောင်သို့ ရောက်ခဲ့ဖို့ ဖြစ်သည်။ မြန်အောင်၌ မဟာစည် သြဝါဒခံ မဟာစည်ရိပ်သာတိုက်ခွဲကြီး ရှိသည်။ လေးမျက်နှာဆရာတော် ဦးပညိန္ဒာဘိဝံသ ထူထောင်ထားခြင်း ဖြစ်သည်။ဆရာတော် ဦးပညိန္ဒာဘိဝံသသည် မဟာစည်နာယကဆရာတော်များတွင် တစ်ပါးအပါအဝင် ဖြစ်သည်။ ဆရာတော်သည် ရန်ကုန်မြို့၊ မဟာစည်ရိပ်သာကြီးတွင် တရားဟော၊ တရားပြခဲ့စဉ်က ကျွန်တော့်မိခင်သည် ဆရာတော်၏ တပည့်ဒကာမ ဖြစ်ခဲ့သည်။ ကျွန်တော့် မိခင်ကို အကြောင်းပြု၍ ဆရာတော်နှင့် ကျွန်တော်သည် မဟာစည်ရိပ်သာကြီးတွင် နှစ်ကြိမ်၊ သုံးကြိမ် ဆုံဖြစ်ခဲ့သည်။ မိခင်ကြီးက ကျွန်တော်ရေးသားခဲ့သမျှ စာအုပ်တွေကို ဆရာတော်ထံ ဓမ္မဒါနအဖြစ် ဆက်ကပ်သည်။ ဆရာတော်က စိတ်ဝင်တစား ဖတ်သည်။ စာကို စိတ်ဝင်စားရာမှတစ်ဆင့် လူပုဂ္ဂိုလ်ကိုပါ စိတ်ဝင်စားလာသည်။ ဆရာတော်၏ 'နိဝါတ' ခေတ်ကားသည်မျှနှင့် ရပ်တန့်မနေ။ ကျွန်တော့်ကို မြန်အောင်လာဖို့ ဖိတ်ခေါ်သည်။ ဓမ္မဆိုင်ရာ၊ ဓမ္မအတွေ့အကြုံတွေကို လာရောက်ဟောပြောဖို့ ဖိတ်ခေါ်သည်။ကျွန်တော် အတန်တန်ငြင်းသည်။ ကျွန်တော်သည် ဓမ္မဆိုင်ရာ အသိအမြင်တို့၌ နုနယ်လှပါသေးသည်။ ဆရာတော်က မဟာကမ္မဋ္ဌာနာစရိယပေပဲ။ ဆရာတော်တို့



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကိုယ်တိုင်ပြသနေမှတော့ တပည့်တော် မလိုပါဘူးဟု လျှောက်ထားသော်လည်း မရ။ ပြောပုံချင်းဘယ်တူပါ့မလဲဟု ဆရာတော်က မိန့်သည်။ သို့နှင့် ငြင်းမရသည့်အဆုံး ဟောပြောပွဲအတွက် ကတိပေးလိုက်ရသည်။ သို့သော် ဟောပြောပွဲကား ဖြစ်မြောက်မလာခဲ့။ အကြောင်းမှု ဆရာတော်အားလပ်သည့်ရက်နှင့် ကျွန်တော်အားလပ်သည့်ရက် မတိုက်ဆိုင်သောကြောင့်ပင်တည်း။ ဆရာတော်၏ သာသနာပြုလုပ်ငန်းမှာလည်း မြန်မာပြည် နေရာအနှံ့၌ ရှိသည်။ ခရီးအတန်တန်သွားရသည်။ မြန်အောင်တွင် သီတင်းသုံးရသည်ဟူ၍ သိပ်မရှိလှ။ ယုတ်စွအဆုံး နိုင်ငံခြားခရီးစဉ်ရှိနေလျက်က ပြည်တွင်းသာသနာပြုလုပ်ငန်းနှင့် တိုက်ဆိုင်နေ၍ မကြွဖြစ်ခဲ့ရ။ သည်လိုနှင့် ဆရာတော်ကလည်း မအား။ ကျွန်တော်ကလည်း စာအုပ်ကိစ္စ၊ မဂ္ဂဇင်းကိစ္စ၊ ရိုပ်သာဝင်ရသည့်ကိစ္စတွေနှင့် အချိန်ကွက်လပ်ဟူ၍ မရှိ။ ထို့ကြောင့်ပင် အကြောင်းမတိုက်ဆိုင်သဖြင့် တစ်နှစ်ကျော်ခန့် ကြာသွားသည်။ ဟောပြောပွဲလည်း မလုပ်ဖြစ်ခဲ့။ ကျွန်တော်သည်လည်း မြန်အောင်သို့ မရောက်ဖြစ်ခဲ့။

ယခုတော့ ကျွန်တော် မြန်အောင်သို့ ရောက်ခဲ့ရပြီ။ သို့သော် ဟောပြောပွဲအတွက်တော့ မဟုတ်။ အခြားအကြောင်းကိစ္စတစ်ခုဖြင့်သာ မြန်အောင်သို့ ရောက်ခဲ့ခြင်းဖြစ်သည်။ တစ်ခုတော့ရှိသည်။ ကျွန်တော်မြန်အောင်သို့ လာဖြစ်ခဲ့ခြင်း မူရင်းကိစ္စပြီးပါက ဆရာတော်ဦးပညိန္ဒာဘိဝံသအား ကတိပေးထားသည့်အတိုင်း ဟောပြောပွဲဖြင့် ဆရာတော့်ဆန္ဒကို ဖြည့်စွက်ပါမည်





ဟူသော ရည်ရွယ်ချက်လည်း ပါရှိခဲ့သည်သာ။

သို့ဆိုလျှင် မြန်အောင်သို့ ကျွန်တော်ရောက်လာခဲ့ရခြင်း၏ မူရင်း ကိစ္စ၊ မူရင်းရည်ရွယ်ချက်မှာ အဘယ်နည်း။

(၃)

စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက်တွင် ဝိပဿနာဉာဏ် အလှူပေးတရားပွဲကို (၁၄)ညတိုင် ကျင်းပခဲ့သည်။တရားဟောကြားပြသသည့် ဆရာတော်မှာ အောင်ဆန်း တပ်ဦးကျောင်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ ဖြစ်သည်။ကျွန်တော် အငြိမ်းစားမယူသေးမီကတည်းက အောင်ဆန်းဆရာတော်က အောင်ဆန်းမိုးကုတ်ရိပ်သာ၌ တရားလာအားထုတ်ဖို့ မကြာခဏဖိတ်ခေါ်သည်။ ကျွန်တော် မရောက်ဖြစ်ခဲ့။အောင်ဆန်း မိုးကုတ်ရိပ်သာဝင်မည်ကြံတိုင်း ကျွန်တော့် ခြေလှမ်းတွေက မှော်ဘီ ချမ်းမြေ့ရိပ်သာဆီသို့သာ ဦးလှည့်သွားတတ်သည်။ မိုးကုတ်ဝိပဿနာနှင့် ကျွန်တော် မယဉ်ပါးတာလည်း ပါသည်။ အဓိကမှာ စက်ဝိုင်းကြီးဖြစ်သည်။ ရိုးရိုးသားသားဝန်ခံ ပြောဆိုရလျှင် ထိုစက်ဝိုင်းကြီးကို ကျွန်တော် နားမလည်။ ပဋိစ္စသမုပ္ပါဒ်နှင့်ပတ်သက်၍ မဟာစည်ဆရာတော်ကြီး၏ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ကျွန်တော်ဖတ်ခဲ့ပြီးပြီ။ လယ်တီ ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ် ဒီပနီ၊ ညောင်လေးပင်ဆရာတော် ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်အရသာ စာအုပ်များကိုလည်း မြည်းစမ်းခဲ့ပြီးပြီ။ အဝိဇ္ဇာပစ္စယာသင်္ခါရာ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မှသည် ဓာတ်၊ဇရာ၊မရဏအထိ ပဋ္ဌိစ္စသမုပ္ပါဒ် အကြောင်းနှင့်အကျိုး ကြောင့် သံသရာလည်ပုံကို အတန်အသင့်တော့ သဘောပေါက် ထားသည်။ သို့သော် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းကိုမူ ကျွန်တော် နားမလည်ခဲ့။ သည် ကွက်လပ်ကို ကျွန်တော် ဖြည့်ချင်နေသည်။

ကျွန်တော်သည် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ရှုနည်းကျမ်း၊ ဝိသုဒ္ဓိမဂ်ကျမ်းများ၊ ဗောဇ္ဈင်သုတ်၊ ဖြဟ္မဝိဟာရတရားတော်၊ သီလဝန္တသုတ်စသည့် မဟာစည် ရိပ်သာထွက် စာအုပ်အတော်များများကို ဖတ်ရှုလေ့လာကာ မဟာစည်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကို အားကျ ကြည်ညိုခဲ့ပါသည်။ သို့သော် မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားများကိုမူ ကျွန်တော်သည် လေ့လာမှုအားနည်းသေးသဖြင့် ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကို အပြည့်အဝ အားကျ ကြည်ညိုခွင့် မရသေးပါ။ သို့နှင့် မိုးကုတ် ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကို အားကျကြည်ညိုလိုစိတ်သည် ကျွန်တော့်ထံ၌ ဖြစ်ပေါ်လျက်ရှိနေသည်။

ယခု အခါအခွင့်သင့်ပေပြီ။သည်အခွင့်အရေးကို လက်လွတ်ခံ၍ မဖြစ်တော့။ အောင်ဆန်းဆရာတော်၏ မေတ္တာ ရှေ့ထား စေတနာတရားဖြင့် ဟောကြားပြသသည့် ဝိပဿနာဉာဏ် တရား အလှူပေးပွဲ (၁၄)ရက်စလုံး ကျွန်တော် မပျက်မကွက် သွားရောက်ခဲ့သည်။ ကျွန်တော့်မိသားစုပါ တစ်ပါတည်း နာကြား ကြသည်။ အောင်ဆန်းဆရာတော်၏ ရှင်းလင်းပြသမှုကြောင့်





ကျွန်တော်တို့သည် မိုးကုတ်ဆရာတော်ကြီး၏ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်း ကြီးအတွင်းသို့ ရဲဝံ့စွာ ချဉ်းကပ်နိုင်ခဲ့ကြပေပြီ။ နားလည် သဘောပေါက်သွား သောအခါ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကိုလည်း တလေးတစား အားကျကြည်ညိုခွင့်ရသွား တော့သည်။ ဟောကြားရှင်းလင်းပြသပေးသူ အောင်ဆန်းဆရာ တော်ကိုလည်း ကျေးဇူးတင်မိပါ၏။ တရားပွဲဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ကြသော ကံမြင့်ကျောင်းတိုက် တရားပွဲဖြစ်မြောက် ရေးအဖွဲ့ကိုလည်း ကျေးဇူးတင်ရပါ၏။

သည်တရားပွဲအတွင်း၌ပင် ခေတ္တနားချိန်များ၌ ဆရာတော်ထံ ချဉ်းကပ်၍ သိလိုသည်များ မေးမြန်းလျှောက်ထား ခွင့်ရခဲ့သည်။ သို့နှင့် စကားစပ်မိရင်းမှ မြန်အောင်မြို့၌ (၁၀)ရက် စခန်းရှိကြောင်း၊ ဆရာတော် ကိုယ်တိုင်သွားရောက်၍ တရား ဟောကြား ပြသမည်ဖြစ်ကြောင်းနှင့် မြန်အောင် မိုးကုတ်ဝိပဿနာ ပြန့်ပွားရေး အဖွဲ့ခွဲ အမှတ်(ရ၁)တည်ရှိရာ နန္ဒဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသွားခဲ့သော နန္ဒဝန်ဆရာတော်ကြီးသည် လွန်ခဲ့ သော(၈)နှစ်ခန့်က ခန္ဓာဝန်ချသွားခဲ့ရာ ဓာတ်တော်များ ကြွင်းကျန် သွားခဲ့ကြောင်း စသည်တို့ကို သိရှိလာခဲ့သည်။ ကျွန်တော် အချိန်ဆိုင်း၍ မဖြစ်တော့ပါ။ မိုးကုတ်ဝိပဿနာတရားစခန်းကို ဝင်ဖြစ်အောင် ဝင်တော့မည်။ နေရာရွေး၊ အချိန်ရွေး၊ ဆရာရွေး နေတုန်း သေသွားလျှင် အခက်။ ဘယ်နေ့ သေမယ်ဆိုတာ ကိုယ့် ကိုယ်ကို မခန့်မှန်းနိုင်။ အသေမဦးမီ ဉာဏ်ဦးအောင် အမြန် အားထုတ်မှ ဖြစ်ပေတော့မည်။ ပြီးတော့ မိုးကုတ်ဝိပဿနာ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အားထုတ်ရင်းမှ ခတ်တော်ကြွင်းကျန်သည်အထိ သက်သေပြသွားနိုင်ခဲ့သော မြန်အောင်မြို့ နန္ဒဝန်ဆရာတော်ကြီး၏ အကြောင်းကိုလည်း အသေးစိတ် သိချင်နေမိသည်။ သို့နှင့် အောင်ဆန်းဆရာတော်နှင့်အတူ မြန်အောင်သို့ လိုက်ပါမည့်အကြောင်း တရားပွဲရက်အတွင်း၌ပင် ကျွန်တော် ကတိပေးဖြစ်ခဲ့သည်။

ဤသို့ဖြင့် အရှိန်ရလက်စ မိုးကုတ်ဝိပဿနာတရားကို ဆက်လက် အားထုတ်ရန်၊ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်း ဒေသနာကို ပိုမိုကျေညက်နားလည် စေရန်၊ တရားအားထုတ်ရင်းဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကို လေးမြတ်စွာ ကြည်ညိုနိုင်ရန်၊ မြန်အောင်နန္ဒဝန်ဆရာတော် ဘုရားကြီး ခတ်တော်ကြွင်းကျန်ရစ်သည့် ဘူမိနက်သန်အောင်မြေ၌ တရားအားထုတ်ဖြစ်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြန်အောင်မြို့သို့ ကျွန်တော် ရောက်ရှိခဲ့ရခြင်းပါပေ။

(၄)

နံနက်(၈)နာရီကတည်းက ရန်ကုန်မြို့မှထွက်လာသော အဝေးပြေး ကားကြီးသည် မြန်အောင်သို့ ညနေ(၅)နာရီခွဲမှ ရောက်ဖြစ်တော့သည်။ မှောင်ရီပျိုးစ ဖြစ်နေပေပြီ။မရောက်ဖူးသေးသော မြို့ဖြစ်သဖြင့် အသိမိတ်ဆွေကိုတော့ မျှော်လင့်မိသည်။ သို့သော် လောလောဆယ် မည်သူနှင့်မျှ မဆက်စပ် မိသေး။သို့နှင့် ဆိုက်ကားတစ်စီးငှားကာ နန္ဒဝန်ကျောင်းသို့ လိုက်ပို့ခိုင်းရသည်။

နန္ဒဝန်ကျောင်းတိုက်အတွင်းသို့ ဝင်လာကတည်းက





အေးချမ်းတည်ငြိမ်သောရသကို ခံစားရသည်။ အေးချမ်းတည်ငြိမ်သောခတ်သည် နန္ဒဝန်ကျောင်းတိုက်ဝင်းအတွင်း၌ ဖြစ်ထွန်းတည်ရှိနေသည်မှာ ကြာမြင့်လှရော့မည်။ ကျွန်တော်က အခုမှရောက်ဖြစ်၍ သိရှိခံစားမိခြင်း ဖြစ်သည်။

ဆောင်ဆန်းဆရာတော်ကို ခတ်တော်တိုက်အတွင်း၌ပင် ဖူးတွေ့ ရသည်။ ကျွန်တော် လိုက်လာဖြစ်ခဲ့သဖြင့်လည်း ဆရာတော်သည် ဝမ်းသာအားရ ရှိနေပေသည်။ ခရီးရောက်မဆိုက်ပင် နန္ဒဝန်ဆရာတော်ကြီး၏ ခတ်တော်တိုက်အတွင်းမှ ခတ်တော်များ၊ ပုံတော်များနှင့် ဇျာပနမှတ်တမ်း ခတ်ပုံများကို လေ့လာကြည့်ရှု ကြည်ညိုခွင့်ရခဲ့သည်။

ဘုရားရှင်၏ အဆုံးအမ ဒေသနာအတိုင်း ကျင့်ကြံအားထုတ်သွားခဲ့သဖြင့် ခတ်တော်ကြွင်းကျန် သက်သေပြသွားခဲ့သော မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း ယုံကြည်လေးစားစွာ ကျင့်ကြံအားထုတ်ခဲ့သဖြင့် ထပ်ဆင့်၍ ကိုယ်တိုင် ခတ်တော်ကြွင်းကျန် သက်သေပြသွားခဲ့ပြီဖြစ်သော နန္ဒဝန်ဆရာတော်ဘုရားကြီးတို့၏ ဂုဏ်ဗြပ်တို့ကား ကြည်ညိုလေးမြတ်၍ မဆုံးနိုင်ပေပြီ။

ယခုအခါ ကိလေသာရန်သူတို့ကို အောင်ရာ အောင်မြေပေါ်၌ ကျွန်တော် ရောက်ရှိ ခြေချနေရပြီ။ သို့သော် ကျေနပ်နေရုံ၊ ဝမ်းသာပီတိ ဖြစ်ရုံနှင့် မပြီးသေး။ကျွန်တော်တို့သည် ကျွန်တော်တို့ ကြည်ညိုလေးမြတ်သော ဆရာသမားများကဲ့သို့ ကျင့်ကြံကြိုးကုတ် အားထုတ်ရပေဦးတော့မည်။



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

သို့ဖြင့် ကျွန်တော်သည် မြန်အောင် နန္ဒဝန်ကျောင်းတိုက် အတွင်း၌ မိုးကုတ်ယောဂီတစ်ဦးအဖြစ်သို့ ဆယ်ရက်တိုင်တိုင် ရောက်ရှိသွားလေတော့သည်။

(၅)

နေရာဌာနတစ်ခုကို ရောက်သောအခါ ထိုနေရာဌာနကို အစွဲပြု၍ ခေါ်ဝေါ်သုံးစွဲရသော စကားလုံးအသုံးအနှုန်းအရ မိုးကုတ်ယောဂီဟု ခေါ်လိုက်ရခြင်းပါပေ။ မဟာစည်ရိပ်သာ ရောက်တော့လည်း မဟာစည်ယောဂီ။ နတ်တလူတောရရောက်တော့လည်း နတ်တလူယောဂီ။ အလိုတော်ပြည့်ရောက်တော့လည်း အလိုတော်ပြည့်ယောဂီ။ ချမ်းမြေ့ရိပ်သာရောက်တော့လည်း ချမ်းမြေ့ယောဂီ။ ဖားအောက်တောရ ရောက်တော့လည်း ဖားအောက်ယောဂီ။ ရွှေဥမင်ဓမ္မသုခတောရရိပ်သာ ရောက်တော့လည်း ရွှေဥမင်ယောဂီ။ဆရာကြီး ဦးဘခင်၏ IMC (International Meditation Centre) သို့ ရောက်တော့လည်း IMC ယောဂီပဲပေါ့။

ကျွန်တော်သည် ရိပ်သာအတော်များများသို့ ဝင်ရောက်ခဲ့ဖူးသဖြင့် ထိုရိပ်သာတို့၏ အခေါ်အဝေါ် စကားလုံးများအတိုင်း ကျွန်တော့်ကိုယ် ကျွန်တော် အခေါ်ခံခဲ့ရဖူးပါသည်။ တစ်နည်းအားဖြင့် ရိပ်သာအမည်ကွဲ အမျိုးမျိုး၏ ဆိုင်းဘုတ် (အမည်နာမပညတ်) အောက် ရောက်လေတိုင်း အနီးရိပ်သာ၏ ယောဂီအဖြစ် ယာယီ သတ်မှတ်ခံခဲ့ရခြင်း ဖြစ်ပါသည်။ ရိပ်သာ တစ်ခုနှင့်တစ်ခု စည်းကမ်း စနစ်ချင်း မတူညီကြ။ ဒါကလည်း သက်ဆိုင်ရာရိပ်သာ ထူထောင်





သူ ဆရာတော်များနှင့် ကမ္မဋ္ဌာနာစရိယ လူပုဂ္ဂိုလ်တို့၏ဉာဉ်၊ စရိုက်၊ ဝါသနာ၊ နောက်ခံပါရမီ အကြောင်းတရား ကွာခြားမှုကြောင့်ဖြစ်မည်။သို့သော် သတိပဋ္ဌာန်တရားတော်ကို ကျင့်ကြံအားထုတ်သည့် အရာ၌မူ အတူတူ ပင် ဖြစ်ပါသည်။ ဆိုရလျှင် သံတူ ကြောင်းကွဲမျှသာတည်း။ ဆင်တူ အရောင် ကွဲမျှသာတည်း။

ဘုရားရှင်၏ အဆုံးအမ ဒေသနာများထဲမှ မိမိစရိုက်နှင့် ကိုက်ညီသော ကမ္မဋ္ဌာန်းကို ဆုံးခန်းတိုင်အောင် အားထုတ်ပြီးစီး၍ ကိလေသာရန် အပေါင်းကို အောင်မြင်နိုင်နင်းသွားတော်မူခဲ့သော ဆရာတော် သမားတော်များ အနေဖြင့်မူ မည်သူ့ကိုမျှ –

ဆွယ်တရား ဟောလိမ့်မည်မဟုတ်ဟု ကျွန်တော်ထင်ပါသည်။

''ငါ့ရိပ်သာမှာ လာအားထုတ်ကွ၊ ဘယ်ရိပ်သာမှာတော့ သွား အားမထုတ်နဲ့၊တရားရနိုင်မှာ မဟုတ်ဘူး''ဟု အတ္တကိုရှေ့တန်းတင်သော စကား များကို အနတ္တဉာဏ်ထင်လင်းသူတို့ ပြောဆိုကြလိမ့်မည် မဟုတ်ပါ။ ''တို့ ကတော့ ဘုရားဟောတဲ့အထဲက ဘယ်တရားလေးကို ဘယ်လိုအားထုတ်လို့ သည်လို အသိထူး၊ ဉာဏ်ထူး ရသွားတာပေါ့ကွ''ဟုလည်း မည်သူမျှ ဖွင့်ဟ ထုတ်ဖော် ပြောဆိုကြလိမ့်မည် မဟုတ်ပါ။ သို့သော် မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်ခဲ့သည့် နည်းလမ်းပေါ်၌ ဉာဏ်ပွင့်ခဲ့ကြသူတို့သည် ထိုနည်းလမ်း၊ ထိုလမ်းကြောင်းအပေါ် မူတည်အခြေပြုကာ တရားဓမ္မအဖြစ် ပြန်လည် ဟောကြားကြမည်သာ။ ထိုနည်းလမ်း၊ ထိုလမ်းကြောင်းပေါ်၌ ကိုယ်နှင့်ကိုက် မကိုက်၊ ကိုယ်က လိုက်နိုင် မလိုက်နိုင်မှာ သက်ဆိုင်ရာယောဂီ၏ တာဝန်သာ ဖြစ်ပါသည်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကျွန်တော်သည် ရိပ်သာများသို့ ရောက်လေတိုင်း မည်သည့် ရိပ်သာသည် သတိပဋ္ဌာန်တရားတော်ကို မည်သည့် ရှုထောင့်မှ မည်သို့ ဟောကြားသည်။ ကမ္မဋ္ဌာနာစရိယတို့၏ ဟောညွှန်ပြသပုံတို့သည် မည်သို့ရှိ သည်။ ရိပ်သာဝင်ယောဂီတို့၏ ခံယူချက်သည် မည်သို့ရှိကြသည် စသည်ဖြင့် လေ့လာသိရှိခွင့် ရခဲ့ပါသည်။သက်ဆိုင်ရာ ရိပ်သာစည်းကမ်းအတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်ကြံအားထုတ်ရင်းမှ တစ်ဖက်ကလည်း ပတ်ဝန်းကျင်ကို လေ့လာဖြစ်ခဲ့ပါသည်။

ထိုသို့ လေ့လာဖြစ်ခဲ့ရာမှ တစ်စုံတစ်ခုသော အကျိုးကို ကျွန်တော် ထိုက်ထိုက်တန်တန်ရခဲ့သည်ဟု ဆိုချင်ပါသည်။ ၎င်းမှာ နေရာအစွဲ၊ ဌာနအစွဲ၊ ပုဂ္ဂိုလ်အစွဲ၊ အမည်နာမအစွဲ စသည့် ပညတ်အာရုံပြု၍ ပုံဖော်သော အသိ ဉာဏ်ထက် နေရာအစွဲ၊ ဌာနအစွဲ၊ ပုဂ္ဂိုလ်အစွဲ၊ အမည်နာမအစွဲ မပါဘဲ ပရမတ်ကို အာရုံပြုတတ်အောင် လေ့ကျင့်မွေးမြူတည်ထောင်ရင်းမှ ရလာသော အသိဉာဏ်က ပိုမိုလေးနက်သည်ဟူသော အသိတရား ပင်တည်း။

သို့နှင့် ဆရာတော်၊ သံဃာတော်အားလုံးသည်ပင် သံဃံ သရဏံ ဂစ္ဆာမိ၌ အကျုံးဝင်သည်ဟု သိမြင်ခံစားလာခဲ့မိပါသည်။ ထိုအခါ သံဃာတော် တို့၏ဂုဏ်ကို အာရုံပြု ကြည်ညိုတတ်လာခဲ့လေသည်။ဆရာသမားတို့၏ ဂုဏ် ကိုလည်း အာစရိယဂုဏော အနန္တောဖြင့် လေးမြတ်ကြည်ညိုတတ်လာခဲ့ သည်။ ထိုသူကား ငါ့ဆရာ၊ ထိုသူကား ငါ့ဆရာ မဟုတ်ဟူသော အစွဲထားခြင်း မျိုးလည်း မရှိတော့ပြီတည်း။ ဘုရားရှင်၏ အဆုံးအမဒေသနာ





များအတိုင်း ကျွန်တော့်ထက်ဦးစွာ ကျင့်ကြံအားထုတ်ကြိုးစားရင်းမှ တရားထူး တရားမြတ်များကို သိမြင်သွားခဲ့သော ဆရာတော်၊ သံဃာတော်များနှင့် လူပုဂ္ဂိုလ် ဆရာသမားတို့၏ နှလုံးအိမ်၌ ကိန်း ဝပ်တည်ရှိသွားခဲ့သော ဓမ္မ၏ ဂုဏ်ကိုလည်း မှန်းဆကြည်ညို ဦးခိုက်မိပါသည်။ဤသည်မှတစ်ဆင့် ဓမ္မံ သရဏံ ဂစ္ဆာမိ သည်လည်း ကျွန်တော်၏ နှလုံးအိမ်၌ ပိုမိုဖြစ်ထွန်းတည် ရှိလာသည်ဟု ထင်ပါသည်။ ထို့ထက်ပို၍ မူလတရားပိုင်ရှင်ဖြစ်တော်မူသော (သစ္စာတရားကို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူသွားခဲ့ သော) ဘုရား ရှင်၏ ဂုဏ်တော်အနန္တ၊ ဉာဏ်တော် အနန္တ၊ ကံတော်အနန္တတို့ကိုလည်း ကြည်ညိုလေးမြတ်၍ မဆုံးနိုင်ပေပြီ။ တစ်နည်းအားဖြင့် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ကို မည်သည့်အတွေး မည်သည့်စကားတို့ဖြင့် တန်ဖိုးဖြတ်စေကာမူ ဖြတ်၍ မကုန်နိုင် ပြီတည်း။

ပုဂ္ဂလစွဲမထားသောအခါ၊ ကျွန်တော့်ထက်ဦးစွာ သတိပဋ္ဌာန်တရားကို အားထုတ်ခဲ့သူများအားလုံးကို ကျွန်တော်၏ ဆရာသမားများအဖြစ် နှလုံးသွင်းခံယူမိသောအခါ၊ ကျွန်တော့်မှာ ပိုမို၍ လွတ်လပ်သွားတော့သည်။ ဤနေရာတွင် ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ဆုံးမစကားကို ပြန်လည် ကြားယောင်မိပါသည်။ နတ်တလူတောရစခန်းတွင် တရား အားထုတ်ခဲ့စဉ်က ဖြစ်သည်။ တရားစခန်းသိမ်းခါနီး ဆရာတော် ကြီးထံ နှုတ်ဆက်စဉ် ကျွန်တော်က ဤသို့လျှောက်ထားမိသည်။

''အရှင်ဘုရား၊ တပည့်တော်ရဲ့ ဥပဇ္ဈာယ်ဆရာအဖြစ် တပည့်တော် အပေါ် ဆုံးမတော်မူပါဘုရား''



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



''ဟင် –ကျုပ်က ဘာဖြစ်လို့ ခင်ဗျားရဲ့ ဥပဇ္ဈာယ်ဆရာ ဖြစ်ရမှာတုံး၊ ကျုပ်က အဝေးမှာနေတာဗျ၊ ခင်ဗျားကိုယ်ထဲမှာ နေတာ၊ ခင်ဗျားနဲ့ အတူတူ နေတာက ခင်ဗျားရဲ့ **'သတိ'**ပဲ၊ ခင်ဗျားရဲ့ **'သတိ'**ကို ခင်ဗျားရဲ့ ဥပဇ္ဈာယ် ဆရာ လုပ်နိုင်းပါဗျာ''

ပုဂ္ဂိုလ်စွဲ၊ ဆရာစွဲ၊ တပည့်စွဲ မထားစေရန် ဓမ္မကိုသာ အာရုံပြုတတ်စေရန်၊ သတိကိုသာ ရှေ့တန်းတင် တန်ဖိုးထားရန် ဆရာတော်ကြီး ဆုံးမလိုက်ပုံတည်း။ မည်မျှ တန်ဖိုးရှိလိုက်ပါ သနည်း။ တစ်သက်လုံး သေရာပါသည်အထိ နှလုံးသွင်းခံယူသွားရမည့် အဆုံးအမပင်တည်း။ ဆရာကောင်းသမားကောင်းများဖြင့် ဤသို့ တွေ့ကြုံခဲ့ရသဖြင့်လည်း ကျွန်တော်သည် ပုဂ္ဂိုလ် ထက် ဓမ္မကို အာရုံပြုတတ်သည့် အလေ့အကျင့်ဘက်၌ ပိုမိုအားသန်ခဲ့ရပါသည်။

ကျွန်တော် ယခုကဲ့သို့ အရှည်တဝေးရေးပြနေရခြင်းမှာ အကြောင်းရှိပါသည်။

ကျွန်တော်သည် မိုးကုတ်ဝိပဿနာနှင့် မိုးကုတ် ဆရာတော် ဘုရား ကြီး၏ ဉာဏ်တော်တို့ကို အနှောင်အဖွဲ့ အစွဲကင်းလွတ်စွာ လေ့လာကြည့်ညိုလိုသောကြောင့် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ကျွန်တော်သည် မိုးကုတ်ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် အသိအမြင်လင်းထင် အရဟတ္တမဂ်ဉာဏ်ဝင်ခဲ့သော လမ်းကြောင်းပေါ်မှတစ်ဆင့် ဓမ္မကို ပူဇော်လိုသော စေတနာသဒ္ဓါရတို့ ဖြစ်ပေါ်လာခဲ့သောကြောင့်ပင်တည်း။






http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



(၆)

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မဒေသနာများကား လေ့လာ ကြည်ညို၍ မဆုံးနိုင်ပေ။ တရားတိပ်ခွေတွေက ထောင်နှင့်ချီပြီး ရှိနေသည်။ ထိုတရားတိပ်ခွေတို့ကို လုံးကောက်ဖေါ်၍ ထုတ်ထားသော စာအုပ်တွေ ကလည်း မနည်းလှပေ။ စာမျက်နှာတွေ သောင်းနှင့်ချီပြီး ဖတ်ရပေမည်။ ပြီးတော့ တရားတွေကလည်း ''တရားသား'' ချည်းသက်သက် ဖြစ်သည်။ အပို အဖွဲ့အနွဲ့တွေ မပါ။ အားလုံး တဲ့တိုးချည်းပင်။ ဆရာတော်ကြီးသည် တပည့် ဒကာ၊ ဒကာမများအပေါ် မေတ္တာကရုဏာ ကြီးမားစွာဖြင့် သံသရာလွတ်ရာ၊ ဒုက္ခချုပ်ငြိမ်းရာ၊ ဘဝကုန်ရာ၊ တရားဆီမီးများကို ထွန်းညှိပြသပေးခဲ့သည်။ တပည့် ဒကာ၊ ဒကာမများအပေါ်





အားမလို အားမရစိတ်ဖြင့် မနေမနား ဆုံးမသွားတော်မူခဲ့သော တရားစကားများမှာလည်း ပြတ်သားလှပါဘိ။

ဆရာတော်ကြီး သက်တော်ထင်ရှားရှိခဲ့စဉ်က ဆရာတော်ကြီးသည် တစ်ချိန်ကျလျှင် ခေတ်တော်ကြွင်းကျန်၊ မီးမခမျက်လုံးများဖြင့် သက်သေပြကာ ဆရာတော်ကြီး ဟောညွှန်ခဲ့သလို ကိုယ်တော်တိုင် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာသို့ အပြီးတိုင်နိုလုံ့ရောက်ရှိသွားမည်ဟု မည်သူမျှ မရိပ်မိခဲ့ကြ။ ဆရာတော်ကြီးလွန်လေမှပင် ဆရာတော်ကြီးထားရစ်ခဲ့သော သက်သေသာဓကများကို ကြည့်၍ ဆရာတော်ကြီးသည် ကိလေသာကင်းဝေးရာ ခန္ဓာဇာတ်သိမ်းရာ နေရာမှရပ်ကာ တရားတော်များကို ဟောညွှန်ပြသွားခြင်းပါလားဟု သိခွင့်ရတော့သည်။

ရခဲလှသော လူ့ဘဝနှင့် ကြုံရခိုက် ထို့ထက်ပို၍ ရခဲလှစွာသော ဘုရားသားတော် ရှင်ရဟန်းဘဝကို ရခိုက်ကလေးမှာ မိမိဆောင်ရွက်ရမည့် ကိစ္စအဝဝကို ဘုရားရှင်၏ အလိုတော်အတိုင်း ပြီးမြောက်အောင် ဆောင်ရွက်တော်မူသွားနိုင်ခဲ့သော ဆရာတော်ကြီးကား ဘုရားရှင်၏ တပည့်သား ပီသလှပါဘိ။

ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိ ဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ကို ဆရာတော်ကြီး ဟောကြားခဲ့သော တရားဒေသနာများမှတစ်ဆင့် လှမ်း၍ ဖူးမြော်ကြည်ညိုကြည့်မိသည်။ ထိုအချိန် ထိုအခိုက်အတန့်၌ အာရုံပြုနေသော စိတ်ဇောအဟုန်တွင် ဖြစ်ပေါ် ခဲ့ရသော ပီတိ၊ပဿဒ္ဓိနှင့် ဓမ္မရသတို့ကို စာဖြင့်ဖွဲ့ဆို ရေးပြလျှင်လည်း ကုန်နိုင်အံ့မထင်။



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သူသူငါငါတို့ ပရိယတ္တိ၊ ပဋိပတ္တိသာသနာဆိုင်ရာ ကိစ္စတွေ ကြိုးစား ဆောင်ရွက်ခဲ့ကြသော်လည်း ပဋိဝေဓသာသနာသို့ ဆိုက်ရောက်သွားနိုင်သော အရေအတွက်ကား နည်းပါးလှပါသည်။ ထိုသောအခါ ပဋိဝေဓဆိုက်နိုင်ခြင်း ကိစ္စကို စိစစ်ဖို့ လိုမည်ဖြစ်ပါသည်။ ကာယကံရှင် ပုဂ္ဂိုလ်သည် ပရိယတ္တိ သာသနာကို မည်သည့်နှလုံးသွင်းဖြင့် ပြုမူဆောင်ရွက်ခဲ့ပါသနည်း။ ထို့နောက် ပဋိပတ္တိ အကျင့်မြတ်ကိုလည်း မည်သည့်နှလုံးသွင်းဖြင့် ကျင့်ကြံအားထုတ်ခဲ့ပါသနည်း။ ကာယကံရှင်ပုဂ္ဂိုလ်၏ ပြုမူကျင့်ကြံ အားထုတ်ခဲ့မှု၊ နှလုံးသွင်းတတ်မှု၊ နည်းစံနစ်မှန်ကန်မှုအပေါ် မူတည်၍ ပဋိဝေဓ သာသနာက အဆုံးအဖြတ်ပေးသွားမည် ဖြစ်ပါသည်။

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က တေဒဂ်ရ ရဟန္တာ အရှင်မြတ်ကြီးများ၏ ဖြစ်တော်စဉ်များကို ကြည့်လျှင် တစ်ပါးနှင့် တစ်ပါး ပဋိဝေဓ ဆိုက်ပုံချင်း မတူညီကြ။ ဒါကလည်း ပါရမီဖြည့်ကျင့်ခဲ့ကြပုံချင်း မတူညီကြ၍ ဖြစ်သည်။ ထို့ကြောင့် တေဒဂ်ဘွဲ့ထူးတွေ ရသည့်အခါ တစ်ပါးနှင့်တစ်ပါး မတူညီကြတော့။ အနာရောဂါကင်းခြင်း၌ တေဒဂ်ရသူ၊ တန်ခိုးအဘိညာဉ်အရာ၌ တေဒဂ်ရသူ၊ ပညာဉာဏ်ကြီးမြင့်ခြင်းအရာ၌ တေဒဂ်ရသူ၊ အသံချိုသာခြင်း၌ တေဒဂ်ရသူ စသည်ဖြင့် စုံလင်လှသည်။

ကျေးဇူးတော်ရှင် တိပိဋကဓရ မင်းကွန်းဆရာတော် ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသက မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် ပတ်သက်၍ မှတ်ချက်ချဖူးသော စကားတစ်ခွန်းကို ကြားခဲ့ရဖူးသည်။





''တကယ်လို့ ဘုရားရှင်များ သက်တော်ထင်ရှား ရှိနေဦးမယ်ဆိုရင် မိုးကုတ်ဆရာတော်လို့ နာမည်တွင်နေတဲ့ ဦးဝိမလကို ပဋိစ္စသမုပ္ပါဒ်ဒေသနာ ဟောပြောရှင်းလင်းတဲ့ဘက်မှာ တေဒဂ်ဘွဲ့တောင် ချီးမြှင့်ဦးမယ်ထင်တယ်''

ဤသို့ မဇ္ဈိမရီယ ကင်းရှင်းပြီးကြသူ သူတော်ကောင်းအချင်းချင်းကား တစ်ဦးအကျိုးကို တစ်ဦးလိုလားသော မေတ္တာပါသည့်စကား၊ မိမိကိုယ်ကို နှိမ့်ချသည့် နိဝါတစကား၊ သူတစ်ပါး၏ ဂုဏ်ကို ချီးမြှောက်သည့် စကားများကို ပြောကြစမြဲပင်တည်း။

မိုးကုတ်ဆရာတော်ကြီးသည် ပရိယတ္တိသာသနာကို စွမ်းစွမ်းတမံ ဆောင်ရွက်စဉ်က စာချပုဂ္ဂိုလ်ဘဝတွင် ပဋ္ဌာန်းနှင့် အဘိဓမ္မာပိုင်းဆိုင်ရာ ပို့ချမှု၌အားသန်ခဲ့သူ ဖြစ်သည်။ ထိုအခါ ပါဠိတော်များကို ထုံးလိုချေ ရေလိုနှောက် လေ့လာ၍ ပဋိပတ်ဉာဏ်ပွင့်သောအခါ ထိုဉာဏ်၏ သတ္တိဖြင့် မြန်မာပြည်သူပြည်သားတို့ နားလည်ရလေအောင် မြန်မာစာ၊ မြန်မာစကားတို့ဖြင့် ပြန်လည်ဟောကြားညွှန်ပြနိုင်ခဲ့သော ဆရာတော်ကြီးဖြစ်ပါသည်။

''ဒကာ၊ ဒကာမတို့ နိဗ္ဗာန် ရချင်ရင် ဒုက္ခအစုဖြစ်တဲ့ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို ပြတ်အောင်လုပ်ရမယ်၊ ပြတ်အောင်လုပ်ဖို့ရာ မိမိခန္ဓာအစဉ်မှာ ဒုက္ခတန်းကြီးပါလား၊ ဒုက္ခအစုကြီးပါလားဆိုတဲ့ ဒုက္ခအမှန်သိတဲ့ ဉာဏ်ရဖို့လိုတယ်။ တစ်ဒုက္ခပြီး တစ်ဒုက္ခ၊ ဝိညာဏ်ဒုက္ခပြီး နာမ်ရုပ်ဒုက္ခ၊ နာမ်ရုပ်ဒုက္ခပြီး အာယတနဒုက္ခ၊ နောက်ပြီး ဖဿဒုက္ခ၊ ဝေဒနာဒုက္ခ၊ တဏှာ ဒုက္ခ၊ ဥပါဒါန်ဒုက္ခ၊ ကံဒုက္ခ၊ အဲဒီကံဒုက္ခကနေပြီး ဝိညာဏ်ဒုက္ခ ပြန်လည် နေတဲ့ ခန္ဓာသမုပ္ပါဒ်၊



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ခန္ဓာလမ်းစဉ်၊ ခန္ဓာဒုက္ခအစု လည်နေတာကို ဒုက္ခအစုပဲလို့သိတဲ့ ညာတပရိညာစခန်းကနေပြီး အစဉ်အတိုင်းတက်ရမယ်''

''သိမှ ညာတပရိညာစခန်းမှ တီရဏပရိညာ(ဝိပဿနာ ပွားမှု) မဂ္ဂင်လုပ်ငန်းကို တက်ရမယ်၊ သိမှ ပွားများ၊ ပွားများမှ ပယ်နိုင်မယ်။နိဗ္ဗာန်ရချင်ရင် ပထမဒုက္ခကို သိရမယ်၊ဒုက္ခကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိရမယ်လို့ မြတ်စွာဘုရားကလည်း ဟောခဲ့ပါတယ်။ ဒါကို ဆရာဘုန်းကြီးကလည်း ဒကာဒကာမတွေ အတွက် ထပ်မံဟောပြနေပါတယ်။ ဒုက္ခကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင် နိုင်နိုင်သိရမယ်ဆိုတဲ့ အသိဟာ စာသိ၊ ပိဋကတ်သိ၊ တစ်ဆင့်ကြား သိ၊ ကြံတွေးသိမျိုး မဟုတ်ဘူး၊ အမှန်လိုအပ်တဲ့အသိက ပဋိစ္စသမုပ္ပါဒ်အကြောင်းက ပြလို့၊ အခုပေါ်လို့သိတဲ့ အသိမျိုး၊ ခန္ဓာမှာ လက်ငင်းဖြစ်ပေါ်နေတာ ကိုယ်တိုင်သိရတဲ့ ''ပစ္စက္ခသိ'' မျိုးကို ဆိုလိုတယ်။ ဒီလိုသိတော့မှ ဒုက္ခသစ္စာကို ပိုင်းခြားသိတာဖြစ်မယ်။ ဒုက္ခအဖြစ်များလာမှ ဒုက္ခလွတ်ရာ နိဗ္ဗာန်သုခကို (တေသံဝူပသမောသုခေါ)ကို ရမယ်။''ခန္ဓာပဋိစ္စ သမုပ္ပါဒ်ဖြစ်တာကို သိမှ၊ ပျက်တာကိုလည်း သိမှ သက္ကာယဒိဋ္ဌိကို သိမှုနှင့် ပြုတ်မယ်။ ပဋိစ္စသမုပ္ပါဒ်တရားကို နားလည်သဘောပေါက်မှ သစ္စာကို သိမယ်။ သစ္စာသိမှ သံသရာပြတ်မယ်။သံသရာပြတ်မှ ဇာတိဘေး၊ ဇရာဘေး၊ မရဏ ဘေးမှလွတ်မယ်''

ဆရာတော်ကြီးသည် တရားတိပ်ခွေတိုင်း၌ ဒိဋ္ဌိကွာဖို့ အမြဲတမ်း ဆုံးမ သတိပေးတော်မူခဲ့သည်။ ဒိဋ္ဌိတန်းလန်းကြီးနှင့် တရားအားထုတ်လျှင် ဘယ်တော့မှ နိဗ္ဗာန မဆိုက်နိုင်ကြောင်း





ပြတ်ပြတ်သားသား ဆုံးမတတ်သည်။ ဘုရားရှင်၏ ဖွားဖက်တော် အရှင်ဆန္နမထေရ် (မြင်းမြီးဆွဲ မောင်ဆန်)သည် ဘုရားရှင် သက်တော်ထင်ရှားရှိနေသည့် လေးဆယ်ငါးနှစ် ကာလပတ်လုံး ဒိဋ္ဌိတန်းလန်းနှင့် တရားအားထုတ်ခဲ့သဖြင့် တရားထူး မရခဲ့ပုံကို ဆရာတော်ကြီးက သာဓကအဖြစ် ထုတ်ပြတော်မူသည်။

ဒိဋ္ဌိမပြုတ်ခြင်းမှာ ပဋိစ္စသမုပ္ပါဒ်ကို နားမလည်၍ ဖြစ်သည်။ တကယ် တော့ ပဋိစ္စသမုပ္ပါဒ်ဟူသည် ခန္ဓာအစဉ်တန်းကြီးပင် ဖြစ် သည်။ ဓမ္မသဘောတွေ အစဉ်အလိုက် တစ်ခုပြီးတစ်ခု ပေါ်နေခြင်း ပင်တည်း။ တစ်နည်းအားဖြင့် ဖြစ်ပြီး ချုပ်ပျောက်သွား၊ ဖြစ်ပြီး ပျက်သွားသော သဘောတရား ဖြစ်စဉ်တန်းကြီးပင်တည်း။ ဆရာ တော်ကြီးက –

''ခန္ဓာက ပဋိစ္စသမုပ္ပါဒ်ခန္ဓာကြီးပါ၊ ပဋိစ္စဆိုတာ အကြောင်းပြုပြီး၊ အစွဲပြုပြီးလို့ ဆိုလိုတယ်။ သမုပ္ပါဒ်ဆိုတာ အဖန်ဖန် အထပ်ထပ်ဖြစ်နေတာ၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်း တရားကို အစွဲပြုပြီး အကျိုးတရား ဖြစ်ပေါ်နေတာကို ခေါ်တာ။ အကြောင်းကြောင့်အကျိုးဖြစ်တယ်လို့ လွယ်လွယ်မှတ်ပေါ့။ အကြောင်းနဲ့အကျိုး အမျိုးမျိုးအထွေထွေ အစဉ်မပြတ်ဖြစ်ပေါ် နေတာကို ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ထားကြ၊ပဋိစ္စသမုပ္ပါဒ်မှာ အမှန်မသိ တဲ့ အဝိဇ္ဇာက စတယ်''

''ဆရာသမားထံက နာတရားလောက်နဲ့ တင်းတိမ် မနေကြပါနဲ့လို့ ပြောလိုက်ပါတယ်။ ကိုယ်တိုင်ရှုကြည့်လိုက်တော့ ကိုယ်တွေ့သိရမယ်၊ ရှင်းကြ ပြီလား၊ ဒီလိုရှုလို့ ဒုက္ခစက်ကြီး



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တွေ့ရရင် ဆက်သာရှု၊ အရှုအပွား များလာရင် မုန်းလာမယ်၊ မုန်းလည်း ဆက်သာရှု၊ တစ်ချက်ချက်မှာ ဆုံးသွားမယ်။ ရှင်းပြီလား၊ ဆုံးအောင်သာ ရှုကြ၊ ဆုံးရင် နိဗ္ဗာန်ရောက်ပေါ်တာပဲ''

''ဒီတော့ ဒုက္ခစက်ကြီးက ဒုက္ခသစ္စာ၊ ရှုဉာဏ်က မဂ္ဂသစ္စာ၊ ဒီနေရာမှာ သိတာက သမုဒယသစ္စာ၊ ပေါ်လာတာက နိဗ္ဗာနသစ္စာ''

တကယ်တမ်းတွင် ဆရာတော်ကြီးဟောကြားခဲ့သော တရားတစ်ခွေတည်းကို အထပ်ထပ်အခါခါ နာကြားကာ တရားတော်ကို လေးလေးစားစား ယုံယုံကြည်ကြည်နှလုံးသွင်းပြီး စနစ်တကျလေ့ကျင့်လိုက်လျှင်ပင် ဆရာတော်ကြီး ဆွဲခေါ်ရာ နိဗ္ဗာနတစ်ဖက်ကမ်းသို့ ရောက်နိုင်လောက်ပါပေသည်။

ထို့ကြောင့်ပင် မိုးကုတ်တရားစခန်းများ၌ အိပ်ရာမှထသည်နှင့် ဆရာတော်ကြီး၏ အသံတော်နှင့် တရားတိပ်ခွေကို စတင်နာကြားရခြင်းဖြစ်မည်။ တရားစခန်းအတွင်း၌ ဆရာတော်ကြီး၏ တရားတိတ်ခွေကို တစ်နေ့လျှင် (၂)ကြိမ် နာကြားရ၏။ တစ်ချိန်ပြီးတစ်ချိန် နာယူရသော တရားတို့သည် လက်တွေ့အလုပ်နှင့် ယှဉ်တွဲလိုက်သောအခါ ပိုမိုသဘောပေါက်လာရသည်သို့ရှိ၏။အိမ်မှာနာကြားရသည်နှင့် တရားစခန်းမှာ နာကြားရသည်တို့သည် တန်ဖိုးချင်း၌ သော်လည်းကောင်း၊သိမြင်ပုံချင်း၌ သော်လည်းကောင်း မတူညီကြ။ ဆရာတော်ကြီး၏တရားတိပ်ခွေတို့ကား များသောအားဖြင့် အမေး အဖြေသံတို့ဖြင့် ဆူညံလုံးထွေးနေတတ်သည်။ စနားထောင်ခါစက နားသိပ်မဝင်လှ။





နောက်မှ နားထောင်၍ တတ်လာသည်။ သည့်ထက်ပို၍ တရားစခန်းအတွင်းဝင်ရောက်၍ သူ့အချိန်နှင့်သူ နားထောင်နာယူကြည့်မှ အဓိပ္ပါယ်တွေပိုမို၍ လေးနက်မှန်းသိလာသည်။

ဆရာတော်ကြီး ဟောညွှန်ပြသည့် ဒိဋ္ဌိဖြုတ်ပြီးမှ ဝိပဿနာရှုရန်ဆိုသည့် အဓိပ္ပါယ်ကိုလည်း တဖြည်းဖြည်းရိပ်မိလာသည်။ အားထုတ်ခဲ့ဖူးသော တရားလမ်းခရီးတွင် ဒိဋ္ဌိမကွာ၍ မသက်မသာအားထုတ်ခဲ့ရပုံ၊ ''ငါ အားထုတ်နေတယ်။ ငါ သိနေတဲ့တရားပေါ့။ ငါသိခွင့်ရခဲ့တာ ဒီတရားပေါ့၊ ငါ့လို အားထုတ်နိုင်ကြဖို့ မလွယ်ပါဘူး''ဟူသော **'ငါ'**အတွေးအမြင်များ ယှက်သန်းသည့် ဒိဋ္ဌိကွန်ယက်အတွင်း၌ မွန်းနစ်ကျပ်ဆို့၍ မှောင်မှောင်မဲမဲဖြစ်ခဲ့ရပုံတို့ကို ပြန်မြင်ယောင်မိသည်။

ဒိဋ္ဌိကွာဖို့အတွက် ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကို အထိုက်အလျောက် နားလည်လာပြီးသောအခါ အားထုတ်ရသည်မှာ အခက်အခဲမရှိတော့။ ''ကောင်းလိုက်တာ၊ မကောင်းဘူး'' ဟု ကိုယ်လိုရာ ပုံဖော်သတ်မှတ်ခြင်းမျိုးလည်း လျော့ပါးလာသည်။ ထိုအခါ တရားအားထုတ်ရသည်မှာ လွတ်လပ်လာသည်။ပေါ့ပါးလာသည်။ငါတရားထူးရအောင် လုပ်ဦးမှပဲဟူသည့် လုပ်ယူသည့် တရားမျိုးဖြင့် သာယာလိုခြင်းလည်း မရှိတော့။ကိုယ့်အတွင်းသန္တာန်ကို အမှန်အတိုင်း ရိုးရိုးသားသားမြင်ဖို့ အရေးကြီးသည်ဟု ခံယူလာမိသည်။ ကိုယ့်ကိုယ်ထဲက ကိစ္စကို ကိုယ်သိဖို့အရေးသည် စကားလုံးလည်း မလို၊ သူများသိစရာလည်း မလို၊ သူများသိအောင် လိုက်လံလှည့်လည် ရှင်းပြနေဖို့လည်းမလို၊ငါတော့ ဒီလိုသိနေပြီကွ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ဟုလည်း ကြေညာမောင်းခတ် ကြွေးလုံး ထုတ်စရာမလိုမှန်း နားလည်လာပေပြီ။

တရားထူးရခြင်း မရခြင်းထက် အားထုတ်ကြိုးစားနေ သည့်အချိန် တွင် ဒိဋ္ဌိကွာဖို့ အသိဉာဏ်ဝင်လာခြင်းသည်ပင် အတော်ကျေးဇူးများနေပြီဖြစ်သည်။ ဒါတောင်မှ ဆရာတော်ကြီး ဟောညွှန်ပြသည်ကို နာယူခြင်းဖြင့် သိရသည့် ညာတပရိညာ အဆင့်ပဲရှိသေးသည်။ ''သိမှု'' မှသည် ''ပွားမှု'' တိရဏပရိညာ ဖြစ်လာလျှင်မူ ကိုယ်ပိုင်အသိဖြင့် မည်မျှ နိုင်ခံ့လိုက်လေမည်နည်း။ ထို့ထက်ပို၍ ''ဆိုက်မှု'' ပဟာနပရိညာ ဖြစ်ပြီဆိုလျှင်တော့ ပြောစရာမရှိတော့ပါပေ။

ဒိဋ္ဌိခြေကုတ်ကြီး ကုတ်၍ အသိဉာဏ်ရှာဖွေနေသည် ဆိုလျှင် ''ပိုးသာကုန် မောင်ပုံ စောင်းမတတ်''စကားပုံလို ဖြစ်ပေတော့မည်။ရစ်လုံး၏ ထိန်းချုပ်မှုကို ခံနေရသော စွန် (လေတံခွန်) လို ဖြစ်ပေတော့မည်။ အချိန် တန်မိုးချုပ်၍ ရုပ်သိမ်းချိန်ရောက်လျှင် ရစ်လုံးက ရစ်လိုက်သည်နှင့် လေထဲတွင် လွင့်ပျံတက်နေသော လေတံခွန်(စွန်)သည် ရစ်လုံးရှိရာသို့ ပြန်ရောက်ရစမြဲဖြစ်သည်။ ဒိဋ္ဌိကွာမှ ရစ်လုံးက ကြိုးပြတ်သွားလေမှ ရစ်လုံးရှိရာသို့ ပြန်မလာနိုင်တော့သကဲ့သို့ ဖြစ်ရန် အရေးကြီးလှသည်။ သို့မှ ရစ်လုံး၏ ပြန်ခေါ်၊ ပြန်ယူနေသော အနှောင်အဖွဲ့မှ ထာဝရလွတ်မြောက်သွားပေမည်။ ဒိဋ္ဌိခြေကုတ်နှင့်တူလှသော ယစ်လုံးကြီး၏ သဘာဝကိုလည်း တွေ့မြင်လာနိုင်ခဲ့ပြီ ဖြစ်သည်။

မြန်အောင် မိုးကုတ်ရိပ်သာ တရားဆယ်ရက်စခန်းတွင်





မိုးကုတ် ဆရာတော်ကြီး၏ တရားများကို ထဲထဲဝင်ဝင် နာကြားခွင့်ရခဲ့ပါသည်။ တစ်နည်းအားဖြင့် ကျွန်တော့်ခန္ဓာအိမ်ကို အရင်းပြုကာ သဘာဝမမှုဖြစ်စဉ်တန်းကြီးကို မိုးကုတ်ဆရာတော်ကြီး၏ အဆုံးအမဒေသနာများဖြင့် ထိထိရောက်ရောက်လေ့လာခွင့်ရခဲ့ပါသည်။

မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျင့်ကြံအားထုတ်ရင်းမှ မိုးကုတ်ဆရာတော်ကြီးကဲ့သို့ပင် ခန္ဓာဝန်ချခတ်တော်ကြွင်းကျန် သက်သေပြသွားနိုင်ခဲ့သော မြန်အောင်မြို့ နန္ဒဝန်ကျောင်းတိုက် ဆရာတော်ဘုရားကြီး အကြောင်းကိုလည်း ဤတရားစခန်းအတွင်း၌ပင်လျှင် ကျွန်တော် သိခွင့်ရခဲ့ပြန်ပါသည်။



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။





(၇)

မြန်အောင် နန္ဒဝန်ဆရာတော် ဘုရားကြီးသည် လွန်ခဲ့သော (၈)နှစ်ကျော် (၁၉၉၂ခုနှစ်)ကတည်းက လွန်တော်မူခဲ့ပြီး ဖြစ်သည်။ နှစ်တွေ ကြာမြင့်လှပေပြီ။ကျွန်တော်က ခုမှပင် မြန်အောင် နန္ဒဝန်ဆရာတော်ဘုရားကြီးနှင့် ပတ်သက်၍ သိခွင့်ရတော့သည်။ ဒါကလည်း မိုးကုတ်ဝိပဿနာနှင့် ကျွန်တော် ဆက်စပ်လာသည့်အတွက် သိခွင့်ရခဲ့ခြင်းပါပေ။

နန္ဒဝန်ရိပ်သာအတွင်း၌ မိုးကုတ်ဝိပဿနာ (၁၀)ရက် စခန်းဝင်နေစဉ် အတွင်း၌ပင် ကျွန်တော်သည် ဆရာတော်ကြီးနှင့် ပတ်သက်၍ ဆရာတော်ကြီး ကို သိမီခဲ့သော ဒကာ၊ ဒကာမများထံ၌ မေးမြန်းရသည်။ ကံအားလျော်စွာ ဆရာတော်ကြီး၏ အနီးကပ် တပည့်ဒကာအရင်းဖြစ်သူ အဘ ဦးတင်စိန်မှာ ကျွန်တော်တို့နှင့် တစ်ဆောင်တည်း ဖြစ်နေသည်။ အမှန်တော့ တရားစခန်းမရှိသော



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



အချိန်များ၌ အဘ ဦးတင်စိန်တစ်ယောက်တည်း နေထိုင်လေ့ရှိသော ကျောင်းဆောင်ကလေး၌ ကျွန်တော်တို့ သွားရောက်နေထိုင်ခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။

နေ့လယ်စာ စားသုံးပြီး နားနေသည့်အချိန်များ၊ ညတရားပွဲအပြီး အိပ်ရာမဝင်မီအချိန်များ၌ အဘ ဦးတင်စိန်က ဆရာတော်ကြီး၏ အကြောင်းများကို ပြောပြလေ့ရှိသည်။ အဘ ဦးတင်စိန်ကား ပင်ကိုယ်သဘာဝအားဖြင့် အေးအေးဆေးဆေးနှင့် စကားနည်းသူဖြစ်ပါသည်။ သို့သော် ဆရာတော်ကြီးနှင့် ပတ်သက်လာလျှင်မူ မည်းမည်းမညျပြောပြလေ့ရှိသည်။ ဆရာတော်ကြီး အကြောင်းပြောနေရလျှင်ပင် အဘ၏ မျက်နှာသည် ရွှင်လန်းတက်ကြွနေတတ်သည်။

ကျွန်တော်သည် နန္ဒဝန်ဆရာတော်ကြီးကို ဖူးမြော်ခွင့်မရခဲ့သည့် အပြင် ဆရာတော်ကြီး၏ အကြောင်းကိုပင်လျှင် အခြားသူများထံမှ တစ်ဆင့် သိရှိမှတ်သားကာ စိတ်ကူးဖြင့် ပုံရိပ်တွေဖော်ရင်းမှ တွေးဆကြည်ညိုနေရပါသည်။

နန္ဒဝန်ဆရာတော်ကြီးသည် ကောဇာသက္ကရာဇ် ၁၂၆၆ ခုနှစ်၊ နယုန်လဆန်း (၇)ရက်နေ့တွင် ခမည်းတော် ဦးသိန်း၊ မယ်တော် ဒေါ်ရွှေဘွဲ့ တို့မှ ဖွားမြင်သော သား နှစ်ယောက်အနက် သားကြီး သြရသဖြစ်ပါသည်။ သောကြာသားဖြစ်ပြီး ဇာတိကျေးရွာမှာ မြန်အောင်မြို့နယ်အတွင်းမှ ‘ရိုက်’ ကျေးရွာဖြစ်ပါသည်။ အရွယ်ရောက်သောအခါ ရိုက်ကျေးရွာ အရှေ့ကျောင်းဆရာတော် ဦးအာစရထံ၌ ပညာသင်ကြား၏။ထို့နောက် ဆရာတော်ဦးအာစရ





ကိုပင် ဥပဇ္ဈာယ်ပြုကာ မိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေပြုခဲ့လေသည်။ ဘွဲ့တော်မှာ ရှင်သာသနဖြစ်သည်။

ကောဇာ သက္ကရာဇ် ၁၂၈၆ ခုနှစ်တွင်၊ရှင်သာသနသည် မြန်အောင် နန္ဒဝန်ကျောင်းတိုက်ကို စတင်တည်ထောင်ခဲ့သော ဆရာတော်အရှင် အရိယာဝံသအား ဥပဇ္ဈာယ်ပြု၍ ရိုက်ကျေးရွာနေ ဦးလေးတော်သူ ဦးမွန်း၊ ဒေါ်ရွှေမြမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းဘဝ သို့ ရောက်ရှိခဲ့ပါသည်။

ရဟန်းဘဝ ဝါများအတွင်း၌ အရှင်သာသနသည် ရန်ကုန်မြို့ နှစ်ကျိပ်ရှစ်ဆူကျောင်းတိုက်၊ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်နှင့် မန္တလေးမြို့ စကုတိုက်များသို့ ကြွရောက်ပြီး ပိဋကတ်စာပေများ သင်ကြားခဲ့ပါသည်။ ထိုစာသင်သားဘဝ၌ပင် အရှင်သာသနသည် အမရပူရမြို့ မဂ်လာတိုက်၌ ညဝါပါရဂူဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် အလောင်းအလျာ အရှင်ဝိမလ၏ ညဝါပို့ချချက်များကိုလည်း အချိန်ပိုင်း သွားရောက်လေ့လာခဲ့ဖူးလေသည်။

စာသင်ကြားမှု ပြီးဆုံးသည့်အခါ အရှင်သာသနသည် ဇာတိရပ်ရွာ ဖြစ်သည့် ‘‘ရိုက်’’ကျေးရွာသို့ ပြန်လည်ကြွလာခဲ့သည်။ ထိုအချိန်တွင် မြန်အောင် နန္ဒဝန်ကျောင်းတိုက်၌ ဒုတိယ နန္ဒဝန်ဆရာတော်အဖြစ် ဆရာတော်ဦးအာစရ သီတင်းသုံးနေချိန် ဖြစ်သည်။ မူလနန္ဒဝန်ဆရာတော်ကြီး ဦးအရိယာဝံသကား ကောဇာသက္ကရာဇ် ၁၂၉၄ခုနှစ်ကတည်းက ပျံလွန်တော်မူခဲ့ပြီး ဖြစ်သည်။ ‘ရိုက်’ ကျေးရွာတွင် အရှင်သာသန သီတင်းသုံးနေစဉ် အတွင်း၌ပင်



[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဒုတိယ နန္ဒဝန်ဆရာတော် ဦးအာစရသည် ၁၃၀၂ ခုနှစ်၌ ပျံလွန်တော်မူလေသည်။ သို့နှင့် လွန်တော်မူခဲ့ပြီးသော ဆရာတော်များ၏ ဆန္ဒအရ နန္ဒဝန်ကျောင်းတိုက်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အတွက် အရှင်သာသနသည် ၁၃၀၂ ခုနှစ်မှစ၍ တာဝန်ယူခဲ့ရတော့ သည်။

၁၃၀၂ခုနှစ်မှ ၁၃၅၄ခုနှစ် လွန်တော်မူသည်အထိဆိုလျှင် ဆရာတော် ဦးသာသနသည် (၅၂)နှစ် တိုင်တိုင် နန္ဒဝန်ကျောင်းတိုက်ကြီးကို တာဝန်ယူခဲ့ရပါသည်။ ဆရာတော်ကြီးသည် ဝေဠုဝန်နိကာယနှင့် ပတ်သက်၍ ဂိုဏ်းလုံးဆိုင်ရာ အနုနာယက အဖြစ်လည်းကောင်း၊ မဟာနာယကအဖြစ် လည်းကောင်း၊ မြန်အောင်မြို့နယ် ဝိနည်းဓိုရ်နှင့် မြန်အောင်မြို့နယ် ဩဝါဒါစရိယ အဖြစ် လည်းကောင်း၊ သာသနာတော်ဆိုင်ရာတာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်နှင့်စပ်လျဉ်း၍ ဆရာတော်ကြီးသည် ဆဋ္ဌ သင်္ဂါယနာ၌ ပါဠိဝိသောဓကနှင့် ထေရိ ဘာဏကအဖြစ် ဆောင်ရွက်တော်မူခဲ့ပါသေးသည်။

မြန်အောင် နန္ဒဝန်ကျောင်းတိုက်အတွင်း (၅၂)ဝါကာလ ပတ်လုံး သီတင်းသုံးခဲ့စဉ်ကလည်း စာချခြင်း၊ တရားဟောခြင်းနှင့် တပည့်ဒကာများ အား အဘိဓမ္မာ၊ သဂြိုဟ်များ သင်ကြားပေးခြင်း တို့ကို ဆောင်ရွက်တော်မူခဲ့ပါ သည်။ ဆရာတော်ကြီးသည် အဘိဓမ္မာပိဋကတ်ကို နှံ့စပ်လေ့လာ ဝါသနာ ပါတော်မူသည့် အလျောက် စာချ၊ တရားဟော၊ အဘိဓမ္မာလေ့လာခြင်းဖြင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နေခဲ့ပါသည်။





''ဆရာတော်ကြီးက အစက သည်လိုပဲ ပုံမှန်ရိုးရိုးကြီး နေခဲ့တာ၊ ဆရာတော် သက်တော် (၆၂)နှစ်လောက်မှာ ထင်တယ်။ ဆိုတော့ကာ ဆရာတော် အခုသက်တော်ထင်ရှားရှိနေသေးရင် (၉၆)နှစ်ပေါ့၊ လွန်တော်မူခဲ့တာက (၈၉)နှစ်တုန်းကကိုး။ သက်တော် (၆၂) နှစ်ဆိုတော့ ၁၉၆၆ ခုနှစ်လောက်တုန်းကပေါ့။ အဲဒီ အချိန်တုန်းက မိုးကုတ်ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချပြီးကာစ ပေါ့။ကျွန်တော်တို့ မြန်အောင်မြို့က ပန်းထိမ်ဆရာကြီး ဦးသန်းနဲ့ ဒေါ်မြင့်မြင့်တို့က ရန်ကုန် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကနေပြီး မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တိပ်ခွေတွေကို မြန်အောင်မြို့ကို ယူလာတယ်။ ကျွန်တော်တို့တစ်တွေ စုပြီး နာကြားကြတယ်။ ဦးသန်း၊ ဒေါ်မြင့်မြင့် တို့အိမ်မှာပဲ နာကြရတာ။ သူတို့က သဒ္ဒါတရား ထက်သန်ကြတော့ တရားနာလာကြတဲ့ သူတွေကိုတောင် အကျွေး အမွေးတွေနဲ့ ညှိခံသေးတာ။ အဲဒီမှာ ကျွန်တော်တို့ လူကြီး(၆) ယောက်၊(၇)ယောက်လောက်ဟာ မိုးကုတ်ဆရာတော်ဘုရားကြီး ရဲ့ တရားကို(၁၀)ရက်လောက် ဆက်တိုက်နာရတဲ့အခါ မိုးကုတ် ဆရာတော် ဘုရားကြီးရဲ့တရားဟာ ကံကြိုက်တရား မဟုတ်ဘူး၊ ဉာဏ်ကြိုက် တရားဆိုတာ နားလည်လာတယ်။ အရင်တုန်းက နာခဲ့ရတဲ့ တရားတွေဟာ များသောအားဖြင့် ကံကြိုက်တရား သံသရာလည်ကြောင်းတရားတွေပဲ၊ မိုးကုတ်ဆရာတော်ဘုရားကြီး ရဲ့တရားတွေကတော့ ကံကြိုက်တရားမဟုတ်၊ ဉာဏ်ကြိုက်တရား၊ သံသရာ လည်ကြောင်း တရားမဟုတ်၊ သံသရာလွတ်ကြောင်း တရား ဆိုတာ သိလာရတယ်။ တရားတွေ နာရင်းနာရင်းနဲ့



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကျွန်တော်တို့တတွေ အကြိုက်တွေ့လာကြတော့ မိုးကုတ်ဝိပဿနာ ပြန့်ပွား ဖို့အတွက် သာသနာပြုမယ်ဆိုပြီး ဆုံးဖြတ်ချက်ချမိကြတယ်။ အဲဒါနဲ့ ရိပ်သာရွေးဖို့ နေရာရှာတဲ့အခါကျတော့ မြို့ထဲလည်းဖြစ်တယ်။ သွားရေးလာရေး အဆင်ပြေပြီး တိတ်ဆိတ်တဲ့နေရာဖြစ်တဲ့ နန္ဒဝန်ကျောင်းကို ရွေးလိုက်ကြ တယ်။အဲဒါနဲ့ ကျွန်တော်တို့အဖွဲ့တွေ စုပေါင်းပြီး နန္ဒဝန်ဆရာတော်ကြီးဆီကို သွားပြီး လျှောက်ထားကြတာပေါ့၊ အဲဒီတော့ နန္ဒဝန်ဆရာတော်ကြီးက ဘာအမိန့်ရှိတယ်မှတ်သလဲ''

ဆရာတော်ကြီး၏ တပည့်သာဝကတစ်ဦးဖြစ်သူ ယခုလက်ရှိ မြန်အောင်မြို့ မိုးကုတ်ဝိပဿနာပြန့်ပွားရေးအဖွဲ့ခွဲ (၇၁)၏ နာယကအဖွဲ့ဝင် တစ်ဦးဖြစ်သော ဦးမောင်လှက ပြောကြားနေခြင်းဖြစ်သည်။ကျွန်တော်သည် ဦးမောင်လှ၏ စကားကို နားထောင်နေရင်းမှ လွန်ခဲ့သောအနှစ် (၃၀)ကျော်ခန့်က မြန်အောင်မြို့သို့ မိုးကုတ်ဝိပဿနာ စတင်ရောက်ရှိ ပျံ့နှံ့လာခဲ့သော ပုံရိပ်တွေကို မှန်းဆမြင်ယောင်နေမိသည်။ ဆရာ၊ ဒကာတွေ စုစုရုံးရုံးဖြင့် သာသနာတော်ကို ကြည်ညိုသဒ္ဓါစိတ်ဖြင့် အကောင်အထည်ဖော်နေကြပုံ မြင်ကွင်းများသည်လည်း အစီအရီပေါ်လာသည်သို့ရှိသည်။

''ဒကာတို့ရာ၊ဝိပဿနာရိပ်သာ တရားစခန်းပွဲဆိုတာ ဘုန်းကြီးများက ဦးအောင်လုပ်ရမှာ၊ အဲဒီတော့ ဒကာတို့က ဒီလိုလာလျှောက်တဲ့အတွက် ဘုန်းကြီးများက အရမ်းသဘောတူတာပေါ့၊ ဝမ်းသာတယ်၊ အားရတယ်၊ လက်ခံပါတယ်။ ဒကာတို့





ကြိုက်သလို ဒီကျောင်းထဲမှာ တရားစခန်းတွေ လုပ်ပါ၊ ဘုန်းကြီးများ ခွင့်ပြုပါတယ်''တဲ့။

နန္ဒဝန်ဆရာတော်ကြီးက ဤသို့ ခွင့်ပြုသောအခါ ဦးမောင်လှတို့ အဖွဲ့သည် မိုးကုတ်ဝိပဿနာပြန့်ပွားရေးအတွက် အစစအရာရာ တာဝန်ယူ ကြိုးပမ်းရတော့သည်။ တရားစခန်းတွေဖွင့်ဖြစ်သောအခါ ဆရာတော့်အနားတွင် သီးသန့် Sound Box တစ်လုံး ထားပေးသည်။ ဆရာတော် တရားနာယူနိုင်ရန်အတွက် ဖြစ်သည်။ မိုးကုတ်ကမ္မဋ္ဌာနာစရိယအသီးသီး၏ တရားဟောပြောချက်များကို ဆရာတော်ကြီးသည် သိတင်းသုံးရာ ကျောင်းဆောင်ပေါ်မှနေ၍ အသံချဲ့စက်မှတစ်ဆင့် ဂရုတစိုက်နာယူလေ့ရှိသည်။ ကမ္မဋ္ဌာနာစရိယ ငယ်ခြင်း၊ ကြီးခြင်း၊ ဝါတော်နုခြင်း၊ ဝါတော်ကြီးမြင့်ခြင်းများကို ဆရာတော်ကြီးသည် အမှတ်ထားလေ့မရှိ။ တရားတော်ကိုသာ အာရုံပြုတတ်သည်မှာ ဆရာတော်ကြီး၏ တရားတော်ကို လေးစားသော အလေ့အထဖြစ်သည်။ ကိုယ့်ထက်ဝါကြီးသည်၊ ဝါငယ်သည် စသည် ဖြင့် တရားဟော'ပုဂ္ဂိုလ်' အပေါ်၌ ဆရာတော်ကြီးသည် အာရုံပြုလေ့ မရှိပါ။ တစ်နည်းအားဖြင့် ဆရာတော်ကြီးသည် 'ပုဂ္ဂိုလ်'ထက် (ဓမ္မ) ကိုသာ အာရုံပြုတတ်သူ ဖြစ်သည်။ ဤသည်မှာ ဆရာတော်ကြီး၏ လေးစားဖွယ် စိတ်ဓာတ်ပင်တည်း။

''အဲဒီလိုနဲ့ ဆရာတော်ကြီးဟာ တရားစခန်းတွေဖွင့်တိုင်း၊ တရားတော်တွေနာရင်း နာရင်းနဲ့ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ အသံကို ကြားရင်းကြားရင်းနဲ့ ကျွန်တော်တို့ကို ပြောပြတယ်။



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



မောင်လုရေတဲ့၊ ငါတို့ တစ်တွေ အဘိဓမ္မာတွေ သင်လာခဲ့တာ၊ ပဋ္ဌာန်းသမုပ္ပါဒ်တွေ ရွတ်လာခဲ့တာ၊ တို့တွေရွတ်ဖို့လောက်ပဲ သဘော ကျလာခဲ့တာ၊ ကိုယ့်ဖို့ဆိုတာ နားမလည်ခဲ့ဘူး၊ မသိခဲ့ဘူးကွာ၊ အခုတော့ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားတော်တွေကို ထပ်တလဲလဲ နာကြည့်တဲ့အခါ တို့အကြောင်းတွေ ဟောထားတာ၊ အဲဒီတော့ တို့တွေ ဉာဏ်မီသလောက် အဘိဓမ္မာလည်း သင်ထား တော့၊ ဉာဏ်မီသလောက် ဟောမယ်ဆိုရင်လည်း ဟောလို့မကုန်၊ ပြောလို့မကုန်ဘူးကွာတဲ့၊ ဒီပဋ္ဌာန်းသမုပ္ပါဒ်တရားကြီးနဲ့ ဆရာ တော်ကြီးရဲ့ ဉာဏ်ကြီးပုံက အံ့မခန်းဘဲ မောင်လုရေ၊ အဲဒီတော့ မိုးကုတ်ဆရာတော်ကြီး ဉာဏ်ကြီးတဲ့အတွက် ဒီတရားတွေဟာ ငါတို့ ပြန်ဟောမယ်ဆိုရင် ဟောလို့ကို မကုန်နိုင်ဘူး။ မိုးကုတ် ဆရာတော်ဘုရားကြီးရဲ့ တရားတွေဟာ သိပ်လေးနက် ပါတယ်တဲ့၊ ဒီစကားကို ဆရာတော် အနားရောက်တိုင်း အမိန့်ရှိတာ အကြိမ်ကြိမ်ပါပဲ၊ ဆရာ၊ ဒကာတွေလည်းဖြစ်၊ ရင်းရင်းနှီးနှီးလည်း ရှိဆိုတော့ အထပ်ထပ် အမိန့်ရှိနေတော့တာပဲ၊ အဲဒီလိုပြောပြီးတဲ့ နောက်ပိုင်း အဲဒီကစပြီးတော့၊ ဒကာ၊ ဒကာမတွေကို ခေါ်ပြီးတော့ အဘိဓမ္မာသင်တန်းတွေ ပို့ချတော့တာပဲ။ စိတ်၊ စေတသိက်၊ ရုပ်နဲ့ပတ်သက်လို့ အသေးစိတ်ရှင်းပြတော့တာပဲ၊ အဘိဓမ္မာ သင်တန်းကို နှစ်နဲ့ချီပြီး ပို့ချသင်ကြားပေးခဲ့တာ ခန္ဓာဝန်ချတဲ့ အထိပါပဲ''

မိုးကုတ်ဆရာတော်ကြီး၏ တရားများကို စတင်နာကြားရ သည်မှစ၍ နန္ဒဝန်ဆရာတော်ဘုရားကြီးသည် ပဋ္ဌာန်းပတ်





အကျင့်မြတ်ကို စနစ်တကျ အားထုတ်တော်မူခဲ့သည်။ စာချခြင်း ကိစ္စများကို လက်ထောက် ဆရာတော်များထံ လွှဲအပ်ပေးခဲ့ပြီး ဖြစ်သည်။ နန္ဒဝန်ဆရာတော်ဘုရားကြီး သည် အဘိဓမ္မာသင်တန်း ဖွင့်လှစ်၍ ဒကာ၊ ဒကာမများအား အချိန်ပိုင်းပို့ချသည်မှလွဲ၍ ရဟန်းစာဝါကိစ္စများကို တာဝန်မယူတော့ပေ။ နောက်ပိုင်း မိုးကုတ် တရားစခန်းပွဲများ၌ ပဋ္ဌာန်းသမုပ္ပါဒ်စက်ဝိုင်းကို တုတ်ထောက်၍ ကိုယ်တိုင်ရှင်းပြကာ တရားဟောတော်မူခဲ့ပါသည်။ ထိုသို့ရှိနေခဲ့စဉ် အတွင်း၌ ဆရာတော်ကြီးသည် တစ်နေ့သောအခါ ဒကာရင်းဖြစ်သူ ဦးမောင်လုအား အရေးကြီးသော စကားတစ်ခွန်းကို ပြော တော်မူခဲ့လေသည်။

''မောင်လုရေ အရေးကြီးတာက မင်းတို့လည်း တရား အားထုတ်နေတာပဲ၊ အားထုတ်နေတော့ကွာ၊ အရေးကြီးတာ တစ်ခု ငါပြောချင်တယ်၊ တို့ သေတယ်ဆိုတာ မချိမဆန့် ဝေဒနာဖြစ်ပြီး သေကြမယ့်လူချည်းပဲ၊ အသက်တောင်ထွက်တယ် ဆိုတော့ ဘယ်လောက်ပြင်းထန်လိုက်မလဲ၊ အဲဒီတော့ ဝေဒနာကြီး မချိမဆံ့ဖြစ်ရင် ထိုင်ရင်းသေသွားမှာမဟုတ်ဘူး၊ တုံးလုံးပက်လက် နေပြီး ဝေဒနာခံစားပြီး သေသွားမှာကွ၊ အဲဒီတော့ အဓိဋ္ဌာန်ယူပြီး တစ်နာရီဖြင့် တစ်နာရီ၊ နှစ်နာရီဖြင့် နှစ်နာရီ အဓိဋ္ဌာန်ပြုပြီးတော့၊ မိမိ အဓိဋ္ဌာန်ကို အဓိပတိထားပြီး အောင်မြင်အောင်ပေါ့လေ၊ **အိပ်ရင်း ဣရိယာပုတ်နဲ့ ဂရုစိုက်အားထုတ်ပါကွာတဲ့၊ ငါ တော့ အဲဒါကို အကြိမ်ကြိမ် အထပ်ထပ် လေ့ကျင့်တယ်**တဲ့ ဆိုပြီး အဲဒီစကားကို ၃-၄ကြိမ်မက ပြောခဲ့ဖူးတယ်။ အဲဒီလို



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ပြောရင်းကနေ ဆရာတော်လည်း မိုးကုတ်ဆရာတော်ကြီးရဲ့ တိပ်ခွေတရားတွေနာ၊ ကိုယ်တိုင်အားထုတ်၊ ဒကာ၊ ဒကာမ တွေကိုလည်း ဟောပြောနဲ့ ခန္ဓာဝန်ချတဲ့အထိ (၂၇)နှစ်လုံးလုံး ကျင့်ကြံအားထုတ်တော်မူသွားခဲ့တာ''

နန္ဒဝန်ဆရာတော်ဘုရားကြီးသည် ၁၃၅၄ခုနှစ်၊ ပြာသိုလဆန်း (၅)ရက်၊ တနင်္လာနေ့၊ နံနက်(၆)နာရီ အချိန်တွင် လွန်တော်မူခဲ့လေသည်။ ဆရာတော်ကြီးသည် လွန်တော်မမူခင် ၃-၄နှစ်လောက်ခန့်က စ၍ အနေအထိုင်၊ အပြောအဆို သိသိသာသာ ပြောင်းသွားခဲ့သည်။ ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းဆောင်ပေါ်တွင် ယခင်က ညစဉ် ရဟန်းသာမဏေများ စုပေါင်းဘုရားရှိခိုးခဲ့ကြသော်လည်း ဆရာတော်ကြီးသည် စုပေါင်း ဘုရားရှိခိုးခြင်းကို အခြားကျောင်းဆောင်သို့ သွား၍ ပြုလုပ်စေသည်။ ဆရာတော်ကြီး၏ ကျောင်းဆောင်မှာ ည(၇)နာရီဆိုလျှင် တံခါး အားလုံးပိတ်ကုန်ပြီ။ ကျောင်းဆောင်အတွင်း၌ ဆရာတော်ကြီး တစ်ပါးတည်း သီတင်းသုံးတော့သည်။စင်္ကြံလျှောက်သည်။ တရားထိုင်သည်။ အချိန်ပြည့် တရားနှလုံးသွင်းသည်။စင်္ကြံလျှောက် ရာတွင်လည်း ဖယောင်းပုဆိုးပေါ်တွင် ခြေရာတွေ နစ်ဝင်သည် အထိ လျှောက်တော်မူခဲ့သည်။ ထူးခြားသည်မှာ ဖယောင်း ပုဆိုးပေါ်တွင် ပထမပိုင်း နစ်ဝင်နေသည့် ခြေရာများဘေးတွင် နောက်ထပ် ခြေရာသစ်များ ဘေးမှထပ်၍ ပေါ်မလာခြင်းပင်။ ဆိုရလျှင် ဆရာတော်ကြီးသည် ကျောင်းတိုက် အတွင်း၌ စင်္ကြံကြ သည့်အခါ နောက်ထပ် အသစ်ချသည့်ခြေရာများအား ယခင်ခြေရာ





နှင့် တစ်ထပ်တည်းကျအောင် ချလျက် စင်္ကြံကြွသွားတော်မူ ခဲ့ခြင်း ဖြစ်ပါသည်။ ဤအကြောင်းကို ဆရာတော်ကြီး၏ အနီးကပ် တပည့်ဖြစ်သူ ဓမ္မာစရိယဘွဲ့ရ အရှင်နန္ဒက ပြောကြား၍ သိခဲ့ ရခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီး လွန်တော်မမူခင် ၃-၄နှစ်အတွင်း၌ မြန်အောင်မြို့ အနီးရှိ နှောကုန်းကျေးရွာ၌ ထူးခြားသော ဘုရား ရုပ်ပွားတော်တစ်ဆူနှင့် အတူ မပုပ်မသိုးသော (ယခုတိုင် ရုပ်ကလာပ်ထားရှိဆဲ) ဆရာတော်တစ်ပါး ပေါ်ထွန်းလာသည်။ ထို့ပြင် ထူးကြီးဘုရား၌ မြွေတက်သည်ဟူသောသတင်းကြောင့် ပရိသတ်အများ တရုန်းရုန်းနှင့် သွားရောက်ဖူးမြော်ကြသည် ဟု ဆိုသည်။ ထိုအခါ နန္ဒဝန်ဆရာတော်ကြီး ဦးသာသနက တပည့်ဒကာများအား အမိန့်ရှိတော်မူသည်မှာ -

''အင်း ..စနေနံအစနဲ့ ဘုရားတွေ၊ရွာတွေမှာ အခုတလော ထူးခြားတာတွေ ပေါ်နေတယ်။ နှောကုန်းမှာ မပုပ်မသိုးတဲ့ ဆရာတော်တစ်ပါးတဲ့။ ထူးကြီးရွာ ဘုရားမှာ မြွေတက် တယ်တဲ့၊ အေး ..တို့များ နန္ဒဝန်ဟာလည်း စနေနံအစနဲ့ မဟုတ်လား၊ နန္ဒဝန်လည်း နောက်သုံးလေးနှစ်ကြာရင် ဘာများထူး ဦးမလဲမသိဘူး''

ဆရာတော်ကြီး မိန့်မှာချက်အတိုင်းပင် နောက် ၃ - ၄နှစ် အကြာ အချိန်တိ ကွက်တိ၊ နန္ဒဝန်ကျောင်းတိုက်၌ ထူးခြားမှု တွေ ပေါ်လာရပါတော့သည်။ နန္ဒဝန်ဆရာတော်ကြီးကိုယ်တိုင် လွန်တော်မူသည့်အခါ မပုပ်မသိုး ပျော့ပျောင်း၍ ထူးခြားမှုများ



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရှိလာပါတော့သည်။ဆရာတော်ကြီးသည် အနီးကပ်တပည့် ဒကာများအား အာရုံကျသည့်အချိန်တွင် အမှတ်တမဲ့ သဘောမျိုး စကားပြောတတ်ပါသည်။ သို့သော် ထိုအမှတ်တမဲ့စကားများ သည်ပင်လျှင် ဆရာတော်ကြီး လွန်တော်မူပြီးနောက် ခေတ်တော်များ ကြွင်းကျန်၍ သက်သေပြသည့်အခါ အမှတ်တရများ ဖြစ်လာခဲ့ရပြီတည်း. . . .။

''ဒကာမတွေ ရဟန္တာဆိုပြီး ဘယ်မြို့က ဆရာတော်ကြီး တစ်ပါးကို သွားဖူးကြတယ်ဆို၊ နင်တို့ ရဟန္တာဆိုတာကို တကယ် မြင်ဖူးကြရဲ့လား။ တကယ်တော့ ရဟန္တာဆိုတာ သူလိုကိုယ်လို ပါပဲဟာ၊ ငါတို့လိုပဲ၊ ဒီလို သင်္ကန်းဝတ်၊ ဒီကုဋီတက်၊ ဒီသပိတ် နဲ့ ဆွမ်းဘုဉ်းပေးကြတာပါ။ ဘာမျှ မထူးပါဘူးဟဲ့၊ အထဲက အသိ ဉာဏ်သာ ထူးခြားသွားကြတာပါ''

''အင်း . . . လူတွေ သေကြ၊ ရဟန်းတွေ ပျံလွန်တော် မူကြရင် တယ်ပြီးပုပ်စော်နံကြတာကိုးကွယ့်၊ အလောင်းထမ်းတဲ့ သူတွေကိုတောင် အားနာဖို့ကောင်းတယ်၊လူတွေက ထားလိုက် ပါတော့၊ ရဟန်းတွေဟာ ဘုရားသားတော်အဖြစ် ခံယူပြီးမှ ဘုရားသားတော်အစစ် ဖြစ်ကြဖို့ကောင်းတယ်၊ အင်း . . ရဟန်းဆို တာက ''တာ'' သွားဖို့ကောင်းတယ်၊ ဒါမှ ရဟန်းတာ (ရဟန္တာ) ဖြစ်ကြပေမပေါ့''

''ဟဲ့ . ဒကာမကြီး ဒေါ်ကျင်မွှေး၊ မိုးကုတ်ဆရာတော် ဘုရားကြီးရဲ့ သင်္ကန်းတွေကို ဝေယျာဝစ္စလုပ်တဲ့ အနီးကပ် ဒကာမကြီး ဒေါ်တင်လှက အမြဲလျှော်ပေးရင်း ကုသိုလ်ယူတတ်





တယ် မဟုတ်လား၊ ကဲ . . နင်လည်း ငါ့သင်္ကန်းတွေလျှော်ပေးရင်း ကုသိုလ်ယူချည်ဟဲ့''

နန္ဒဝန်ဆရာတော်ကြီး သက်တော်ထင်ရှားရှိခဲ့စဉ် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးနှင့် နိုင်ငံတော်သံဃမဟာ နာယကများ မုံရွာကျောင်း သိမ်သမုတ်သည့်ကိစ္စဖြင့် နန္ဒဝန် ကျောင်းတိုက်သို့ ကြွလာခဲ့ဖူးသည်ဟုဆို သည်။ နန္ဒဝန်ဆရာတော် ကြီးသည် ဝေဠုဝန်ဂိုဏ်း မဟာနာယက ဖြစ်သဖြင့် သံဃာစင် ပေါ်တွင် အခြားသော ဆရာတော်ဘုရားကြီးများနှင့်အတူ ယှဉ်၍ထိုင်လျက် သီတင်းသုံးနေတော်မူပါသည်။ တပည့်ဒကာ များ၏ အဆိုအရ ဆရာတော်ကြီးသည် သံဃာတော်အရှင် မြတ်များ အလယ်တွင် ထူးထူးခြားခြား အရောင်အဝါများ လင်းထိန် လျက်ရှိသည်ကို ဖူးတွေ့ကြရ ကြောင်း၊ သူလည်း ဖူးတွေ့ရ၊ ငါလည်းဖူးတွေ့ရ၊ အချင်းချင်း အပြန်ပြန် အလှန်လှန် ပြောကြရင်းမှ ဤသည်မှာ ထူးခြားမှုတစ်ခုဖြစ်ကြောင်း၊ ကိုယ့်ဒေသ ကိုယ့်ရပ်ရွာမှ ဆရာတော်ဖြစ်၍ ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည့် သဘောမျိုး မဟုတ်ကြောင်း၊ သဒ္ဓါလွန်၍ ပြောခြင်းမျိုးမဟုတ်ကြောင်း၊ ဆရာ တော် တစ်ပါးတည်း အမြဲဖူးနေရစဉ်က ထူးခြားမှုကို သတိမပြုခဲ့ သော်လည်း အခြားသံဃာတော်များနှင့် ယှဉ်၍ ထိုင်ကာမှ ဆရာတော်ကြီး၏ ထူးခြားသော ကိုယ်ရောင်ကိုယ်ဝါ တောက်ပ လင်းထိန်မှုကို သတိပြုမိပါကြောင်း စသည်ဖြင့် ပြောကြပြန်လေသည်။

မြန်အောင်မြို့တွင်းမှ ဒုလ္လဘ ကိုရင်ကလေးနှစ်ပါးသည်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဆရာတော်ကြီး ကျောင်းတိုက်အတွင်း၌ ဆရာတော်ကြီးနှင့် အတူ(ဆရာတော်ကြီးကမူ အတွင်းခန်းထဲ၌တစ်ပါးတည်း သီတင်း သုံးပါသည်)ကျောင်းအောက်ထပ်၌ ကျိန်းစက်စဉ် ညအချိန် မှောင်မဲမဲနှင့်ရှိသည့်အခါ ဆရာတော်ကြီး၏ အခန်းအတွင်းမှ အလင်းရောင်တွေ ထိန်လင်းလာလိုက်၊ ပြန်ပျောက်သွားလိုက် ဖြစ်နေသဖြင့် သရဲခြောက်သည်ဟုဆိုကာ ကြောက်လန့်၍ ကျောင်းပေါ်မှ ပြေးဆင်းခဲ့သည်အထိ ဖြစ်ခဲ့သည်ဟုလည်း ဆိုပါသည်။

နန္ဒဝန်ကျောင်းတိုက် တံခါးမုခ်ဦးလုပ်ရာတွင် ပန်းရန်ဆရာ များ အလုပ်လုပ်နေခိုက် ဆရာတော်ကြီး ကြွလာပြီး မုခ်ဦးကို မော ကြည့်သောအခါ ဆရာတော်ကြီး၏မျက်လုံးမှ အလင်းရောင် အလင်းတန်းများထွက်နေသဖြင့် အမြင့်တွင်ရောက်နေသော ပန်းရန် ဆရာများက တအံ့တသြဖြင့် ဆရာတော်ကြီးကို လက်ညှိုးထိုးကာ ဘာပြောရမှန်းမသိဖြစ်နေ၍ ဆရာတော်ကြီးက လက်ကာပြပြီး သည်ကိစ္စ မည်သူ့ကိုမျှ မပြောရန် တားမြစ်ကြောင်းကိုလည်း ပန်းရန် သမားပြောပြ၍ သိရပြန်ပါသည်။

မြန်အောင်မြို့အနီး ကျေးရွာတစ်ရွာမှ ဒကာတစ်ဦးသည် တစ်နေ့ တွင် ဆရာတော်ကြီးထံ ကောက်ညှင်းဆန်များထမ်း၍ အမောတကော လာလှူလေသည်။ဆရာတော်ကြီးက အလှူနှင့် ပတ်သက်၍ အကျိုးအကြောင်း မေးရာ၊ ''တပည့်တော် ဆရာတော် ကြီးကို မနေ့ညက သယ်န်းပရိက္ခရာ အပြည့်အစုံနဲ့ တပည့်တော်အိမ် ခြံဝိုင်းအပြင်ဘက် ကောင်းကင်ပေါ်မှာ ဖူးတွေ့ရလို့ ဆရာတော်ကြီး





ပဲဆိုတာ သိရလို့ ကြည်ညိုလွန်းလို့ လာလှူတာပါ''ဟု လျှောက်လာ သည်။ထိုအခါ ဆရာတော်ကြီးက သည်ကိစ္စ မည်သူ့ကိုမျှ မပြော ရန် တားမြစ်တော်မူခဲ့သည်။ သို့သော် အနီးနေ တပည့်ဒကာများ ကမူ ထိုစဉ်ကတည်းက တစွန်းတစ စ ရိပ်မိနေပေပြီ။

ဆရာတော်ကြီးသည် လွန်တော်မမူခင် (၃)ရက်ခန့် အလိုတွင် ထူးခြားသော ကိစ္စတစ်ခုကို ဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော်ကြီး၏ ဒကာရင်းဖြစ်သူ ဦးတင်လှဆိုသူ ကျောင်းသို့ ရောက်ရှိနေခိုက်ဖြစ်သည်။ ဦးတင်လှအား ဆရာတော်ကြီးက ဤသို့ မိန့်တော်မူသည်။

''ဒကာကြီး၊ရဟန်းတွေ ဆရာတော်တွေဟာ ပမာဆောင် ကြဖို့ အရေးကြီးတယ်။ ပျံလွန်တော်မူရင် တပည့်ဒကာတွေက အလောင်းကြီးကို နှာခေါင်းပိတ်ပြီး ထမ်းထမ်းနေကြတာ ငါ ခဏ ခဏ မြင်ဖူးတယ်။ အဲဒါ မကောင်းဘူးကွာ၊ ဒကာ၊ ဒကာမတွေရဲ့ လှူဒါန်းတဲ့ဆွမ်းတွေကို စားပြီး သေတော့လည်း ပုပ်နေတဲ့ အလောင်းတော်ကို ထမ်းရပြန်တာဆိုတော့ ဘာဝနာအလုပ်ကို ထိထိရောက်ရောက် ဖိဖိစီးစီး မလုပ်သွားကြတာ ထင်ရှားနေတယ်။ ငါပျံလွန်ရင်တော့ ပုပ်–မပုပ်၊ နံ–မနံဆိုတာတော့ ငါတော့ မသိနိုင် တော့ဘူး၊ မင်းတို့ပဲ သိရမယ့် ကိစ္စပါ၊ ကဲကဲ ဦးဝါယမိန္ဒ၊ သိမ်ထဲ သွားပြီး ဆီမီးပူဇော်ချေ၊ ငါဘုရားဝတ်ပြုချည်ဦးမယ်''

ဆရာတော်၏ တပည့်ဖြစ်သူ ဦးပဥ္စင်းဦးဝါယမိန္ဒသည် ဆရာ တော်ကြီးနှင့်အတူ အနှစ် (၃၀)နီးပါး ဆရာတော်ကြီးအား အနီးကပ် ဝတ်ဖြည့်ကာ အတူသီတင်းသုံး နေထိုင်ခဲ့သူဖြစ်ပါသည်။



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဦးပဥ္စင်းဦးဝါယမိန္ဒ သည် ဆရာတော်ကြီး အမိန့်ရှိသည့်အတိုင်း ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းတိုက်ခေါင်းရင်းရှိ သိမ်သို့သွားကာ ဘုရားမီးပူဇော်သည်။ ထို့နောက် ဆရာတော်ကြီး ဆုတောင်းဝတ်ဖြည့်နေသည်ကို သိမ်အပေါက်ဝမှ ထိုင်စောင့်နေခဲ့သည်။ ထိုစဉ်က ဆရာတော်ကြီးသည် နောက်ဆုံးဆုတောင်း အဓိဋ္ဌာန်ပြုနေသည်ကို မည်သူမျှမရိပ်မိခဲ့ကြပေ။ (၁၅)မိနစ်ခန့် ဆုတောင်းအဓိဋ္ဌာန်ပြုပြီးသောအခါ ဆရာတော်ကြီးသည် သိမ်အတွင်းမှ ထွက်လာခဲ့သည်။ အပေါက်ဝတွင် ထိုင်စောင့်နေသော တပည့်ဖြစ်သူ ဦးပဥ္စင်း ဦးဝါယမိန္ဒအား ''မင်း ‥ ငါ့ကို ကန်တော့''ဟု ဆိုသည်။ ဦးဝါယမိန္ဒကလည်း ဘာမှန်းမသိ။ ဆရာတော်ကြီး ထူးထူးခြားခြား အမိန့်ရှိသည့်အတွက် သိမ်အပေါက်ဝမှာပင် ထိခြင်းငါးပါးဖြင့် ကန်တော့လိုက်ရလေသည်။ အနီးအနားတွင် တပည့်ဒကာဖြစ်သူ ဦးတင်လှလည်း ရှိနေသဖြင့် ''မင်းလည်း ငါ့ကို ကန်တော့၊ မင်း အမျိုးသမီးလည်း ရိပ်သာဝင်နေတယ် ထင်တယ်၊ ပြီးတော့ သွားပြောချည်ပေါ့၊ ငါရှိတဲ့နေရာဘက်ကို ရည်မှန်းပြီး ကန်တော့ပါလို့''ဟု ဆိုသဖြင့် ဦးတင်လှလည်း ကန်တော့ရလေတော့သည်။ သည်နေ့မှ ဆရာတော်ကြီးသည် အနီးကပ်တပည့်များကို အဘယ်ကြောင့် ထူးထူးခြားခြား ကန်တော့ ခိုင်းနေရသနည်းဟု ဦးတင်လှစဉ်းစားနေမိသည်။

ဆရာတော်ကြီး လွန်တော်မမူခင် တစ်ရက်အလို တရားဟောရာတွင်တော့ အထူးခြားဆုံးဖြစ်သည်။

''ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်မပြုခင်က နောက်ဆုံး





မှာခဲ့တာ ကလေးတို့ သိကြတယ်နော်၊ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ ဆိုတာလေ။သင်္ခါရတရားဟူသမျှ ပျက်စီးခြင်း သဘောရှိတယ်။ မမေ့ကြနဲ့၊ ငါ့သား၊ ငါ့သမီးတို့ ဆိုပြီး ဘုရား နောက်ဆုံးမှာခဲ့တယ်နော်။ အဲဒီဘုရား မှာကြားတဲ့ နောက်ဆုံးစကားကို အလေးအနက်ထားပြီးတော့ နားထောင်ကြနော် ကလေးတို့''

သည်နေ့တွင် ဆရာတော်ကြီးသည် တပည့်ဒကာများအပေါ်၊ ဒကာ၊ ဒကာမတွေဟု မသုံးနှုန်းတော့ဘဲ 'ကလေးတို့' ဟု ပြောင်းလဲသုံးနှုန်း သည်ကို တပည့်ဒကာများ သတိထားမိကြလေသည်။ တရားပွဲပြီးသောအခါ မျက်ရည်လွယ်သူ ဒကာ၊ ဒကာမတို့ ငိုကြလေပြီ။

''ဆရာတော်ကြီးက သည်နေ့မှ ကလေးတို့ ကလေးတို့နဲ့ ဘာဖြစ်လို့ ဘုရားရှင်ရဲ့ နောက်ဆုံးမိန့်မှာစကားကို ဖော်ပြပြီး တရားထဲမှာ ထပ်ကာ ထပ်ကာ ထည့်ဟောနေသလဲ မသိဘူးနော်''

အဖြေကား နောက်တစ်နေ့ နံနက် အရုဏ်တက်ချိန်တွင် ပေါ်ခဲ့လေပြီ။

၁၉၉၂ခုနှစ်၊ ဒီဇင်ဘာလ (၂၈) ရက်။

၁၃၅၄ခုနှစ်၊ ပြာသိုလဆန်း (၅)ရက်၊ တနင်္လာနေ့။ နံနက်။

ဆရာတော်ကြီးအား နေ့စဉ်ပြုနေကျအတိုင်း အရုဏ်ဆွမ်းကို စားပွဲကလေးပေါ်တင်၍ ကပ်ကာ တပည့်ဒကာများသည် မိမိတို့ လုပ်စရာ ရှိသည်ကို လုပ်နေလေသည်။ ထိုအချိန်တွင် ကျောင်းသို့ ဒကာတစ်ဦး ရောက်လာသည်။ ဆရာတော်ကြီးကို ရှာ၏။ ဆွမ်းစားပွဲသာ တွေ့၏။ ဆရာတော် ကြီးကိုကား မတွေ့။ ဆရာ



[http://sagarwarmyae.net/](http://sagarwarmyae.net/) စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



တော်ကြီး ဘယ်သွားနေပါလိမ့်၊ ကုဋီများဝင်နေ သလား၊ အခန်းတွင်း ဝင်နေသလား၊ စဉ်းစား၏။ စဉ်းစားရင်းမှ ဆွမ်းစားစားပွဲလေးကို လှမ်းကြည့်မိပြန်သည်။သည်တော့မှ သက်န်းစနှင့် ခြေထောက်ကို တွေ့ရ၏။ ဆရာတော်ကြီးဆွမ်းစားရင်း လဲကျနေပါပကော။ ဘာများဖြစ်လို့ပါလိမ့်၊ ဆရာတော်ကြီးထံပါးသို့ အပြေးသွားရောက်မိ၏။ ဆရာတော်ကြီးကို ပွေ့ထူလိုက်သောအခါ ဆရာတော်ကြီးကား အသက်မရှိတော့ပေပြီ။





http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သည်တော့မှ အော်ကာ၊ ဟစ်ကာနှင့် ဝေယျာဝစ္စအဖွဲ့များကို ခေါ်ရ၏။ ဆရာတော်ကြီးကို ဆရာတော်ကြီး သီတင်းသုံးရာ ခုတင်ပေါ်သို့ ပွေ့ချီမတင်ကြသည်။ ဆရာတော်ကြီး၏ အသားများကား နူးညံ့ပျော့စိ၍ ရွှေရောင်တွေပင် ဝင်းလက်နေသေးသည်။ ခဏအကြာ မြို့တွင်းမှ ဒကာ၊ ဒကာမများ ရောက်လာကြသည်။ ဆရာဝန်တွေ ရောက်လာကြသည်။ ဆရာတော်ကြီးကို စမ်းသပ်၏။ ဆရာတော်ကြီး အသက်မရှိသည်ကား ထင်ရှားပြီ။ သို့သော် ၃-၄နာရီကြာသွားပြီ ဖြစ်သော်လည်း သေသူတို့၏ ဓမ္မတာအတိုင်း တောင့်ခြင်း၊ တင်းခြင်း၊ အပုပ်နံ့ စထွက်ခြင်း စသည်တို့ မရှိသေးသဖြင့် ဆေးပညာအရပင် အဆုံးဖြတ်ရ ခက်နေသည်ဟု ဆိုသည်။ မြို့နေ သံဃာတော်အချို့ ရောက်လာကြသည်။ အချို့ဆရာတော်တွေက ဆရာတော်ကြီး ပျံလွန်တော်မူတာ မဖြစ်နိုင်သေး၊ မျောနေတာဖြစ်မယ်၊ အခေါင်းထဲမသွင်းဘဲ ဒီအတိုင်းထားကြဦးဟု မိန့်တော်မူသည်။

သို့သော် ဆရာတော်ကြီးကား အပြီးတိုင် ခန္ဓာဝန်ချတော်မူခဲ့ပြီတည်း။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်။

ရက်တွေ ကြာလာသည်။ ဆေးပညာရှင်တွေက သေခဲ့ပြီဟု ဆုံးဖြတ်ချက်ချကြသည်။သို့သော်လည်း သေသူ၏ ပုံစံမျိုးမဟုတ်သေးသဖြင့် မရဲတရဲ ဖြစ်နေသေးသည်။ ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်အား လာရောက်ဖူးမြော်ကြ၏။ နန္ဒဝန်ကျောင်းတိုက်ကြီးကား စည်ကားနေလေပြီ။





ဆရာတော်ကြီး၏ ရုပ်ကလာပ်အား မပုပ်ရန်ဟုဆိုကာ ဆေးရည် သွင်းကြသောအခါ သွေးစိမ်းတွေ ပန်းထွက်သဖြင့် ရပ်လိုက်ရသည်။ ဆေးဆက်၍ မသွင်းဖြစ်တော့။ သည်အတိုင်း ထားလိုက်ရတော့သည်။ ဆရာတော် ကြီး ရုပ်ကလာပ်တော် မည်သည့်နေရာကမျှ အပုပ်နံ့ တစိုးတစဉ်းမျှ မထွက်ပါပေ။ ဆရာတော်ကြီး၏ တပည့်ဒကာ အချို့ပင်လျှင် ပရိသတ်ရှေ့၌ ဆရာတော်ကြီး၏ ပါးစပ်အား ဟကာ နမ်းပြနေပါသေးသည်။ ဆရာတော်ကြီးအား ရုပ်ကလာပ်အတိုင်း ထားခဲ့သည်။ (၉)ရက်ကာလအတွင်း အိပ်နေသည့်အတိုင်း ဣန္ဒြေဖောက်ပြန် ပျက်ယွင်းခြင်းမရှိသည်ကိုလည်းကောင်း၊ အကောင်းပကတိအတိုင်း အသားအရေများ ဝါဝင်းလျက်ရှိသည်ကို လည်းကောင်း၊ ခြေ၊ လက်၊ ခေါင်း၊ ခါးစသော ကိုယ်အင်္ဂါ အစိတ်အပိုင်းအားလုံး၊ လူကောင်းပကတိအတိုင်း ပျော့ပျောင်းပျောင်း ရှိသည်ကိုလည်းကောင်း၊ဆရာတော်ကြီး ရုပ်ကလာပ်တော်တင်ထားရာ အိပ်ရာခင်းမှာ တစ်စုံတစ်ရာ ညစ်ပေခြင်းမရှိသည်ကို လည်းကောင်း၊ မသေသေးသော ပုဂ္ဂိုလ်များအား ဆောင်ရွက်၍ ရသည့်အတိုင်း ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို တရားထိုင်သည့်ပုံ ပြုလုပ်သည့်အခါ တင်ပျဉ်ခွေထိုင်၍ လိုသလိုပြုပြင်၍ ထိုင်၍ရသည်ကိုလည်းကောင်း၊ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်မှ ကြာညိုနံ့များပင် သင်းနေသည်ကိုလည်းကောင်း၊ လာရောက် ဖူးမြော်ကြသူ ရဟန်း၊ ရှင်၊ ဒကာ၊ ဒကာမများအားလုံး မျက်မြင် ကိုယ်တွေ့ပင်ဖြစ်ပါသည်။ ဤသည်ကိုလည်း ဆရာတော်ကြီး၏ တပည့်များက ဗွီဒီယို၊ ဓာတ်ပုံများဖြင့် မှတ်တမ်းတင်ထား



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



သည့်အတွက် သမိုင်းကြောင်း အထောက်အထား သက်သေသာဓကအဖြစ် ကျန်ရှိနေခြင်းကား အားရဖွယ် ကောင်းလှပေစွ။ (ကျွန်တော်ပင်လျှင် မှတ်တမ်းဗွီဒီယိုခွေမှတစ်ဆင့် ဆရာတော်ကြီး၏ သက်ရှိထင်ရှားပုံတော်ကိုလည်းကောင်း၊ ဈာပနမှတ်တမ်းကိုလည်းကောင်း၊ ဓာတ်တော်များကိုလည်းကောင်း ဖူးမြော်ကြည်ညိုခွင့် ရခဲ့ပါသေးသည်။)

တစ်နေ့ပြီးတစ်နေ့ ဖူးမြော်ကြည်ညိုသူ များလှသဖြင့် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို မီးသဂြိုဟ်ဖို့ မူလလျာထားသတ်မှတ်သည့် (၇)ရက်ပင် ကျော်ခဲ့ပေပြီ။ ထုံးစံအတိုင်း သဒ္ဓါလွန်သူတို့က မီးသဂြိုဟ်ခြင်း မပြုကြရန် တားမြစ်မှုတွေ ရှိလာခဲ့သည်။ ကြာလျှင် ဂိုဏ်းဂဏတွေ ဝင်လာတော့မည်။ သို့နှင့် ဈာပနကော်မတီသည် (၉)ရက်မြောက်နေ့တွင် မီးသဂြိုဟ်ရန် စီမံဆောင်ရွက်ရတော့သည်။ ရုပ်ကလာပ်တော်ကို မှန်ခေါင်းတွင်းသို့ သွင်းခါနီးတွင် ပရိသတ်အား တရားထိုင်သည့်ပုံ ထက်ဝယ်ဖွဲ့ခွေနေတော်မူပြခဲ့သည်။ ထိုမြင်ကွင်းဓာတ်ပုံကား ဆရာတော်ကြီး၏ နောက်ဆုံးပုံတော်ပင်တည်း။

ဥတုဇရုပ်ကလာပ်အား မြို့အတွင်း ကရဝိက်ဖောင်တော်ယာဉ်ဖြင့် လှည့်လည်သည့်အခါ၌လည်း မြန်အောင်မြို့သူ မြို့သားများနှင့် ရပ်ဝေးရပ်နီး ဒကာ၊ဒကာမများသည် တစ်မြို့လုံးရှိ လမ်းများအပြည့် အုန်းအုန်းကျွက်ကျွက်နှင့် စည်ကားလှသည်။ ရုပ်ကလာပ်အား မီးသဂြိုဟ် ပြာချခါနီး၌ပင်လျှင် အများသူငါ သိစေရန်အတွက် မှန်ခေါင်းအတွင်းမှနေ၍ ဆရာတော်ကြီး၏





ခြေတော်လက်တော်တို့ကို တပည့်ဒကာများက ထုတ်မြှောက်ပြခဲ့သေးသည်။ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်အား မီးသဂြိုဟ်ရာတွင် တွေ့ရသော မြင်ကွင်းအား ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သူ အရှင်နန္ဒက (ဓမ္မာစရိယ)က ဤသို့ လင်္ကာစပ်ဆိုတော်မူခဲ့သည် –

**“လေးတိုင်သံစင်၊ နှံ့သာတင်လျက်**
**မီးများတောဓာ၊ ပူဇော်ရာတွင်**
**ကုန်းပင်မလာ၊ လန့်စရာမပြု**
**ခြေဖျားစုမှု၊ ကျော်မှုမပါ**
**အစဉ်သာဖြင့်၊ လောင်စာတင့်၍**
**ညှော်ခွင့်မသာ၊ နံ့ခွင့်မပေး**
**ညစ်ကြေးမနှော၊ ဖြူဖွေးသောအား**
**ခိုးငွေ့များဖြင့်၊ ပြန့်ကားမလွင့်**
**အထက်ဆင့်သို့၊ စွင့်ကာလွင့်ကာ**
**မြင့်တက်လာသည်၊ သူငါကြည့်ရှု**
**အများစုပင်၊ မျက်ဝါးထင်ထင်**
**တွေ့မြင်ခဲ့ရ၊ (မြတ်ဆရာ၏) အန္တိမဈာပန”**

ဆရာတော်ကြီး၏ ဈာပနမြင်ကွင်းကား တစ်ဆင့်စကားတစ်ဆင့်နားဖြင့် မြို့နယ်ကျေးရွာအနှံ့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသောအခါ ဆရာတော် ကြီး၏ တေဇောဓာတ်လောင်ကျွမ်းရာ ကွင်းပြင်ဆီ၌ တစ်နေ့တခြား လူအုပ်ကြီးများ ပိုမိုများပြားလာတော့သည်။ ဈာပနကော်မတီက ထိန်းမနိုင် သည့်အတွက် မီးသတ်နှင့်



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ရဲတပ်ဖွဲ့တို့ ဝင်ထိန်းရပြန်သည်။ သို့သော်မရ။ လူအုပ်ကြီးသည် ဓာတ်တော်ကို အတင်းဝင်လုမည်ကဲ့သို့ ဖြစ်နေသဖြင့် ဒေသခံ တပ်ရင်းမှ တပ်မတော်သားများက လုံခြုံရေးတာဝန်ကို ဝင်ရောက် ယူရတော့သည်။ အစောင့်တွေ စနစ်တကျ ချထားရ၏။ ရုပ်ကလာပ် တော် မီးသဂြိုဟ်သောနေရာကို သော့တွေ အထပ်ထပ်ခတ်ရ တော့သည်။နောက်ဆုံး မီးပုံထဲတွင် (၁၁)ရက်ကြာ ထားပြီး သောအခါ၌ ဈာပနကော်မတီက ကြွင်းကျန်ရစ်သော ပြာများကို စနစ်တကျ ကောက်ယူသိမ်းဆည်း၏။ ဤမှာတွင် ပြာပုံထဲ၌ ဆရာတော်ကြီး၏ သွားတော်များ မီးမလောင်သည်ကို တွေ့ရပြန်သည်။ အခြား အရိုးတော်များကား ပြာကျကုန်ပေပြီ။ မိုးကုတ် ဆရာတော်ဘုရားကြီးက မျက်လုံးတော်များ မီးမခဘဲ ကျန်ရစ်ခဲ့သည်ကို ကြုံခဲ့ကြရပြီ။ ယခု မြန်အောင် နန္ဒဝန် ဆရာတော်ဘုရားကြီးကား သွားတော်များ မီးမလောင်ကျွမ်း သည်ကို တွေ့ကြရလေပြီ။

ဈာပနကော်မတီသည် ဓာတ်ပြာတော်များကို နန္ဒဝန် ကျောင်းတိုက်သို့ ပြန်ယူလာခဲ့ပြီး ဇကာများဖြင့် အဆင့်ဆင့်စစ် ချသောအခါ ဓာတ်တော်သေး၊ ငယ်၊ လတ် များစွာရရှိသည်ဟု ဆိုသည်။ ထိုဓာတ်တော်များကို ယခုအခါ ကျောင်းတိုက်ဝင်း အတွင်း၌ပင် တပည့်ဒကာများ၏ စုပေါင်း အလှူငွေများဖြင့် ဓာတ် တော်တိုက် ဆောက်လုပ်လှူဒါန်းကာ ပြတိုက်အဖြစ် သိမ်းဆည်း ထားရစ်လေပြီ။ (အဆိုပါဓာတ်တော်ပြတိုက်အား မြန်အောင်မြို့၊ နန္ဒဝန် ကျောင်းတိုက်ကြီးအတွင်း၌ ပူဇော်ထားရှိလေရာ ရဟန်းရှင်





လူ ပြည်သူ အများ မည်သူမဆို အချိန်မရွေးသွားရောက်ကြည်ညို သဒ္ဓါပွားများနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။)

မြန်အောင် နန္ဒဝန်ဆရာတော်ဘုရားကြီးသည် လွန်တော် မမူခင်က ပြောခဲ့သော အရိပ်အမြွက်စကားများအတိုင်း ခန္ဓာဝန် ချလေသောအခါ ထူးခြားမှုများဖြင့် သက်သေပြ၍ သွားခဲ့ပေပြီ။

(၈)

မြန်အောင်မြို့၊ နန္ဒဝန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ စခန်း (၁၀)ရက်ကား ၂၅-၂-၂၀၀၁ခုနှစ်တွင် ပြီးဆုံးခဲ့ပြီဖြစ်သည်။ တရားစခန်း ပြီးသော်လည်း ကျွန်တော့်မှာ ရန်ကုန်သို့ ချက်ချင်း မပြန်နိုင်သေး။ မူလ ကတိကဝတ်ရှိသည့် လေးမျက်နှာ မဟာစည် ဆရာတော် ဦးပညိန္ဒာဘိဝံသ၏ မဟာစည်ရိပ်သာအတွင်း၌ ၂၆-၂-၂၀၀၁ရက်နေ့ ညတွင် ဟောပြောပွဲ ကျင်းပခဲ့ရပါသေးသည်။ ထိုနေ့မတိုင်မီ ၂၅-၂-၂၀၀၁ရက်နေ့ည တရား စခန်းသိမ်းပွဲ၌လည်း မိုးကုတ်ရိပ်သာ ယောဂီများအား ကျွန်တော်သိခဲ့ရသော မြန်အောင် ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်များကို ဖော်ကျူးလှစ်ဟရင်းမှ ကျောင်းတိုက်အတွင်း၌ ပျက်စီးလျက်ရှိနေသော ဆရာတော်ဘုရား ကြီး နောက်ဆုံးအဓိဋ္ဌာန်ပြုခဲ့ရာ သိမ်တော်ကြီးကို ပြုပြင်ဖို့ တိုက် တွန်းနှိုးဆော် ခဲ့ရပါသေးသည်။ ထိုသို့ တိုက်တွန်းနှိုးဆော်ရင်းမှ မတည်အလှူတော်ငွေအဖြစ် ငွေကျပ်တစ်သိန်းကိုလည်း ထည့် ဝင်ကာ ဆုတောင်း အဓိဋ္ဌာန်ပြုခဲ့ပါ သေးသည်။

‘‘ဤသို့ တိုက်တွန်းနှိုးဆော်၊ အလှူဒါနပြုရသော အကျိုး



http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ကြောင့် လည်းကောင်း၊ မိုးကုတ်ဆရာတော်ဘုရားကြီးနှင့် နန္ဒဝန် ဆရာတော် ဘုရား ကြီးတို့၏ ဂုဏ်ကျေးဇူးကို ရေးသားပူဇော်ရသော အကျိုးများကြောင့် လည်းကောင်း၊ တပည့်တော်သည် ဆရာတော် ကြီးများကဲ့သို့ **အသေမဦးခင် ဉာဏ်ဦးနိုင်သော** ပုဂ္ဂိုလ်ဖြစ်ရပါလို ၏ အရှင်ဘုရား''

သို့သော် ဆုတောင်းနေရုံနှင့် မပြီး။ မသေမချင်း သတိပဋ္ဌာန် ဘာဝနာအလုပ်ကို မပြတ်လုပ်နေရဦးမည်ဆိုတာကိုလည်း ကျွန်တော့်ကိုယ် ကျွန်တော် နားလည်နေမိပါတော့သည်။

**၉-၉-၂၀၀၁**

(ဤစာစုဖြင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာ တော်ဘုရားကြီး ဦးဝိမလ၏ ဉာဏ်တော်၊ ဂုဏ်တော်များအား လည်းကောင်း၊ မြန်အောင် နန္ဒဝန်ဆရာတော်ဘုရားကြီး ဦးသာသန ၏ ဉာဏ်တော်၊ ဂုဏ်တော်များအား လည်းကောင်း ပူဇော်ကန်တော့ လိုက်ရပါသည်။)

**စာရေးသူ**






http://sagarwarmyae.net/ စကားဝါမြေမှ မိတ်ဆွေအားလုံးကို ဖိတ်ခေါ်ပါတယ် ခင်ဗျာ။